# ကြေးမုံ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


**ကုသိုလ်ကောင်းမှု နေ့စဉ်ပြု**

လိမ္မာသော ပန်းသည်သည် အထူးထူးအပြားပြား များစွာသော ပန်းပွင့်အပေါင်းမှ ပန်းကုံးများစွာတို့ကို ပြုရာသကဲ့သို့ (လိမ္မာသော) သူသည် ဥစ္စာတည်းဟူသော ပန်း၊ သဒ္ဓါတရားတည်းဟူသော ပန်းအစုမှ ကျောင်း၊ သင်္ကန်း၊ ဆွမ်း၊ ဆေးစသော များစွာသော ကုသိုလ်ကောင်းမှုတည်းဟူသော ပန်းကုံးတို့ကို ပြုရာ၏။ ပုပ္ဖဝဂ်(ဓမ္မပဒ-၅၃)


၁၃၈၇ ခုနှစ်၊ တန်ခူးလဆန်း ၁ ရက် ဗုဒ္ဓဟူးနေ့။ Wednesday, 18 March 2026 ၁၂၁၂၅


## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ် မြှင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# ၂၀၂၅-၂၀၂၆ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်စွာကျင်းပပြီးစီး ကျောင်းသား ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာဖြေဆိုခဲ့ကြ

ရန်ကုန် မတ် ၁၇

၂၀၂၅-၂၀၂၆ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး တက္ကသိုလ်ဝင်စာမေးပွဲကို ယနေ့နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ဆက်လက်ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးအတွင်း ခရိုင် ၁၄ ခုမှ မြို့နယ် ၄၅ မြို့နယ်ရှိ စာစစ်ဌာန ၁၁၁ ခု တွင် စာစစ်ဌာန ၁၀၇ ခု၌ တက္ကသိုလ်ဝင်စာမေးပွဲ၏ သိပ္ပံ/ဝိဇ္ဇာဘာသာရပ်များ နောက်ဆုံးဖြေဆိုမှုအဖြစ် ဇီဝဗေဒ၊ ဘောဂဗေဒဘာသာရပ်တို့ကို ကျောင်းသား ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ဖြေဆိုခဲ့ကြသည်။

စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး တက္ကသိုလ်ဝင်စာမေးပွဲတွင် စက်မှုအတတ်ပညာဘာသာတွဲ၌ လက်သမားအတတ်ပညာနှင့် သစ်သားလုပ်ငန်း၊ စက်မှုလက်မှုသုံး လျှပ်စစ်မော်တာထိန်းချုပ်မှုနှင့် စက်ခုတ်စားမှုနည်းပညာ၊ စိုက်ပျိုးရေးအတတ်ပညာဘာသာတွဲ၌ လူမှုရေးသိပ္ပံနှင့် မွေးမြူရေး

စာမျက်နှာ ၃ ကော်လံ ၁ သို့ ✳





အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်း ဗိုလ်တထောင်စာစစ်ဌာန၌ တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုပြီးနောက် ပြန်လည်ထွက်ခွာလာသည့် ကျောင်းသားများကို တွေ့ရစဉ်။

**ယနေ့ ဖတ်စရာ**


မြန်မာနိုင်ငံကူးလက်မှတ်ဆိုင်ရာ ဥပဒေပြဋ္ဌာန်း စာမျက်နှာ » ၄

လေထုအရည်အသွေးကောင်းမွန်ဖို့ အားလုံးဝိုင်းဝန်းဆောင်ရွက်စို့ ဆောင်းပါး စာမျက်နှာ » ၇

ကမ္ဘာမှာ မြန်မာဆိုတဲ့ မြေပုံလေး ထာဝရ တည်မြဲနေစေဖို့ …… ဆောင်းပါး စာမျက်နှာ » ၁၀





ကြေးမုံ

# နိုင်ငံအနာဂတ်ကောင်းမွန်ရေး အားလုံးပါဝင်ဆောင်ရွက်ပေး

ရွေးကောက်ခံ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် နိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးကဏ္ဍများအား အမြင်ကျယ်ကျယ်ရှုမြင်ပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပါဝင်ထမ်းရွက်နိုင်ရန် လွှတ်တော်များတွင် စတင်ဆောင်ရွက်နေပြီဖြစ်သည်။ နိုင်ငံတော်၏ စီးပွားရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပို့ကုန်/သွင်းကုန်ကဏ္ဍ၊ ကုန်သွယ်ရေးကဏ္ဍများတွင် ဥပဒေများရေးဆွဲကြသည့်အခါ ချဉ်းကပ်ဆောင်ရွက်ရမည့်နည်းလမ်းများနှင့် ထိရောက်သည့်ဥပဒေများ ရေးဆွဲပြဋ္ဌာန်းနိုင်ရန်၊ စီးပွားရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စဉ်းစားဆောင်ရွက်သင့်သည့်အချက်အလက်များ၊ နိုင်ငံတကာတွင်ကျင့်သုံးနေသည့် အချက်အလက်များကိုသိရှိနိုင်ရန်၊ အစိုးရသစ်လုပ်ငန်းများဆောင်ရွက်ရာတွင် အဆင်ပြေချောမွေ့စေရန် ရည်ရွယ်ချက်များဖြင့် လွှတ်တော်လုပ်ငန်းစဉ်များနှင့်အညီ ဆောင်ရွက်နေကြပြီဖြစ်သည်။

နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးတို့အပြင် လူသားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အခြေခံအဆောက်အအုံ (Infrastructure) ဖွံ့ဖြိုးတိုးတက်ရေးတို့ကို မလွဲမသွေ ဆောင်ရွက်ကြရမည်ဖြစ်သည်။ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၏ အဓိကအားနည်းချက်သည် စီးပွားရေးကို မောင်းနှင်လုပ်ဆောင်နိုင်မည့် အတတ်ပညာရှင်များ အားနည်းခဲ့ခြင်းကြောင့်ဖြစ်သည်ကို တွေ့ရမည်ဖြစ်သည်။ အတတ်ပညာဆိုသည်မှာ အတန်းပညာကိုအခြေခံပြီး ဆောင်ရွက်ရခြင်းဖြစ်၍ ဆောင်ရွက်နေသည့် လွှတ်တော်အသီးသီးနှင့် အစိုးရသစ်အနေဖြင့် အနာဂတ်မျိုးဆက်သစ် လူငယ်လူရွယ်များအတွက် ပညာရေးကို ဆက်လက်အားပေးမြှင့်တင် ဆောင်ရွက်ကြမည်ဟု ယုံကြည်သည်။

အခြေခံအဆောက်အအုံများဖြစ်သည့် လျှပ်စစ်ဓာတ်အားထုတ်လုပ်မှု၊ လမ်းပန်းဆက်သွယ်ရေးနှင့် ဒေသတစ်ခုနှင့်တစ်ခု ကွန်ရက်ချိတ်ဆက်နိုင်မှု၊ ဒစ်ဂျစ်တယ်ဆက်သွယ်ရေးစနစ် အားကောင်းမှုတို့သည် နိုင်ငံ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ ကုန်ထုတ်လုပ်မှုနှင့် ရောင်းဝယ်ဖောက်ကားမှုတိုးတက်ရေးအတွက် အဓိကကျသည့် လိုအပ်ချက်များဖြစ်သည်။ ယင်းတို့ကို ပိုမိုတိုးတက်ကောင်းမွန်စေရန် နိုင်ငံတော်အစိုးရတစ်ရပ်တည်းက ဆောင်ရွက်၍ အလုံးစုံမရနိုင်ဘဲ ဒေသခံပြည်သူများ၊ အဖွဲ့အစည်းများနှင့် လွှတ်တော်ကိုယ်စားလှယ်အားလုံးက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်သည်။ အခြေခံအဆောက်အအုံများကို အစိုးရကတည်ဆောက်အကောင်အထည်ဖော်ပေးရမည်ဖြစ်သလို ထိုအဆောက်အအုံများ မပျက်စီး၊ မပျောက်ပျက်အောင်၊ မသမာသူများ မဖျက်ဆီးနိုင်အောင် ဝိုင်းဝန်းထိန်းသိမ်းပေးရန် လိုအပ်သည်။

မြန်မာနိုင်ငံသည် စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စီးပွားရေးကို အဓိကထားဆောင်ရွက်နေသဖြင့် စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်း (Agro-base Industries) ကို မဖြစ်မနေအကောင်အထည်ဖော် ဆောင်ရွက်ရန်လိုသည်။ အလားတူ ဖွံ့ဖြိုးတိုးတက်နေသည့် ခေတ်နှင့်အညီ နည်းပညာများဖွံ့ဖြိုးတိုးတက်ရေးကိုလည်း အားပေးဆောင်ရွက်လျက်ရှိသည်။ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်း (Agro-base Industries) ဆောင်ရွက်ရာတွင် အထောက်အကူဖြစ်စေရန်အတွက် စက်မှုကုန်ကြမ်းသီးနှံများ ပိုမိုစိုက်ပျိုးထုတ်လုပ်ရန်လိုသည်။ ယင်းတို့တွင် ဝါသီးနှံစိုက်ပျိုးခြင်းဖြင့် ဝါမှ ဝါဂွမ်း၊ ချည်နှင့် အထည်အလိပ်များထုတ်လုပ်နိုင်ပြီး စက်မှုကုန်ထုတ်လုပ်ငန်းများကို များစွာအထောက်အကူပြုနိုင်သည်။

မြန်မာနိုင်ငံတွင် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME) ကုန်ထုတ်လုပ်ငန်းများ ဆောင်ရွက်ရာတွင် စားသောက်ကုန်များကိုသာမက အခြားပြည်တွင်းသုံး ပြည်ပအစားထိုးထုတ်ကုန်များနှင့် ပြည်ပပို့ကုန်များကို ထုတ်လုပ်နိုင်ရန်လိုသည်။ ထိုသို့ဆောင်ရွက်ခြင်းဖြင့် နိုင်ငံခြားငွေသုံးစွဲမှုကို လျှော့ချနိုင်ပြီး နိုင်ငံတော်အတွက် နိုင်ငံခြားဝင်ငွေရရှိမည်ဖြစ်သည်။ ပြည်ပပို့ကုန်များ တင်ပို့ခြင်းမှ နိုင်ငံခြားငွေများရရှိမှသာ နိုင်ငံ၏စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။ နိုင်ငံ့စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံအတွင်း နေထိုင်ကြသူများအားလုံးက အမှန်တကယ်အလုပ်လုပ်ကြရန်လိုပြီး ပြည်သူ့ကိုယ်စားလှယ်များက ဦးဆောင်လမ်းပြဆောင်ရွက်ကြရမည်ဖြစ်သည်။ အသုံးနှင့်အဖြုန်းကို ခွဲခြားနားလည်ပြီး တစ်ဦးချင်းမှအစ ခြိုးခြံချွေတာသုံးစွဲခြင်းဖြင့် နိုင်ငံ၏ ငွေကြေးသုံးစွဲမှုများကို လျှော့ချနိုင်ပြီး နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုမည်ဖြစ်သည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံ၏ အဓိကစီးပွားရေးဖြစ်သည့် စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများ၊ အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ရေရှည်တည်တံ့ခိုင်မြဲပြီး ခေတ်မီတိုးတက်လာရေးအတွက် ပြည်သူ့ကိုယ်စားလှယ်များ၏ ဦးဆောင်လမ်းပြမှုများ၊ တိုးတက်ကောင်းမွန်သည့် အကြံဉာဏ်များဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်သစ်ကြီး ဖြစ်ပေါ်လာအောင် အားလုံးပါဝင် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။ ။

## ၂၀၂၆ ခုနှစ်၊ (၈၁)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်များ

(က) အမျိုးသားရေးမူဝါဒဖြစ်သော ဒို့တာဝန်အရေး (၃) ပါးကို ကာကွယ်စောင့်ရှောက်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေပါ အခြေခံမူများနှင့်အညီ ဒီမိုကရေစီလမ်းကြောင်းမှ သွေဖည်ယိမ်းယိုင်မသွားရေးတို့အတွက် နိုင်ငံတော်၏ အမျိုးသားနိုင်ငံရေးဦးဆောင်မှု အခန်းကဏ္ဍ၌ တပ်မတော်က ပါဝင်ထမ်းဆောင်ရေး။

( ခ ) နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် နိုင်ငံတော်အစိုးရ၊ ပြည်သူလူထုနှင့်အတူ လက်တွဲပြီး ကျရာကဏ္ဍအသီးသီးမှ ကြိုးပမ်းဆောင်ရွက်ရေး။

( ဂ ) စစ်မှန်ပြီးစည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီလမ်းကြောင်းကို လျှောက်လှမ်းရာတွင် လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းရေးသည် ပကတိလိုအပ်ချက်ဖြစ်သည့်အတွက် တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေး ဆောင်ရွက်ရာတွင် ဒို့တာဝန် အရေး(၃)ပါးကို မသွေဖည်ဘဲ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (NCA) ပါသဘောတူညီချက်များအပေါ် အခြေခံ၍ ဖြစ်နိုင်သမျှအလေးထားဆောင်ရွက်ရေး။

(ဃ) တပ်မတော်ကို Standard Army ဖြစ်စေရေး တည်ဆောက်ရာတွင် လေ့လာ၊ လေ့ကျင့်၊ လိုက်နာဆိုသည့် တပ်မတော်၏ လုပ်ငန်းစဉ်နှင့်အညီ စွမ်းရည်(၃)ရပ် မြင့်မားစေရေးနှင့် ခေတ်မီနည်းပညာများအား ထိရောက်စွာ အသုံးပြုတတ်စေရေး စဉ်ဆက်မပြတ်တိုးတက်အောင် ဆောင်ရွက်ရေး။

## ပြည်သူ့ကြားက ပြည်သူ့စကား အစီအစဉ် ထုတ်လွှင့်မည်

နေပြည်တော် မတ် ၁၇

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများအား သဇင် FM ၏ **"ပြည်သူ့ကြားက ပြည်သူ့စကား"** အစီအစဉ်မှ **"ရွေးကောက်ပွဲပြီးလို့ လွှတ်တော်ပေါ် အာဏာလွှဲဖို့လုပ်နေချိန်မှာ ဘာလုပ်ရမှန်းမသိ ကြောင်ပျောက်နေတဲ့ NUG၊ PDF"** ခေါင်းစဉ်ဖြင့် မတ် ၁၈ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။

အလားတူ လာမည့်အပတ် မတ် ၂၅ ရက် မွန်းလွဲ ၁ နာရီတွင် **"ဆင်ခြင်တုံတရားမဲ့စွာ လူမဆန်တဲ့လုပ်ရပ်နဲ့ ပြည်သူအပေါ် ပစ်ခတ်သတ်ဖြတ်ခဲ့တဲ့ အကြမ်းဖက် PDF"** ခေါင်းစဉ်ဖြင့် ဆက်လက်ဆွေးနွေး တင်ဆက်မည်ဖြစ်သည်။ အထက်ပါ အစီအစဉ်အား အပတ်စဉ်ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့တိုင်း နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## ၁၇ - ၃ -၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ** ငွေကျပ် ၇၁၀၀၀၀၀ ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၁၇ - ၃ - ၂၀၂၆

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၂,၅၀၀ | ၁၂,၅၀၀ | ၁,၂၁၀ | ၁၅,၆၂၀,၀၀၀ |
| MTSH | ၆,၃၀၀ | ၆,၄၀၀ | ၈၂၄ | ၅,၂၁၆,၉၀၀ |
| MCB | ၈,၆၀၀ | ၈,၆၀၀ | ၀ | ၀ |
| FPB | ၃,၆၅၀ | ၃,၆၅၀ | ၁၀,၇၀၄ | ၄၀,၆၆၂,၇၅၀ |
| TMH | ၃,၃၅၀ | ၃,၂၅၀ | ၁၇၅ | ၅၈၄,၇၅၀ |
| EFR | ၁,၇၀၀ | ၁,၇၅၀ | ၅,၃၁၉ | ၉,၁၃၇,၉၅၀ |
| AMATA | ၃,၉၀၀ | ၃,၉၅၀ | ၄၃၆ | ၁,၇၂၄,၅၅၀ |
| MAEX | ၃,၆၀၀ | ၃,၆၀၀ | ၂,၃၇၉ | ၈,၅၆၇,၆၅၀ |
| MADPL(PLB) | ၃,၁၀၀ | ၃,၂၀၀ | ၂,၂၇၈ | ၇,၁၇၄,၈၀၀ |
| ASPGB(PLB) | ၃၉,၅၀၀ | ၃၉,၅၀၀ | ၁၆၆ | ၆,၅၈၅,၀၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဝင်းနိုင်
စာတည်းမှူး - အေဝမ်းစိုး
စာတည်းများ - စန်းအောင်၊ ခင်ခင်သက်၊ ယုဝါဝါ၊ သီသီမင်း၊ ဟိန်းထက်လင်း၊ သက်ထွေး၊ စန်းယဉ်ဥ၊ နိုင်လင်းကြည်
ဘာသာပြန် - အောင်ကျော်ကျော်၊ စိုးသူရ
အကြီးတန်း သတင်းထောက်များ - စိုးအောင်၊ ခင်မို့မို့အောင်၊ ခင်မျိုးနိုင်၊ မာမာစိုး၊ ခိုင်သန္တာရွှေ၊ ခင်ယုဆွေ၊ အိအိမွန်
အငယ်တန်း သတင်းထောက်များ - အောင်ကျော်ဦး၊ သန်းတင်အောင် ခင်သက်မွန်၊ မြသီတာ
သုတေသန - ဇင်မာဝင့်
စာပြင် - ခင်နှင်းယုနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - နီလာစိုးနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - စိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
themirror.npt@gmail.com
https://www.moi.gov.mm/km

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၂၅
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချီရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# နိုင်ငံခြားရေးဝန်ကြီးဌာန (၇၉)နှစ်မြောက် နှစ်ပတ်လည်နေ့တွင် အရှုဏ်ဆွမ်းဆက်ကပ်လှူဒါန်း၍ အထိမ်းအမှတ်အခမ်းအနားများ ကျင်းပ

နေပြည်တော် မတ် ၁၇

၂၀၂၆ ခုနှစ် မတ်လ ၁၇ ရက်တွင် ကျရောက်သည့် နိုင်ငံခြားရေးဝန်ကြီးဌာန၏ (၇၉)နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ် အခမ်းအနားများကို နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ အပိုင်း သုံးပိုင်းခွဲ၍ စည်ကားသိုက်မြိုက်စွာကျင်းပရာ သံဃာတော်များအား အရုဏ်ဆွမ်းဆက်ကပ်လှူဒါန်းခြင်းကို နံနက် ၆ နာရီတွင်လည်းကောင်း၊ ထူးချွန်ဝန်ထမ်းများအား ဆုချီးမြှင့်ခြင်း အခမ်းအနားကို နံနက် ၁၀ နာရီတွင်လည်းကောင်း၊ ဂုဏ်ပြုညစာစားပွဲနှင့် အကပြိုင်ပွဲများကို ညနေ ၆ နာရီတွင်လည်းကောင်း ကျင်းပသည်။




### ဆက်ကပ်လှူဒါန်း

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေနှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ထမ်းမိသားစုများက နေပြည်တော် တပ်ကုန်းမြို့နယ် ရှမ်းစပ်ကုန်း မြောက်ကျောင်း ဆရာတော် ဦးကောသလ္လနှင့် ရတနာမှန်ကျောင်း ဆရာတော် ဘဒ္ဒန္တဝိလာသတို့ အမှူးပြုသော ပင့်သံဃာတော်ငါးပါးတို့အား ဆွမ်းနှင့်လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်း၍ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကာ ဆရာတော်၊ သံဃာတော်များက ပရိတ်တရားတော်များ ရွတ်ဖတ်ပူဇော် ဆုတောင်းမေတ္တာပို့သကြပြီး တက်ရောက်လာသည့် ဧည့်ပရိသတ်များကို နံနက်စာဖြင့် တည်ခင်းဧည့်ခံသည်။

ထို့နောက် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် အထက်မြန်မာပြည်နှင့် အောက်မြန်မာပြည်တို့၌ ဖွင့်လှစ်ခဲ့သည့်သင်တန်းများတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ဝန်ထမ်းများ၊ ဝန်ကြီးဌာနအတွင်း ကျင်းပခဲ့သည့် ဒီဇင်ဘာအားကစားပြိုင်ပွဲများတွင် ဆုရရှိခဲ့ကြသူများအား ဆုချီးမြှင့်ခြင်း အခမ်းအနားကို ကျင်းပသည်။

ညနေပိုင်းတွင် နိုင်ငံခြားရေးဝန်ကြီးဌာန၏ (၇၉)နှစ်မြောက် နှစ်ပတ်လည်နေ့ ဂုဏ်ပြုညစာစားပွဲကိုကျင်းပရာ အခမ်းအနားသို့ နိုင်ငံခြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ၊ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ ဗဟိုအကြံပေးအဖွဲ့ အဖွဲ့ဝင် ဦးဝဏ္ဏမောင်လွင်၊ ဒုတိယဝန်ကြီးများ ဖြစ်ကြသည့် ဦးကိုကိုကျော်နှင့် ဦးနိုင်မင်းကျော်၊ အမြဲတမ်းအတွင်းဝန်၊ သံအမတ်ကြီးများ၊ နိုင်ငံခြားရေးဝန်ကြီးဌာန၌ တာဝန်ထမ်းဆောင်ခဲ့ကြသည့် ဝန်ကြီး၊ ဒုတိယဝန်ကြီး၊ သံအမတ်ကြီးများနှင့် အငြိမ်းစားအရာထမ်း၊ အမှုထမ်းများ၊ နိုင်ငံခြားရေး ဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူး ချုပ်များ၊ ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေက အမှာစကားပြောကြားရာတွင် မြန်မာ့သံတမန်ရေးရာ သမိုင်းကြောင်းသည် နှစ်ပေါင်း ၂၀၀၀ ကျော် သက်တမ်းရှိခဲ့ပြီး ခေတ်အဆက်ဆက်တွင် လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို အစဉ်တစိုက်ကျင့်သုံးခဲ့ကြောင်း၊ လက်ရှိတွင် ကမ္ဘာ့နိုင်ငံပေါင်း ၁၂၇ နိုင်ငံနှင့် သံတမန်အဆက်အသွယ် ထူထောင်ထားပြီး ပြည်ပနိုင်ငံများ၌ သံရုံးနှင့် ကောင်စစ်ဝန်ချုပ်ရုံး ၅၂ ရုံး ဖွင့်လှစ်ကာ လုပ်ငန်းများအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် ထိတွေ့ဆက်ဆံရေးနှင့် သဟဇာတဖြစ်ရေးကို အလေးထားသည့် သံတမန်နည်းလမ်း (Engagement and Harmony Oriented Diplomacy) ကို ကျင့်သုံးလျက်ရှိရာ ပြီးခဲ့သည့် ငါးနှစ်တာအတွင်း နိုင်ငံတကာနှင့် ဒေသတွင်း ပူးပေါင်း ဆောင်ရွက်မှုများတွင် တက်ကြွစွာ ပါဝင်နိုင်ခဲ့ကြောင်း၊ နိုင်ငံတော်၏ ပုံရိပ်နှင့်ဂုဏ်သိက္ခာကို မြှင့်တင်ရန် အလေးထား ဆောင်ရွက်လျက်ရှိရာတွင် ICJ ၌ ခိုင်မာစွာခုခံချေပခြင်း၊ အွန်လိုင်းလိမ်လည်မှုများအား Zero Tolerance Policy ဖြင့် နှိမ်နင်းခြင်းတို့တွင် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့်အတူ ထိထိရောက်ရောက် ပူးပေါင်းဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် နိုင်ငံတကာ စောင့်ကြည့် လေ့လာသူများကို ဖိတ်ခေါ်၍ နိုင်ငံတော်အပေါ် ယုံကြည်မှုနှင့် လေးစားမှုရရှိအောင် ဆောင်ရွက်နိုင်ခဲ့ကြောင်း စသည်ဖြင့် အပြုသဘောအောင်မြင်မှုများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ယနေ့ကမ္ဘာတွင် သံတမန်နည်းလမ်းသည် ပို၍ အရေးပါလာနေကြောင်း၊ သံတမန်မျိုးဆက်များအကြား အတွေ့အကြုံ၊ စွမ်းဆောင်ရည်နှင့် လေ့လာမှုတို့ကို ပေါင်းစပ်၍ သံတမန် မျိုးဆက်ကောင်းများ စဉ်ဆက်မပြတ် ပျိုးထောင်ရမည်ဖြစ်ကြောင်း၊ သံတမန်နည်းနာ၊ နိုင်ငံခြားရေးမူဝါဒ ဖော်ဆောင်မှုနည်းနာများအပြင် အမျိုးသားနိုင်ငံရေး၊ စီးပွားရေး၊ နည်းပညာနှင့် ကာကွယ်ရေးဆိုင်ရာ သိမြင်နားလည်မှုများရှိရန် အထူးလိုအပ်ကြောင်း၊ နိုင်ငံတော်ကချမှတ်ထားသည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဦးတည်ချက်များကို တတ်စွမ်းသမျှ ဝိုင်းဝန်းအကောင်အထည်ဖော်ရမည်ဖြစ်ကြောင်း၊ နိုင်ငံ၏ ရေမြေသယံဇာတကို သားစဉ်မြေးဆက် တန်ဖိုးထားသုံးစွဲနိုင်စေရေးနှင့် ဂေဟစနစ်ထိန်းသိမ်းရေးအတွက် တာဝန်သိ၍ တာဝန်ယူမှုရှိသည့် ရင်းနှီးမြှုပ်နှံမှုများ ဖော်ဆောင်ပေးရန် လိုအပ်ကြောင်း၊ ဝန်ထမ်းတစ်ဦးချင်းစီ၏ ကိုယ်ရည်ကိုယ်သွေး မြင့်မားတိုးတက်စေရေး အမြဲမပြတ် လေ့လာဆည်းပူးသွားရမည်ဖြစ်သကဲ့သို့ အဖွဲ့လိုက်လုပ်ဆောင်မှု အားကောင်းစေရေးအတွက်လည်း လေ့ကျင့်ပျိုးထောင်ပေးသွားရမည်ဖြစ်ကြောင်း၊ နိုင်ငံနှင့်လူမျိုးအပေါ် သစ္စာစောင့်သိ၍ ချမှတ်ထားသည့် မူဝါဒများ၊ ဝန်ထမ်းကျင့်ဝတ်၊ သံတမန်ကျင့်ဝတ်များကို ကောင်းစွာသိရှိလိုက်နာရန် လိုအပ်ကြောင်း၊ ပြည်ပရောက် မြန်မာနိုင်ငံသားများ၏ အကျိုးနှင့်အခွင့်အရေးကို တတ်စွမ်းသမျှ ကာကွယ်စောင့်ရှောက်ပေးသွားရမည်ဖြစ်ကြောင်း၊ ၂၀၂၅ ခုနှစ်အတွင်း မန္တလေးငလျင်ကြီး လှုပ်ခတ်ခဲ့စဉ်ကကဲ့သို့ အခက်အခဲများကြားမှ ကြံ့ကြံ့ခံတာဝန် ထမ်းဆောင်ခဲ့သည့် ဝန်ထမ်းမိသားစုများအား အထူးမှတ်တမ်းတင် ဂုဏ်ပြုကြောင်းနှင့် မည်သည့် စိန်ခေါ်မှုများကိုမဆို စုပေါင်းအင်အားဖြင့် ရင်ဆိုင်ကျော်လွှားကာ နိုင်ငံတော်၏ အမျိုးသား အကျိုးစီးပွားကို ရှေ့တန်းမှ အားစိုက်ကြိုးပမ်း အကောင်အထည်ဖော်သွားကြရန် လိုအပ်ကြောင်း တိုက်တွန်းပြောကြားသည်။

ဂုဏ်ပြုညစာစားပွဲတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ထမ်းများက တေးသံသာများ သီဆိုခြင်း၊ ဦးစီးဌာနများ၏ ယိမ်းအကပြိုင်ပွဲကျင်းပခြင်းတို့ဖြင့် ဖျော်ဖြေခဲ့ပြီး ဝန်ထမ်းများအတွက် ကံစမ်းမဲ ၇၉ ဆုနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များအတွက် ဆုငါးဆု မဲဖောက်၍ အခမ်းအနားကို အောင်မြင်စွာ ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူး ခန့်ထားခြင်း

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသိန်းဝင်း ကို နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံး ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

# နွေရာသီအခြေခံအားကစားသင်တန်းဆင်းပွဲနှင့် ဒုတိယအကြိမ် ကမ္ဘောဇဖလားအလွတ်တန်းဖိတ်ခေါ်ဘောလုံးပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ

တောင်ကြီး မတ် ၁၇

ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်သည် ပြည်နယ်ဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယမန်နေ့မွန်းလွဲပိုင်းက တောင်ကြီးမြို့ ပြည်နယ်လေ့ကျင့်ရေးအားကစားရုံ၌ကျင်းပသည့် နွေရာသီအခြေခံအားကစားသင်တန်းဆင်းပွဲ အခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ်က လူငယ်လူရွယ်များအနေဖြင့် နွေရာသီအားလပ်ရက်များကို အကျိုးရှိရှိအသုံးချတတ်စေရေး၊ အားကစားနည်းတစ်ရပ်ရပ်ကို အခြေခံမှစ၍ လေ့ကျင့်လိုက်စားခြင်းဖြင့် ကျန်းမာကြံ့ခိုင်ပြီး အရည်အချင်းမြင့်မားသည့် အားကစားသမားကောင်းများ၊ နိုင်ငံ့သားကောင်း သမီးကောင်းများဖြစ်လာစေရေးနှင့် တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်စေရေး ရည်ရွယ်ချက်ဖြင့် ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း ပြောကြားပြီး သင်တန်းနည်းပြဆရာများ၊ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း ဘင်ခရာတပ်ဖွဲ့နှင့် သင်တန်းသား သင်တန်းသူများအား ဂုဏ်ပြုဆုငွေနှင့် သင်တန်းဆင်းလက်မှတ်များ ပေးအပ်ချီးမြှင့်သည်။




ထို့နောက် ပြည်နယ်ဝန်ကြီးများက အားကစားနည်းအလိုက် သင်တန်းသား သင်တန်းသူများအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်သည်။

ယင်းနောက် ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ လမ်းညွှန်ကြီးကြပ်မှုဖြင့် ပြည်နယ်အားကစားကွင်း၌ ကျင်းပသည့် ၂၀၂၆ ခုနှစ် ဒုတိယအကြိမ် ကမ္ဘောဇဖလား အလွတ်တန်းဖိတ်ခေါ်ဘောလုံးပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားသို့တက်ရောက်ပြီး ဗိုလ်လုပွဲစဉ်အဖြစ် MOD FC အသင်းနှင့် MYINT MO KHAM FC အသင်းတို့ ဗိုလ်လုပွဲ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးရာ MYINT MO KHAM FC အသင်းက MOD FC အသင်းကို နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ဆက်လက်၍ ဆုချီးမြှင့်ပွဲအခမ်းအနားကို ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများက ဘောလုံးပြိုင်ပွဲ ပွဲစဉ်အစအဆုံး တာဝန်ထမ်းဆောင်ခဲ့ကြသော ဒိုင်လူကြီးများအား အမှတ်တရလက်ဆောင်များပေးအပ်ပြီး Man of the Match ဆုရရှိသူ၊ ဒုတိယဆုရရှိသော MOD FC အသင်းနှင့် ပထမဆုရရှိသော MYINT MO KHAM FC အသင်းတို့အား တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသားဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**

※ ရှေ့ဖုံးမှ

အတတ်ပညာဘာသာတွဲ၌ စားမြုံ့ပြန်သတ္တဝါမွေးမြူထုတ်လုပ်ရေး ဘာသာရပ်တို့ကို စာစစ်ဌာနလေးခု၌ ကျောင်းသား ၂၄၄ ဦး၊ ကျောင်းသူ ၁၅၈ဦးဖြင့် စုစုပေါင်း ၄၀၂ ဦး ပျက်ကွက်သူမရှိဘဲ ဖြေဆိုကြကာ အင်းစိန်ဗဟိုအကျဉ်းထောင်စာစစ်ဌာန၌ ကျောင်းသား ၃၃ ဦး၊ ကျောင်းသူ သုံးဦး စုစုပေါင်း ၃၆ ဦး၊ မင်္ဂလာဒုံ၊ သဃ်န်းကျွန်း၊ ဒဂုံ(မြောက်)၊ မြောက်ဥက္ကလာပ၊ ဗဟန်းနှင့် လမ်းမတော်မြို့နယ်ရှိ ဆေးရုံတို့၌ ကျောင်းသားတစ်ဦး၊ ကျောင်းသူခြောက်ဦး စုစုပေါင်း ခုနစ်ဦး ဖြေဆိုခဲ့ကြသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စာစစ်ဌာနများသို့ ကျောင်းသား ကျောင်းသူများ သွားလာရေးအဆင်ပြေချောမွေ့စေရန် ယာဉ်ထိန်းတပ်ဖွဲ့နှင့် စိတ်အေးချမ်းသာစွာဖြေဆိုနိုင်ရန် ဌာနဆိုင်ရာများ၊ ရဲတပ်ဖွဲ့ဝင်များကလည်းကောင်း၊ ကျန်းမာရေးအတွက် သက်ဆိုင်ရာမြို့နယ်များမှ ကျန်းမာရေးမှူးများနှင့် ကြက်ခြေနီ၊ မီးသတ်တပ်ဖွဲ့များကလည်းကောင်း စတင်ဖြေဆိုချိန်မှ ပြီးဆုံးချိန်အထိ စောင့်ကြပ်ပေးခဲ့ကြသည်။

မတ် ၁၈ ရက်တွင် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးတက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများအနေဖြင့် နောက်ဆုံး ဘာသာအဖြစ် စက်မှုအတတ်ပညာဘာသာတွဲ၌ မြို့ပြပုံဆွဲ၊ အခြေခံပရိဂရမ်မိတ်ဆက်နှင့် စက်မှုပုံဆွဲဘာသာရပ်တို့ကို ဖြေဆိုသွားမည်ဖြစ်ကြောင်း သိရသည်။

**ညိမ်းသူ(သတင်းစဉ်)**
**ဓာတ်ပုံ – ကနူး**

# မြန်မာနိုင်ငံကူးလက်မှတ်ဆိုင်ရာဥပဒေ ပြဋ္ဌာန်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ**
**မြန်မာနိုင်ငံကူးလက်မှတ်ဆိုင်ရာဥပဒေ**
(အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီဥပဒေအမှတ် ၁၉ / ၂၀၂၆)
၁၃၈၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၅ ရက်
(၂၀၂၆ ခုနှစ်၊ မတ်လ ၁၇ ရက်)

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၂၇ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အခန်း(၁)**
**အမည်၊ စီရင်ပိုင်ခွင့်နှင့် အဓိပ္ပာယ်ဖော်ပြချက်**

၁။ ဤဥပဒေကို **မြန်မာနိုင်ငံကူးလက်မှတ်ဆိုင်ရာဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေအရ အရေးယူနိုင်သည့်ပြစ်မှုတစ်ရပ်ရပ်ကို မည်သူမဆို ပြည်တွင်းတွင်ဖြစ်စေ၊ မြန်မာနိုင်ငံ၏ တည်ဆဲဥပဒေအရ မှတ်ပုံတင်ထားသော ရေယာဉ်၊ လေယာဉ်နှင့် စက်တပ်ယာဉ်တစ်ခုခုပေါ်တွင်ဖြစ်စေ ကျူးလွန်လျှင်လည်းကောင်း၊ မြန်မာနိုင်ငံသား သို့မဟုတ် မြန်မာနိုင်ငံကူးလက်မှတ် ကိုင်ဆောင်ခွင့်ရရှိသူ သို့မဟုတ် မြန်မာနိုင်ငံတွင် အမြဲတမ်းနေထိုင်ခွင့်ရရှိသူက ပြည်ပတွင်ကျူးလွန်လျှင်လည်းကောင်း ဤဥပဒေအရ စီရင်ပိုင်ခွင့်ရှိစေရမည်။

၃။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **နိုင်ငံတော်** ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကို ဆိုသည်။
(ခ) **သက်ဆိုင်ရာဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုအစိုးရ နိုင်ငံခြားရေးဝန်ကြီးဌာန သို့မဟုတ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနကို ဆိုသည်။
(ဂ) **နိုင်ငံသား** ဆိုသည်မှာ မြန်မာနိုင်ငံသားဥပဒေအရ မြန်မာနိုင်ငံသားအဖြစ် အသိအမှတ်ပြုထားသူကို ဆိုသည်။
(ဃ) **ဧည့်နိုင်ငံသား** ဆိုသည်မှာ မြန်မာနိုင်ငံသားဥပဒေအရ သတ်မှတ်ထားသော ဧည့်နိုင်ငံသားကို ဆိုသည်။
(င) **နိုင်ငံသားပြုခွင့်ရသူ** ဆိုသည်မှာ မြန်မာနိုင်ငံသားဥပဒေအရ သတ်မှတ်ထားသော နိုင်ငံသားပြုခွင့်ရသူကို ဆိုသည်။
(စ) **ကိုယ်ပိုင်သက်သေခံလက်မှတ် (Unique Identification Number-UID)** ဆိုသည်မှာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက နိုင်ငံသား၊ ဧည့်နိုင်ငံသားနှင့် နိုင်ငံသားပြုခွင့်ရသူတို့ကို ထုတ်ပေးသည့် သက်သေခံလက်မှတ်ကို ဆိုသည်။
(ဆ) **မည်သူမည်ဝါဖြစ်ကြောင်း သက်သေခံလက်မှတ်(Certificate of Identification)** ဆိုသည်မှာ ပြည်ပနိုင်ငံသို့ ရောက်ရှိနေသည့် မြန်မာနိုင်ငံသား သို့မဟုတ် မြန်မာနိုင်ငံသားဟု ယူဆရသူကို မြန်မာနိုင်ငံသို့ ပြန်လည်ဝင်ရောက်နိုင်ရေးအတွက် သက်ဆိုင်ရာ ပြည်ပနိုင်ငံများရှိ မြန်မာသံရုံး၊ ကောင်စစ်ဝန်ချုပ်ရုံး သို့မဟုတ် အဖွဲ့ရုံးက တစ်ကြိမ်သာလျှင်အသုံးပြုရန် ထုတ်ပေးသည့် သက်သေခံလက်မှတ်ကို ဆိုသည်။
(ဇ) **မြန်မာနိုင်ငံကူးလက်မှတ်** ဆိုသည်မှာ သာမန်နိုင်ငံကူးလက်မှတ်၊ အထူးနိုင်ငံကူးလက်မှတ် သို့မဟုတ် သံတမန်နိုင်ငံကူးလက်မှတ်ကို ဆိုသည်။
(ဈ) **မြန်မာနိုင်ငံကူးလက်မှတ်လျှောက်ထားခွင့်ရှိသူ** ဆိုသည်မှာ နိုင်ငံသား၊ ဧည့်နိုင်ငံသား သို့မဟုတ် နိုင်ငံသားပြုခွင့်ရသူများကို ဆိုသည်။
(ည) **သာမန်နိုင်ငံကူးလက်မှတ်** ဆိုသည်မှာ မြန်မာနိုင်ငံကူးလက်မှတ်လျှောက်ထားခွင့်ရှိသူကို ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးအဖွဲ့က ထုတ်ပေးသည့် မြန်မာနိုင်ငံကူးလက်မှတ်ကို ဆိုသည်။
(ဋ) **အထူးနိုင်ငံကူးလက်မှတ်** ဆိုသည်မှာ ပြည်ပနိုင်ငံသို့ တာဝန်တစ်ရပ်ရပ်ဖြင့် သွားရောက်ရန်အတွက် တပ်မတော်သား၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်၊ နိုင်ငံ့ဝန်ထမ်းနှင့် နိုင်ငံတော်က အထူးကိစ္စရပ်ဖြင့်စေလွှတ်သည့် ပုဂ္ဂိုလ်ကို နိုင်ငံခြားရေးဝန်ကြီးဌာနက ထုတ်ပေးသည့် မြန်မာနိုင်ငံကူးလက်မှတ်ကို ဆိုသည်။
(ဌ) **သံတမန်နိုင်ငံကူးလက်မှတ်** ဆိုသည်မှာ ပြည်ပနိုင်ငံတွင် သံတမန်ရေးရာတာဝန် ထမ်းဆောင်မည့် သံတမန်များ၊ ဝန်ကြီးဌာနများ၏ အဆင့်မြင့်အရာရှိကြီးများနှင့် နိုင်ငံတော်က အထူးကိစ္စရပ်ဖြင့်စေလွှတ်သည့် ပုဂ္ဂိုလ်ကို နိုင်ငံခြားရေးဝန်ကြီးဌာနက ထုတ်ပေးသည့် မြန်မာနိုင်ငံကူးလက်မှတ်ကို ဆိုသည်။
(ဍ) **အီလက်ထရောနစ်နိုင်ငံကူးလက်မှတ် (Electronic Passport-e passport)** ဆိုသည်မှာ မြန်မာနိုင်ငံကူးလက်မှတ်လျှောက်ထားသူ၏ ကိုယ်ရေးအချက်အလက်များကို ချစ်ပ်ပြားတွင် ထည့်သွင်းထားသော မြန်မာနိုင်ငံကူးလက်မှတ်ကို လုံခြုံရေးအဆင့်မြင့်ထားသည့် အီလက်ထရောနစ် နိုင်ငံကူးလက်မှတ်ကို ဆိုသည်။
(ဎ) **မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးအဖွဲ့** ဆိုသည်မှာ မြန်မာနိုင်ငံကူးလက်မှတ် ထုတ်ပေးရေးလုပ်ငန်းစဉ်များကို ဆောင်ရွက်နိုင်ရန် ဤဥပဒေအရ ဖွဲ့စည်းထားသော မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးအဖွဲ့ကို ဆိုသည်။
(ဏ) **မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးရုံး** ဆိုသည်မှာ မြန်မာနိုင်ငံကူးလက်မှတ် ထုတ်ပေးရေးရုံး(ရန်ကုန်)နှင့် မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးရုံးခွဲများကို ဆိုသည်။

**အခန်း(၂)**
**ရည်ရွယ်ချက်များ**

၄။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးခြင်း၊ အသုံးပြုခြင်း၊ သက်တမ်းတိုးခြင်း၊ ငြင်းပယ်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းတို့ကို ဥပဒေနှင့်အညီ ဆောင်ရွက်ပေးနိုင်ရန်၊
(ခ) မြန်မာနိုင်ငံကူးလက်မှတ် စနစ်တကျထုတ်ပေးခြင်းဖြင့် အမျိုးသားလုံခြုံရေးနှင့် အမျိုးသားအကျိုးစီးပွားကိုကာကွယ်ရန်၊
(ဂ) မြန်မာနိုင်ငံကူးလက်မှတ်ဖြင့် ပြည်ပနိုင်ငံသို့ ခရီးသွားလာခြင်းကို စနစ်တကျစီမံခန့်ခွဲရန်၊
(ဃ) မြန်မာနိုင်ငံကူးလက်မှတ် ပျောက်ဆုံးခြင်း သို့မဟုတ် ပျက်စီးခြင်းဖြစ်ပါက ဥပဒေနှင့် အညီ ဆောင်ရွက်နိုင်ရန်၊
(င) မြန်မာနိုင်ငံကူးလက်မှတ် အတုပြုလုပ်ခြင်း၊ ပြောင်းလဲခြင်း၊ ဖျက်ဆီးခြင်း သို့မဟုတ် တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းတို့ကို ဥပဒေနှင့်အညီကာကွယ်နိုင်ရန်။

**အခန်း(၃)**
**မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးအဖွဲ့ ဖွဲ့စည်းခြင်း၊ တာဝန်နှင့် လုပ်ပိုင်ခွင့်များ**

၅။ ပြည်ထောင်စုအစိုးရအဖွဲ့သည်-

(က) မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးအဖွဲ့ကို အောက်ပါအတိုင်း ဖွဲ့စည်းရမည်-

| | | |
|---|---|---|
| (၁) | ဒုတိယဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (၂) | ရဲချုပ်<br>မြန်မာနိုင်ငံရဲတပ်ဖွဲ့<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၃) | ညွှန်ကြားရေးမှူးချုပ်<br>အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၄) | ညွှန်ကြားရေးမှူးချုပ်<br>ကောင်စစ်ရေးရာနှင့် ဥပဒေရေးရာဦးစီးဌာန<br>နိုင်ငံခြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၅) | ညွှန်ကြားရေးမှူးချုပ်<br>ပြည်တွင်းအခွန်များဦးစီးဌာန<br>ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၆) | ညွှန်ကြားရေးမှူးချုပ်<br>ဥပဒေမူကြမ်းစိစစ်ရေးဦးစီးဌာန<br>ဥပဒေရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၇) | ညွှန်ကြားရေးမှူးချုပ်<br>လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန<br>လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၈) | ညွှန်ကြားရေးမှူးချုပ်<br>အလုပ်သမားညွှန်ကြားရေးဦးစီးဌာန<br>အလုပ်သမားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၉) | ကိုယ်စားလှယ်တစ်ဦး<br>တပ်မတော်စစ်ဘက်ရေးရာလုံခြုံရေးအရာရှိချုပ်ရုံး<br>ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) | အဖွဲ့ဝင် |
| (၁၀) | ကိုယ်စားလှယ်တစ်ဦး<br>လုံခြုံရေးနှင့်ဆိုင်သော<br>ပုံနှိပ်လုပ်ငန်းများ ညွှန်ကြားရေးမှူးရုံး၊<br>ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) | အဖွဲ့ဝင် |
| (၁၁) | သတင်းရဲတပ်ဖွဲ့မှူး<br>သတင်းရဲတပ်ဖွဲ့၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့<br>ပြည်ထဲရေးဝန်ကြီးဌာန | အတွင်းရေးမှူး |

(ခ) မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးအဖွဲ့ကို လိုအပ်ပါက ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၆။ မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးအဖွဲ့၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) မြန်မာနိုင်ငံကူးလက်မှတ်နှင့်စပ်လျဉ်း၍ မူဝါဒနှင့် လုပ်ငန်းစဉ်များချမှတ်ခြင်း၊ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊
(ခ) မြန်မာနိုင်ငံကူးလက်မှတ်ကို နိုင်ငံတကာ စံချိန်စံညွှန်းများနှင့်အညီဖြစ်စေရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊
(ဂ) အထူးကိစ္စရပ်များအတွက် သာမန်နိုင်ငံကူးလက်မှတ် သက်တမ်းနှင့် လိုအပ်သည့် အခြေအနေများ သတ်မှတ်ခြင်း၊
(ဃ) မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးရုံး၊ ပြည်ပနိုင်ငံရှိမြန်မာသံရုံးများ၊ ကောင်စစ်ဝန်ချုပ်ရုံး သို့မဟုတ် အဖွဲ့ရုံးများ၏ လုပ်ငန်းဆောင်ရွက်မှုများအပေါ် လမ်းညွှန်ခြင်းနှင့် ကြီးကြပ်ခြင်း၊
(င) ပြည်ပနိုင်ငံရှိ မြန်မာသံရုံးများ၊ ကောင်စစ်ဝန်ချုပ်ရုံး သို့မဟုတ် အဖွဲ့ရုံးများသို့ မြန်မာနိုင်ငံကူးလက်မှတ် သက်တမ်းတိုးခြင်း၊ ပျောက်ဆုံးခြင်း သို့မဟုတ် ပျက်စီးခြင်းကြောင့် ပြန်လည်လျှောက်ထားခြင်း၊ မွေးတိုးလျှောက်ထားခြင်း၊ မည်သူမည်ဝါဖြစ်ကြောင်း သက်သေခံလက်မှတ်လျှောက်ထားခြင်းများကို စိစစ်၍ ခွင့်ပြုစေခြင်း သို့မဟုတ် ငြင်းပယ်စေခြင်း၊
(စ) သာမန်နိုင်ငံကူးလက်မှတ် လျှောက်ထားခြင်းကို စိစစ်၍ ခွင့်ပြုခြင်း၊ ငြင်းပယ်ခြင်း သို့မဟုတ် ကန့်သတ်ခြင်း၊

စာမျက်နှာ ၅ သို့ ❖

❖ စာမျက်နှာ ၄ မှ

(ဆ) ထုတ်ပေးထားသည့် မြန်မာနိုင်ငံကူးလက်မှတ်ကို ပယ်ဖျက်ခြင်း၊

( ဇ ) ဤဥပဒေအရ မြန်မာနိုင်ငံကူးလက်မှတ်လျှောက်ထားခြင်း၊ သက်တမ်းတိုး လျှောက်ထားခြင်း၊ ပျောက်ဆုံးခြင်း သို့မဟုတ် ပျက်စီးခြင်းကြောင့် ပြန်လည်လျှောက်ထားခြင်းတို့နှင့် စပ်လျဉ်း၍ ပေးသွင်းရမည့်အခကြေးငွေများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် သတ်မှတ်ခြင်း၊

( ဈ ) မြန်မာနိုင်ငံကူးလက်မှတ်လျှောက်ထားခွင့်ရှိသူများသည် အရေးကြီး၊ အရေးပေါ်ကိစ္စရပ် အတွက် ခိုင်လုံသောအကြောင်းပြချက်များဖြင့် မြန်မာနိုင်ငံကူးလက်မှတ် အမြန်ရရှိရေး လျှောက်ထားချက်ကိုစိစစ်၍ ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း၊

(ည) သက်ဆိုင်ရာဝန်ကြီးဌာနက အမည်ပျက်စာရင်းပေးပို့လာပါက အမည်ပျက်စာရင်း ထည့်သွင်းခြင်း၊

( ဋ ) ပြည်ထောင်စုအစိုးရအဖွဲ့က အခါအားလျော်စွာပေးအပ်သည့် မြန်မာနိုင်ငံကူးလက်မှတ် ဆိုင်ရာ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း။

**အခန်း(၄)**

**မြန်မာနိုင်ငံကူးလက်မှတ်လျှောက်ထားခြင်း၊ သက်တမ်းတိုးခြင်းနှင့် ပြန်လည်လျှောက်ထားခြင်း**

၇။ (က) **သာမန်**နိုင်ငံကူးလက်မှတ် လျှောက်ထားခွင့်ရှိသူသည် အောက်ပါစာရွက်စာတမ်းများနှင့် အတူ မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးရုံးသို့ လျှောက်ထားနိုင်သည်-

( ၁ ) နိုင်ငံသားစိစစ်ရေးကတ်ပြား(မူရင်းနှင့် မိတ္တူ)၊

( ၂ ) အသက် ၁၀ နှစ်အောက်ဖြစ်ပါက မွေးစာရင်း(မူရင်းနှင့် မိတ္တူ)၊

( ၃ ) အသက် ၁၈ နှစ်အောက်ဖြစ်ပါက မိဘ သို့မဟုတ် အုပ်ထိန်းသူတစ်ဦးဦး၏ ခွင့်ပြုချက်၊ (မိဘ သို့မဟုတ် အုပ်ထိန်းသူနှင့်အတူ လာရောက်လျှောက်ထားရမည်)

( ၄ ) အိမ်ထောင်စုလူဦးရေစာရင်း ပုံစံ-၆၆/၆ (မူရင်းနှင့် မိတ္တူ)၊

( ၅ ) ကိုယ်ပိုင်သက်သေခံလက်မှတ် (Unique Identification Number-UID)၊

( ၆ ) လျှောက်ထားလိုသည့် သာမန်နိုင်ငံကူးလက်မှတ်အမျိုးအစားအလိုက် လိုအပ်သော အခြားစာရွက်စာတမ်းအထောက်အထားများ၊

( ၇ ) သာမန်နိုင်ငံကူးလက်မှတ်လျှောက်ထားခြင်းအတွက် တရားဝင်သတ်မှတ်ထားသော အခကြေးငွေပေးသွင်းထားသည့်အထောက်အထား၊

( ၈ ) မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးအဖွဲ့က အခါအားလျော်စွာ သတ်မှတ်သည့် အချက်အလက်များ။

( ခ ) သက်ဆိုင်ရာမြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးရုံးသည် ပုဒ်မခွဲ(က)အရ တင်ပြသော မူရင်းအထောက်အထားများကိုစိစစ်ပြီး မူရင်းအထောက်အထားကို လျှောက်ထားသူထံ ပြန်လည်ပေးအပ်ရမည်။

၈။ သာမန်နိုင်ငံကူးလက်မှတ်သက်တမ်းတိုးလျှောက်ထားလိုသူသည်-

(က) သက်တမ်းတိုးလျှောက်ထားလိုပါက မူလထုတ်ပေးထားသော သာမန်နိုင်ငံကူးလက်မှတ် စာအုပ်မူရင်းနှင့် ပုဒ်မ ၇ ပုဒ်မခွဲ(က)အရ သတ်မှတ်ထားသည့် စာရွက်စာတမ်းများနှင့်အတူ မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးရုံးတွင် သာမန်နိုင်ငံကူးလက်မှတ် သက်တမ်း မကုန်ဆုံးမီ ၆ လအတွင်း လျှောက်ထားနိုင်သည်။

( ခ ) သက်တမ်းကုန်ဆုံးရန် ၆ လ မတိုင်မီ သက်တမ်းတိုးလျှောက်ထားလိုပါက သတ်မှတ်ထား သည့် ဒဏ်ကြေးငွေပေးသွင်း၍ ပုဒ်မခွဲ(က)ပါအတိုင်း မြန်မာနိုင်ငံကူးလက်မှတ် ထုတ်ပေးရေး ရုံးတွင် လျှောက်ထားနိုင်သည်။

၉။ သာမန်နိုင်ငံကူးလက်မှတ်ပျောက်ဆုံး၍ အသစ်လျှောက်ထားလိုပါက ပျောက်ဆုံးကြောင်းသတင်းစာ တွင် ထည့်သွင်းကြော်ငြာသည့်ရက်မှ ၆ လ ပြည့်လျှင် မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးရုံးတွင် အောက်ပါစာရွက်စာတမ်းများဖြင့် ပူးတွဲလျှောက်ထားရမည်-

(က) ပုဒ်မ ၇ ပုဒ်မခွဲ(**က**)အရ သတ်မှတ်ထားသည့် စာရွက်စာတမ်းများ၊

( ခ ) သတင်းစာတွင် ကြော်ငြာထားသည့် အထောက်အထား၊

( ဂ ) သတ်မှတ်ထားသည့် ဒဏ်ကြေးငွေပေးဆောင်ထားသည့် အထောက်အထား။

၁၀။ သာမန်နိုင်ငံကူးလက်မှတ် ပျက်စီး၍ အသစ်လျှောက်ထားလိုပါက မူလသာမန်နိုင်ငံကူးလက်မှတ် (ပျက်စီး)၊ သတ်မှတ်ထားသည့် ဒဏ်ကြေးငွေပေးဆောင်သည့်အထောက်အထား၊ ပုဒ်မ ၇ ပုဒ်မခွဲ(**က**) အရ သတ်မှတ်ထားသည့် စာရွက်စာတမ်းများပူးတွဲ၍ မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးရုံးတွင် သာမန်နိုင်ငံကူးလက်မှတ်အသစ် ပြန်လည်လျှောက်ထားနိုင်သည်။

၁၁။ သာမန်နိုင်ငံကူးလက်မှတ် လျှောက်ထားခွင့်ရှိသူက သာမန်နိုင်ငံကူးလက်မှတ်အသစ် လျှောက်ထား ခြင်း၊ သက်တမ်းတိုးလျှောက်ထားခြင်း၊ ပျောက်ဆုံးခြင်း သို့မဟုတ် ပျက်စီးခြင်းကြောင့် ပြန်လည် လျှောက်ထားလာပါက မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးရုံးသည် သတ်မှတ်ချက်နှင့် ညီညွတ်ခြင်း ရှိ မရှိ စိစစ်ပြီး မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးအဖွဲ့သို့ တင်ပြရမည်။

၁၂။ ပြည်ပနိုင်ငံရောက် သာမန်နိုင်ငံကူးလက်မှတ်လျှောက်ထားခွင့်ရှိသူသည် သာမန်နိုင်ငံကူးလက်မှတ် သက်တမ်းတိုးလျှောက်ထားခြင်း၊ ပျောက်ဆုံးခြင်း သို့မဟုတ် ပျက်စီးခြင်းကြောင့် ပြန်လည်လျှောက်ထား ခြင်းနှင့် မွေးတိုးလျှောက်ထားခြင်းများကို မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးအဖွဲ့က ထုတ်ပြန်ထား သော သတ်မှတ်ချက်နှင့်အညီ ပြည်ပနိုင်ငံရှိ မြန်မာသံရုံး၊ ကောင်စစ်ဝန်ချုပ်ရုံး သို့မဟုတ် အဖွဲ့ရုံးသို့ လျှောက်ထားနိုင်သည်။

၁၃။ ပြည်ပနိုင်ငံရောက် သာမန်နိုင်ငံကူးလက်မှတ်လျှောက်ထားခွင့်ရှိသူက သက်တမ်းတိုး လျှောက်ထား ခြင်း၊ ပျောက်ဆုံးခြင်း သို့မဟုတ် ပျက်စီးခြင်းကြောင့် ပြန်လည်လျှောက်ထားခြင်း သို့မဟုတ် မွေးတိုး လျှောက်ထားခြင်းများကို ပြည်ပနိုင်ငံရှိ မြန်မာသံရုံး၊ ကောင်စစ်ဝန်ချုပ်ရုံး သို့မဟုတ် အဖွဲ့ရုံးသည် သတ်မှတ်ချက်နှင့်ညီညွတ်ခြင်း ရှိ မရှိ စိစစ်ပြီး မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးအဖွဲ့သို့ တင်ပြရမည်။

၁၄။ မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးအဖွဲ့သည် စိစစ်တင်ပြချက်များအပေါ်မူတည်၍-

(က) ပြည်တွင်း၌ သာမန်နိုင်ငံကူးလက်မှတ်အသစ်လျှောက်ထားခြင်း၊ သက်တမ်းတိုး လျှောက်ထား ခြင်း၊ ပျောက်ဆုံးခြင်း သို့မဟုတ် ပျက်စီးခြင်းအတွက် ပြန်လည်လျှောက်ထားခြင်းတို့ကို ထုတ်ပေးရန် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

( ခ ) ပြည်ပနိုင်ငံတွင် သာမန်နိုင်ငံကူးလက်မှတ်သက်တမ်းတိုးလျှောက်ထားခြင်း၊ ပျောက်ဆုံးခြင်း၊ ပျက်စီးခြင်း သို့မဟုတ် မွေးတိုးလျှောက်ထားခြင်းကို ထုတ်ပေးရန်ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။

၁၅။ သာမန်နိုင်ငံကူးလက်မှတ် လျှောက်ထားခွင့်ရှိသူသည် ပြည်ပသို့ အရေးကြီး၊ အရေးပေါ်ကိစ္စရပ်ဖြင့် ထွက်ခွာရေးအတွက် အမြန်ဆုံးဆောင်ရွက်ပေးရန် ခိုင်လုံသောအကြောင်းပြချက် အထောက်အထားများဖြင့် မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးရုံးသို့ လျှောက်ထားနိုင်သည်။

၁၆။ မြန်မာနိုင်ငံကူးလက်မှတ် ထုတ်ပေးရေးအဖွဲ့သည် ပုဒ်မ ၁၅ အရ လျှောက်ထားချက်အပေါ် တင်ပြချက်ကိုစိစစ်၍ သာမန်နိုင်ငံကူးလက်မှတ်ကို ထုတ်ပေးရန်ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

၁၇။ တာဝန်ထမ်းဆောင်ဆဲ နိုင်ငံ့ဝန်ထမ်းနှင့် တာဝန်ဖြင့်ပြည်ပသို့ သွားရောက်မည့် နိုင်ငံတော်က အထူး ကိစ္စရပ်ဖြင့်စေလွှတ်သည့် ပုဂ္ဂိုလ်သည် သာမန်နိုင်ငံကူးလက်မှတ် လျှောက်ထားလိုပါက သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၏ ခွင့်ပြုချက်ဖြင့် လျှောက်ထားနိုင်သည်။

၁၈။ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းက တာဝန်ဖြင့် ပြည်ပနိုင်ငံသို့စေလွှတ်မည့် တပ်မတော်သား၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်၊ နိုင်ငံ့ဝန်ထမ်းနှင့် နိုင်ငံတော်က အထူးကိစ္စရပ်ဖြင့် စေလွှတ်သည့် ပုဂ္ဂိုလ်သည် အထူးနိုင်ငံကူးလက်မှတ်ရရှိရန် သတ်မှတ်ချက်နှင့်အညီ နိုင်ငံခြားရေးဝန်ကြီးဌာနသို့ လျှောက်ထားရမည်။

၁၉။ ပြည်ပနိုင်ငံတွင် သံတမန်ရေးရာတာဝန်ထမ်းဆောင်မည့် သံတမန်များ၊ သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၏ အဆင့်မြင့်အရာရှိကြီးများနှင့် နိုင်ငံတော်ကအထူးကိစ္စရပ်ဖြင့် စေလွှတ်သည့် ပုဂ္ဂိုလ်သည် သံတမန်နိုင်ငံကူးလက်မှတ်ရရှိရန် သတ်မှတ်ချက်နှင့်အညီ နိုင်ငံခြားရေးဝန်ကြီးဌာနသို့ လျှောက်ထားရမည်။

၂၀။ မြန်မာနိုင်ငံကူးလက်မှတ်ကိုင်ဆောင်သူသည်-

(က) အီလက်ထရောနစ် နိုင်ငံကူးလက်မှတ်စနစ် ကျင့်သုံးသည့်အခါ အီလက်ထရောနစ်နိုင်ငံကူး လက်မှတ်အသစ်ကို သတ်မှတ်ချက်နှင့်အညီ သက်ဆိုင်ရာသို့ လျှောက်ထားရမည်။

( ခ ) ပုဒ်မခွဲ(က)အရ လျှောက်ထားရာတွင် မြန်မာနိုင်ငံကူးလက်မှတ်စာအုပ် မူရင်းနှင့် မိတ္တူ ပူးတွဲတင်ပြလျှောက်ထားရမည်။

( ဂ ) မူလမြန်မာနိုင်ငံကူးလက်မှတ်ကို သက်တမ်းကုန်ဆုံးသည်အထိ အသုံးပြုနိုင်သည်။

၂၁။ (က) မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးအဖွဲ့သည် ပုဒ်မ ၂၀ အရ လျှောက်ထားချက်ကို လက်ခံရရှိသည့်အခါ သတ်မှတ်ချက်နှင့် ညီညွတ်ခြင်း ရှိ မရှိ စိစစ်ပြီး အီလက်ထရောနစ် နိုင်ငံကူးလက်မှတ်ထုတ်ပေးရန် သို့မဟုတ် ငြင်းပယ်ရန် သက်ဆိုင်ရာသို့ အကြောင်းကြား နိုင်သည်။

( ခ ) မြန်မာနိုင်ငံကူးလက်မှတ်ကိုင်ဆောင်သူသည် အီလက်ထရောနစ် နိုင်ငံကူးလက်မှတ် ရရှိသည့်အခါ မူလမြန်မာနိုင်ငံကူးလက်မှတ်ကို သက်ဆိုင်ရာသို့ ပြန်လည်အပ်နှံရမည်။

**အခန်း(၅)**

**မြန်မာနိုင်ငံကူးလက်မှတ် ထုတ်ပေးခြင်း၊ ငြင်းပယ်ခြင်း၊ ပယ်ဖျက်ခြင်းနှင့် ပြန်လည်အပ်နှံခြင်း**

၂၂။ မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးရုံးသည် မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးအဖွဲ့၏ ခွင့်ပြုချက်ဖြင့် သာမန်နိုင်ငံကူးလက်မှတ် ထုတ်ပေးခြင်းကို အောက်ပါအတိုင်း ဆောင်ရွက်ရမည်-

(က) လျှောက်ထားသူထံ တိုက်ရိုက်ထုတ်ပေးခြင်း၊

( ခ ) အထူးကိစ္စရပ်ကြောင့် ပြည်ပသို့ထွက်ခွာနိုင်ရေးအတွက် အမြန်ဆုံးဆောင်ရွက်ပေးရန် ခိုင်လုံသောအကြောင်းပြချက်ဖြင့် လျှောက်ထားသူကို သက်ဆိုင်ရာနိုင်ငံသို့ သွားရောက်ရန် လိုအပ်သလို သက်တမ်းနှင့် အခြေအနေသတ်မှတ်၍ သာမန်နိုင်ငံကူးလက်မှတ် ထုတ်ပေး ခြင်း။

၂၃။ ပြည်တွင်းတွင်မြန်မာနိုင်ငံကူးလက်မှတ် သက်တမ်းတိုးလျှောက်ထားခြင်း၊ ပျောက်ဆုံးခြင်းသို့မဟုတ် ပျက်စီးခြင်းကြောင့် ပြန်လည်လျှောက်ထားခြင်းနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံကူးလက်မှတ် ထုတ်ပေးရေး အဖွဲ့၏ ခွင့်ပြုချက်ဖြင့် မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးရုံးက လျှောက်ထားသူထံ တိုက်ရိုက် ထုတ်ပေးရမည်။

၂၄။ ပြည်ပတွင် မြန်မာနိုင်ငံကူးလက်မှတ် သက်တမ်းတိုးလျှောက်ထားခြင်း၊ ပျောက်ဆုံးခြင်း သို့မဟုတ် ပျက်စီးခြင်းကြောင့် ပြန်လည်လျှောက်ထားခြင်းနှင့် မွေးတိုးလျှောက်ထားခြင်းနှင့်စပ်လျဉ်း၍ မြန်မာ နိုင်ငံကူးလက်မှတ်ထုတ်ပေးရေးအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ပြည်ပနိုင်ငံရှိ မြန်မာသံရုံး၊ ကောင်စစ်ဝန်ချုပ်ရုံး သို့မဟုတ် အဖွဲ့ရုံးက လျှောက်ထားသူထံ တိုက်ရိုက်ထုတ်ပေးရမည်။

၂၅။ သာမန်နိုင်ငံကူးလက်မှတ်သက်တမ်းသည် မြန်မာနိုင်ငံကူးလက်မှတ် ထုတ်ပေးသည့်ရက်မှစ၍ ငါးနှစ်ဖြစ်သည်။

၂၆။ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းက တာဝန်ဖြင့် ပြည်ပနိုင်ငံသို့ စေလွှတ်မည့် တပ်မတော်သား၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်၊ နိုင်ငံ့ဝန်ထမ်းနှင့် နိုင်ငံတော်ကအထူးကိစ္စရပ်ဖြင့် စေလွှတ် သည့် ပုဂ္ဂိုလ်အတွက် အထူးနိုင်ငံကူးလက်မှတ်ကို နိုင်ငံခြားရေးဝန်ကြီးဌာနက လျှောက်ထားသည့် ဌာနသို့ထုတ်ပေးပြီး မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးအဖွဲ့တွင် မှတ်တမ်းတင်ရန် အချက်အလက် များကို ပေးပို့ရမည်။

၂၇။ ပြည်ပနိုင်ငံတွင် သံတမန်ရေးရာတာဝန်ထမ်းဆောင်မည့် သံတမန်များ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၏ အဆင့်မြင့်အရာရှိကြီးများအတွက် သံတမန်နိုင်ငံကူးလက်မှတ်ကို နိုင်ငံခြားရေး ဝန်ကြီးဌာနက လျှောက်ထားသည့်ဌာနသို့ ထုတ်ပေးပြီး မြန်မာနိုင်ငံကူးလက်မှတ် ထုတ်ပေးရေးအဖွဲ့တွင် မှတ်တမ်းတင်ရန် အချက်အလက်များကို ပေးပို့ရမည်။

၂၈။ အထူးနိုင်ငံကူးလက်မှတ် ရရှိသူသည်-

(က) အောက်ပါအခြေအနေတစ်ရပ်ရပ်ဖြစ်ပေါ်သည့်အခါ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရ အဖွဲ့အစည်းသို့ အပြီးတိုင် ပြန်လည်အပ်နှံရမည်-

( ၁ ) ဝန်ထမ်းအဖြစ်မှ အငြိမ်းစားယူခြင်း၊

( ၂ ) ဝန်ထမ်းအဖြစ်မှ နုတ်ထွက်ခြင်း၊

( ၃ ) ဌာနကူးပြောင်း တာဝန်ထမ်းဆောင်ခြင်း၊

**စာမျက်နှာ ၆ သို့ ❖**

❖ စာမျက်နှာ ၅ မှ

(၄) ဝန်ထမ်းအဖြစ်မှ ထုတ်ပစ်ခံရခြင်း၊
(၅) ရာထူးမှ နုတ်ပယ်ခံရခြင်း၊
(၆) သေဆုံးခြင်း။

(ခ) ပြည်ပခရီးစဉ်ပြီးဆုံးပါက အထူးနိုင်ငံကူးလက်မှတ်ကို သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းသို့ ယာယီအပ်နှံရမည်။

၂၉။ မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးအဖွဲ့သည် အောက်ပါအခြေအနေတစ်ရပ်ရပ် စိစစ်တွေ့ရှိပါက မြန်မာနိုင်ငံကူးလက်မှတ် ထုတ်ပေးရန် ငြင်းပယ်နိုင်သည်-

(က) မြန်မာနိုင်ငံကူးလက်မှတ်လျှောက်ထားခွင့်ရှိသူဖြစ်ကြောင်း အထောက်အထားတင်ပြနိုင်ခြင်း မရှိသူဖြစ်ခြင်း၊
(ခ) နိုင်ငံသားအဖြစ်မှ ရပ်စဲခံရသူဖြစ်ခြင်း၊
(ဂ) မရိုးမဖြောင့်သောသဘောဖြင့် လိမ်လည်လှည့်ဖြားလျှောက်ထားသူဖြစ်ခြင်း၊
(ဃ) ပြစ်ဒဏ်ကျခံနေရသူဖြစ်ခြင်း၊
(င) ပြစ်မှုတစ်ခုခုဖြင့်အရေးယူခံရ၍ တရားရုံး သို့မဟုတ် သက်ဆိုင်ရာဌာနက နိုင်ငံကူးလက်မှတ် ထုတ်မပေးရန် တင်ပြချက်လက်ခံရရှိခြင်း၊
(စ) နိုင်ငံတော်လုံခြုံရေးနှင့် နိုင်ငံတော်၏အကျိုးစီးပွားကို နှောင့်ယှက်ဖျက်ဆီးနိုင်သည်ဟု ယူဆရသူဖြစ်ခြင်း၊
(ဆ) ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၀၁(၁)အရ စည်းကမ်းသတ်မှတ်ချက်ဖြင့် ပြစ်ဒဏ်မှ လွတ်ငြိမ်းခွင့်ပြုထားပြီး သတ်မှတ်ကာလမပြည့်သေးသူ၊
(ဇ) တည်ဆဲဥပဒေတစ်ရပ်ရပ်အရ တရားရုံးက ခံဝန်ချုပ် ချုပ်ထားသည့် ကာလမပြည့်သေးသူ၊
(ဈ) သက်ဆိုင်ရာ ပြည်ပနိုင်ငံ၏ တည်ဆဲဥပဒေတစ်ရပ်ရပ်ကို လိုက်နာရန် ပျက်ကွက်ခြင်းကြောင့် မြန်မာနိုင်ငံသို့ ပြန်လည်ပို့ဆောင်ခံရသူဖြစ်ခြင်း။

၃၀။ မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးအဖွဲ့သည် အောက်ပါအခြေအနေတစ်ရပ်ရပ် စိစစ်တွေ့ရှိပါက ထုတ်ပေးထားသည့် မြန်မာနိုင်ငံကူးလက်မှတ်ကို ပယ်ဖျက်ရမည်-

(က) မြန်မာနိုင်ငံကူးလက်မှတ် ပျောက်ဆုံးခြင်းကြောင့် အသစ်ပြန်လည်ထုတ်ပေးရန် လျှောက်ထားခြင်း၊
(ခ) မြန်မာနိုင်ငံကူးလက်မှတ် ကိုင်ဆောင်ထားသူကို နိုင်ငံသားအဖြစ်မှ ရပ်စဲခြင်း၊
(ဂ) မြန်မာနိုင်ငံကူးလက်မှတ်ကို ဆက်လက်အသုံးပြုရန် မသင့်လျော်လောက်အောင် ပျက်စီး သို့မဟုတ် ညစ်နွမ်းနေခြင်း။

၃၁။ မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးအဖွဲ့သည် မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရန် ငြင်းပယ်ခြင်း သို့မဟုတ် ထုတ်ပေးထားသည့် မြန်မာနိုင်ငံကူးလက်မှတ်ကို ပယ်ဖျက်ခြင်းပြုပါက ငြင်းပယ်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းခံရသူထံ သတ်မှတ်ချက်နှင့်အညီ အကြောင်းကြားရမည်။

၃၂။ မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရန် ငြင်းပယ်ခြင်း သို့မဟုတ် ထုတ်ပေးထားသည့် မြန်မာနိုင်ငံကူးလက်မှတ်ကို ပယ်ဖျက်ခြင်းခံရသူသည် အကြောင်းကြားချက်ပေးပို့သည့်နေ့မှ ရက်ပေါင်း ၆၀ အတွင်း ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးထံ အယူခံဝင်ရောက်နိုင်သည်။

၃၃။ (က) ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးသည် ပုဒ်မ ၃၂ အရ အယူခံလျှောက်ထားမှုကို စိစစ်ပြီး အောက်ပါအမိန့်တစ်ရပ်ရပ် ချမှတ်နိုင်သည်-

(၁) အယူခံလျှောက်ထားမှုကို ပလပ်ခြင်း၊
(၂) မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးအဖွဲ့၏ ဆုံးဖြတ်ချက်ကို ပြင်ဆင်ခြင်း သို့မဟုတ် အတည်ပြုခြင်း။

(ခ) ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ် ဖြစ်သည်။

၃၄။ မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးအဖွဲ့သည် ပုဒ်မ ၃၃ ပုဒ်မခွဲ(က) ပုဒ်မခွဲငယ်(၂)အရ ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး၏ ဆုံးဖြတ်ချက်နှင့်အညီ ဆက်လက်ဆောင်ရွက်ရမည်။

**အခန်း(၆)**
**တားမြစ်ချက်များ**

၃၅။ မည်သူမျှ-

(က) မြန်မာနိုင်ငံကူးလက်မှတ်လျှောက်ထားရာတွင် အချက်အလက်အထောက်အထားများကို မရိုးမဖြောင့်သော သဘောဖြင့်ဖြစ်စေ၊ လိမ်လည်လှည့်ဖြားလိုသော အကြံဖြင့်ဖြစ်စေ မမှန်မကန်ဖော်ပြခြင်း၊ တင်ပြခြင်း မပြုရ၊
(ခ) တရားဝင်ကိုင်ဆောင်ခွင့်ရရှိသည့် မြန်မာနိုင်ငံကူးလက်မှတ်ကို အခြားသူတစ်ဦးဦးအား ရောင်းချခြင်း၊ ငှားရမ်းခြင်း သို့မဟုတ် တစ်နည်းနည်းဖြင့် လွှဲပြောင်းပေးခြင်း မပြုရ၊
(ဂ) အတု သို့မဟုတ် ဆင်တူယိုးမှား ပြုလုပ်ထားသော မြန်မာနိုင်ငံကူးလက်မှတ်ကို လက်ဝယ်ထားခြင်း သို့မဟုတ် ကိုင်ဆောင်အသုံးပြုခြင်း မပြုရ၊
(ဃ) မိမိကိုင်ဆောင်ခွင့်မရှိသော မြန်မာနိုင်ငံကူးလက်မှတ်ကို မရိုးမဖြောင့်သော သဘောဖြင့် လက်ဝယ်ထားခြင်း၊ အသုံးပြုခြင်း၊ တစ်ဆင့်ငှားရမ်းခြင်း၊ ပေါင်နှံခြင်း၊ ရောင်းချခြင်း၊ ဖျက်ဆီးခြင်း သို့မဟုတ် တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်း မပြုရ၊
(င) မြန်မာနိုင်ငံကူးလက်မှတ်ကို အတုပြုလုပ်ခြင်း၊ ဆင်တူယိုးမှားပြုလုပ်ခြင်း သို့မဟုတ် အတု သို့မဟုတ် ဆင်တူယိုးမှားပြုလုပ်ထားသည့် မြန်မာနိုင်ငံကူးလက်မှတ်ကို ရောင်းချခြင်း မပြုရ။

၃၆။ မည်သူမျှ-

(က) မြန်မာနိုင်ငံကူးလက်မှတ်ကို မမှန်မကန်ထုတ်ပေးခြင်း သို့မဟုတ် ထုတ်ပေးစေခြင်း မပြုရ၊
(ခ) မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးသည့် မှတ်တမ်းစာအုပ်တွင် မရိုးမဖြောင့်သော သဘောဖြင့် မမှန်မကန်ရေးသွင်းခြင်း သို့မဟုတ် ရေးသွင်းစေခြင်း မပြုရ။

၃၇။ မည်သူမျှ -

(က) သက်တမ်းရှိနေသော သာမန်နိုင်ငံကူးလက်မှတ်ကို တစ်ခုထက်ပို၍ လက်ဝယ်ထားခြင်း သို့မဟုတ် အသုံးပြုခြင်း မပြုရ။
(ခ) ပယ်ဖျက်ထားသည့် မြန်မာနိုင်ငံကူးလက်မှတ်ကို အသုံးမပြုရ။

၃၈။ မည်သူမျှ ဤဥပဒေပါပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ရာတွင် ပူးပေါင်းကြံစည်ခြင်း၊ အားပေးကူညီခြင်း မပြုရ။

**အခန်း(၇)**
**ပြစ်မှုနှင့် ပြစ်ဒဏ်များ**

၃၉။ မည်သူမဆို-

(က) ပုဒ်မ ၃၅ ပုဒ်မခွဲ(က)ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ထောင်ဒဏ် သုံးလမှ အများဆုံး ထောင်ဒဏ် တစ်နှစ်ထိဖြစ်စေ၊ ငွေဒဏ် ငါးသိန်းကျပ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်နိုင်သည်။
(ခ) ပုဒ်မ ၃၅ ပုဒ်မခွဲ(ခ)ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံးထောင်ဒဏ် သုံးလမှ အများဆုံး ထောင်ဒဏ် တစ်နှစ်ထိ ချမှတ်ရမည့်အပြင် အနည်းဆုံး ငွေဒဏ် သုံးသိန်းကျပ်မှ အများဆုံး ငွေဒဏ် ငါးသိန်းကျပ်အထိ ချမှတ်နိုင်သည်။
(ဂ) ပုဒ်မ ၃၅ ပုဒ်မခွဲ(ဂ)ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ထောင်ဒဏ် ခြောက်လမှ အများဆုံး ထောင်ဒဏ် ငါးနှစ်ထိ ချမှတ်ရမည့်အပြင် အနည်းဆုံးငွေဒဏ် ငါးသိန်းကျပ်မှ အများဆုံး ငွေဒဏ် ၁၀ သိန်းကျပ်အထိ ချမှတ်နိုင်သည်။
(ဃ) ပုဒ်မ ၃၅ ပုဒ်မခွဲ(ဃ) သို့မဟုတ် ပုဒ်မခွဲ(င)တို့ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံးထောင်ဒဏ် တစ်နှစ်မှ အများဆုံးထောင်ဒဏ် ငါးနှစ်ထိ ချမှတ်ရမည့်အပြင် အနည်းဆုံးငွေဒဏ် ၁၀ သိန်းကျပ်မှ အများဆုံးငွေဒဏ် ကျပ် ၁၅ သိန်းအထိ ချမှတ်နိုင်သည်။

၄၀။ မည်သူမဆို ပုဒ်မ ၃၆ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံးထောင်ဒဏ် သုံးလမှ အများဆုံးထောင်ဒဏ် တစ်နှစ်ထိဖြစ်စေ၊ ငွေဒဏ် ငါးသိန်းကျပ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်နိုင်သည်။

၄၁။ မည်သူမဆို ပုဒ်မ ၃၇ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ထောင်ဒဏ်ခြောက်လမှ အများဆုံးထောင်ဒဏ် သုံးနှစ်ထိ ချမှတ်ရမည့်အပြင် အနည်းဆုံးငွေဒဏ် ငါးသိန်းကျပ်မှ အများဆုံးငွေဒဏ် ၁၀ သိန်းကျပ်အထိ ချမှတ်နိုင်သည်။

၄၂။ ဤဥပဒေအရ ပြစ်မှုထင်ရှားစီရင်ခြင်းခံရသူသည် ဤဥပဒေပါပြစ်မှုတစ်ရပ်ရပ်ကို ထပ်မံကျူးလွန်ပါက ယင်းပြစ်မှုအတွက် ပြဋ္ဌာန်းထားသော ထောင်ဒဏ်ချမှတ်ခြင်းခံရမည်။

၄၃။ မည်သူမဆို ဤဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်ကိုကျူးလွန်ရာတွင် ပူးပေါင်းကြံစည်လျှင်ဖြစ်စေ၊ အားပေးကူညီလျှင်ဖြစ်စေ ယင်းပြစ်မှုအတွက် ပြဋ္ဌာန်းထားသည့်ပြစ်ဒဏ်အတိုင်း ချမှတ်ခြင်းခံရမည်။

**အခန်း(၈)**
**အထွေထွေ**

၄၄။ ဤဥပဒေ ပုဒ်မ ၃၉ ပုဒ်မခွဲ(က)၊ (ခ)နှင့် ပုဒ်မ ၄၀ ပါ ပြစ်မှုများကို ရဲအရေးပိုင်သောပြစ်မှုများအဖြစ် သတ်မှတ်သည်။

၄၅။ တည်ဆဲဥပဒေတစ်ခုခုတွင် မည်သို့ပင်ပါရှိစေကာမူ ဤဥပဒေနှင့်သက်ဆိုင်သည့် ပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်လျှင် ဤဥပဒေဖြင့်သာ အရေးယူရမည်။

၄၆။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်-

(က) ပြည်ထဲရေးဝန်ကြီးဌာနသည် နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။
(ခ) ပြည်ထဲရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးအဖွဲ့သည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများ ထုတ်ပြန်နိုင်သည်။

၄၇။ မြန်မာနိုင်ငံကူးလက်မှတ်အက်ဥပဒေ(The Myanmar Passport Act.,Act XXXIV,1920)ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၇ အရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ယာယီသမ္မတ

# နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် မတ် ၁၇

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို တစ်နိုင်ငံလုံး အကြားအလပ်မရှိ စဉ်ဆက်မပြတ် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် နယ်စပ်ဒေသဖွံ့ဖြိုးရေး ပြည်ထောင်စုရန်ပုံငွေဖြင့် ဆောင်ရွက်ခဲ့သည့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ လဟယ်မြို့နယ်၊ လဟယ်-ဟွေထိုက်-ပုံညိုနောက်အင်းကြား ၂၀ မိုင်အနက် မြေသားလမ်း ၃ မိုင် အပြီးသတ်ဖောက်လုပ်ခြင်းလုပ်ငန်းကို ယခုအခါ ရာနှုန်းပြည့် ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ လမ်းလုပ်ငန်းဆောင်ရွက်ပေးနိုင်ခဲ့မှုကြောင့် လဟယ်မြို့နယ်အတွင်းရှိ ကျေးရွာ လေးရွာမှ ဒေသခံပြည်သူ ၇၆၂၄ ဦးတို့၏ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးနှင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် များစွာအထောက်အကူပြုမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



# လေထုအရည်အသွေးကောင်းမွန်ဖို့ အားလုံးဝိုင်းဝန်းဆောင်ရွက်စို့

ဒေါက်တာကြူကြူစိန် (မိုး/ဇလ)

လေထုညစ်ညမ်းမှုဆိုသည်မှာ သန့်ရှင်းသောလေထုအတွင်း သာမန်မျက်စိဖြင့် မမြင်နိုင်သည့်အမှုန်အမွှားများ (Particulate Matter – PM, $PM_{10}$, $PM_{2.5}$)၊ စက်ရုံ၊ အလုပ်ရုံနှင့် မော်တော်ကားများမှထွက်ရှိလာသည့် ကာဗွန်မိုနောက်ဆိုက် (CO)၊ နိုက်ထရိုဂျင်ဒိုင်အောက်ဆိုက် ($NO_2$)၊ ဆာလ်ဖာဒိုင်အောက်ဆိုက် ($SO_2$)နှင့် အိုဇုန်း($O_3$) ကဲ့သို့သော ဓာတ်ငွေ့များပါဝင်နေသည့်အခြေအနေကို ဆိုလိုပါသည်။

လေထုညစ်ညမ်းမှုတွင် ပတ်ဝန်းကျင်လေထုညစ်ညမ်းမှု (Ambient/Outdoor Air Pollution) နှင့် အိမ်တွင်း၊ ရုံးတွင်းနှင့် အဆောက်အအုံများအတွင်း လေထုညစ်ညမ်းမှု (Indoor Air Pollution) ဟူ၍ နှစ်မျိုးရှိပါသည်။ စက်ရုံ၊ အလုပ်ရုံနှင့် မော်တော်ကားများမှထွက်လာသည့် အခိုးအငွေ့များ၊ စက်မှုထွက်ကုန်များမှ စွန့်ပစ်ပစ္စည်းများ၊ စိုက်ပျိုးရေး/တောင်ယာလုပ်ငန်းများမှ ကောက်ရိုး/ရိုးပြတ်များ၊ အမှိုက်များမီးရှို့ခြင်းနှင့် တောမီးလောင်ကျွမ်းခြင်းမှထွက်လာသည့် အခိုးအငွေ့များနှင့် အခြားနေရာဒေသများမှ လေပြင်းတိုက်ခတ်မှုနှင့်အတူ လွင့်မျောပါလာသည့် သဲမှုန့်၊ ဖုန်မှုန့်နှင့် အမှုန်အမွှားလေးများကြောင့် ပတ်ဝန်းကျင်လေထုညစ်ညမ်းမှုကိုဖြစ်စေပါသည်။ ထင်း၊ မီးသွေးနှင့် လောင်စာများကို အိမ်တွင်း၊ ရုံးတွင်းနှင့် အဆောက်အအုံများအတွင်း အသုံးပြုခြင်းဖြင့် အခန်းတွင်းလေထုညစ်ညမ်းမှုကို ဖြစ်စေပါသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (World Health Organization–WHO) က ၂၀၁၉ ခုနှစ် စစ်တမ်းကောက်ယူချက်များအရ ကမ္ဘာ့လူဦးရေ၏ ၆ ဒသမ ၇ သန်းခန့်သည် ပတ်ဝန်းကျင်လေထုညစ်ညမ်းမှုနှင့် အခန်းတွင်းလေထုညစ်ညမ်းမှုများကြောင့် နှစ်စဉ်အချိန်မတိုင်ခင် သေဆုံးမှုများရှိနေသည်ကို တွေ့ရှိခဲ့ရပါသည်။ ထို့အတူ ကမ္ဘာ့လူဦးရေ၏ ၉၉ ရာခိုင်နှုန်းခန့်သည် မသန့်ရှင်းသောလေကို ရှူသွင်းနေကြရကြောင်း၊ အထူးသဖြင့် ဝင်ငွေနည်းသည့်နိုင်ငံများနှင့် ဝင်ငွေအသင့်အတင့်နိုင်ငံများတွင် နေထိုင်သည့်သူများသည် လေထုညစ်ညမ်းမှုကို အများဆုံးခံစားနေရကြောင်း အဆိုပါစစ်တမ်းများ၌ ဖော်ပြထားသည်ကို တွေ့ရှိရပါသည်။

### လေအရည်အသွေးတိုင်းတာသည့် အာရုံခံကိရိယာ

ကျွန်ုပ်တို့ နေ့စဉ်ရှူသွင်းနေသည့် လေ၏အရည်အသွေးကိုသိရှိနိုင်ရန် လေအရည်အသွေး တိုင်းတာသည့် အာရုံခံကိရိယာ (Sensor) များဖြင့် တစ်နေရာတည်းတွင်တိုင်းတာခြင်းနှင့် ရွေ့လျားတိုင်းတာခြင်းများဖြင့် တိုင်းတာနိုင်ပါသည်။ ယင်းသို့တိုင်းတာရာတွင် နေရာတစ်ခု၌ တစ်ချိန်တည်းတိုင်းတာပြီး ရလာသည့်ရလဒ်ကို ဖော်ပြ၍မရပါ။ နေရာတစ်ခု၌ အနည်းဆုံး ၂၄ နာရီ မှ ၄၈ နာရီအထိ စောင့်ကြည့်တိုင်းတာထားသည့် ပျမ်းမျှတန်ဖိုးကို ဖော်ပြမှသာလျှင် အဖြေမှန်ရရှိမည်ဖြစ်ပါသည်။

အာရုံခံကိရိယာများဖြင့် တိုင်းတာရရှိသည့်တန်ဖိုးများကို အများနားလည်စေရန် လေအရည်အသွေးအညွှန်းကိန်း (Air Quality Index – AQI) ဖြင့် ဖော်ပြကြပါသည်။ AQI ဆိုသည်မှာ မိမိတို့ရှူသွင်းလိုက်သည့် လေ၏သန့်ရှင်းမှုကို တိုင်းတာသည့်အညွှန်းကိန်းဖြစ်ပြီး လေထုညစ်ညမ်းမှုကို အဓိကဖြစ်စေသည့် ဓာတ်ငွေ့များဖြစ်သော ကာဗွန်မိုနောက်ဆိုက်၊ နိုက်ထရိုဂျင်ဒိုင်အောက်ဆိုက်၊ ဆာလ်ဖာဒိုင်အောက်ဆိုက်၊ အိုဇုန်းနှင့် အမှုန်အမွှားလေးများပါဝင်မှုအပေါ်အခြေခံ၍ ဖော်ပြခြင်းဖြစ်ပါသည်။

**လေအရည်အသွေးအညွှန်းကိန်းအလိုက် အဓိပ္ပာယ်ဖွင့်ဆိုချက်ဇယား**

| လေအရည်အသွေး အညွှန်းကိန်း (AQI) | လေအရည်အသွေးအဆင့် | အဓိပ္ပာယ်ဖွင့်ဆိုချက် |
|---|---|---|
| ၀ - ၅၀ | ကောင်း | လေထုအရည်အသွေးမှာ ကျေနပ်ဖွယ်ရာဖြစ်သည်။ လေထုညစ်ညမ်းမှုအန္တရာယ်မရှိ သို့မဟုတ်လွန်စွာနည်းပါးသည်။ |
| ၅၁ - ၁၀၀ | အသင့်အတင့် | လေထုအရည်အသွေးမှာ လက်ခံနိုင်စရာဖြစ်သော်လည်း လေထုညစ်ညမ်းမှုအား ခံနိုင်ရည်နည်းပါးသည့် အချို့လူများအတွက် ကျန်းမာရေးထိခိုက်နိုင်ဖွယ် အသင့်အတင့်ရှိသည်။ |
| ၁၀၁ - ၁၅၀ | ခံနိုင်ရည်နည်းပါးသော အုပ်စုများအတွက် ကျန်းမာရေးထိခိုက်စေ | လေထုညစ်ညမ်းမှုကို ခံနိုင်ရည်နည်းပါးသူများ ကျန်းမာရေးထိခိုက်နိုင်သည်။ ယေဘုယျအားဖြင့် ကျန်းမာရေးအတွက် စိုးရိမ်ဖွယ်မရှိပါ။ |
| ၁၅၁ - ၂၀၀ | ကျန်းမာရေးထိခိုက်စေ | လူတိုင်းကျန်းမာရေးထိခိုက်မှုမျိုး ကြုံတွေ့နိုင်သည်။ လေထုညစ်ညမ်းမှုကို ခံနိုင်ရည်နည်းပါးသော အုပ်စုများ ကျန်းမာရေး ပိုမိုထိခိုက်နိုင်သည်။ |
| ၂၀၁ - ၃၀၀ | ကျန်းမာရေးကို အလွန်ထိခိုက်စေ | ကျန်းမာရေးအသိပေးချက် - လူတိုင်း ကျန်းမာရေး ပြင်းထန်စွာ ထိခိုက်နိုင်သည်။ |
| ၃၀၁ - ၅၀၀ | အန္တရာယ်ရှိ | ကျန်းမာရေးဆိုင်ရာ အရေးပေါ်သတိပေးရမည့် အခြေအနေဖြစ်သည်။ လူထုတစ်ရပ်လုံး ကျန်းမာရေးထိခိုက်နိုင်ခြေ ပိုများသည်။ |

AQI တန်ဖိုး သုညမှ ၅၀ (၀–၅၀) အတွင်းသည် လေအရည်အသွေးကောင်းမွန်ပါသည်။ ၅၁ မှ ၁၀၀ အတွင်းသည် အသင့်အတင့်ဖြစ်ပြီး ၁၀၁ မှ ၁၅၀ အတွင်းသည် ခံနိုင်ရည်နည်းပါးသော အုပ်စုများ (ဥပမာ– ကလေးငယ်များ၊ သက်ကြီးရွယ်အိုများ၊ ကိုယ်ဝန်ဆောင်အမျိုးသမီးများ၊ ရောဂါအခံရှိသူများ)အတွက် ကျန်းမာရေးကို ထိခိုက်စေနိုင်ပါသည်။ ၁၅၁ မှ ၂၀၀ အတွင်းသည် သာမန်လူများကိုပါ ကျန်းမာရေးကို ထိခိုက်စေနိုင်ပါသည်။ ၂၀၁ မှ ၃၀၀ ကျော်သည်အထိဖြစ်လာပါက အသက်အန္တရာယ် ထိခိုက်နိုင်သည်အထိ ဖြစ်လာနိုင်ပါသည်။ ထို့ကြောင့် AQI တန်ဖိုးနည်းခြင်းသည် လေထုသန့်ရှင်းသည်ဟု သတ်မှတ်နိုင်ပြီး AQI တန်ဖိုးများလာသည်နှင့်အမျှ ကျန်းမာရေးကို ထိခိုက်စေနိုင်ပါသည်။ AQI အညွှန်းကိန်းများ၏ လေအရည်အသွေးအဆင့်အလိုက် ကျန်းမာရေးအပေါ် သက်ရောက်နိုင်သည့် အခြေအနေကို အများပြည်သူအလွယ်တကူ နားလည်စေရန် အရောင်များဖြင့်လည်း အထက်ဖော်ပြပါဇယားအတိုင်း ခွဲခြားဖော်ပြကြပါသည်။

ရန်ကုန်မြို့(ကမ္ဘာအေး)၌ တိုင်းတာရရှိသည့် မှတ်တမ်းများအရ ခြောက်သွေ့ရာသီများဖြစ်သည့် နိုဝင်ဘာလမှ ဧပြီလအတွင်း လေထုညစ်ညမ်းမှုများ ဖြစ်လေ့ရှိရာ ဖေဖော်ဝါရီလသည် လေထုညစ်ညမ်းမှု အမြင့်ဆုံးဖြစ်ပေါ်သည့်လဖြစ်ကြောင်း တွေ့ရှိရပါသည်။ အဆိုပါကာလများတွင် လေအရည်အသွေးသည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က သတ်မှတ်ထားသည့် နေ့စဉ်ပျမ်းမျှစံတန်ဖိုးထက် ကျော်လွန်နေပါသည်။ မိုးရာသီကာလများဖြစ်သည့် မေလမှ အောက်တိုဘာလများအတွင်းတွင် လေထုထဲရှိ ဖုန်မှုန့်များနှင့် အခိုးအငွေ့များသည် မိုးရေနှင့်အတူ ရောပါသွားသောကြောင့် လေအရည်အသွေးကောင်းမွန်သည်ကို တွေ့ရှိရပါသည်။ ထို့အတူ အလုပ်သွား/ပြန်၊ ကျောင်းသွား/ပြန် စသည့်အချိန်များဖြစ်သည့် နံနက်ပိုင်း (၇ နာရီမှ ၁၀ နာရီအတွင်း) နှင့် ညနေပိုင်း (၆ နာရီမှ ၉ နာရီအတွင်း)တို့တွင် လေထုညစ်ညမ်းမှု အမြင့်ဆုံးဖြစ်သည်ကို တွေ့ရှိရပါသည်။

သို့ဖြစ်ပါ၍ ပြည်သူများအနေဖြင့် အထက်ဖော်ပြပါ လေထုညစ်ညမ်းမှု အများဆုံးဖြစ်တတ်သည့် ကာလများနှင့် အချိန်တို့ကို သိရှိထားခြင်းဖြင့် အဆိုပါကာလများတွင် လေထုညစ်ညမ်းမှု ဖြစ်စေနိုင်သည့်အပြုအမူများကို အလေးထားရှောင်ကြဉ်ခြင်း၊ တတ်နိုင်သမျှ အပြင်မထွက်ခြင်းနှင့် မဖြစ်မနေ ထွက်ရမည်ဆိုပါကလည်း နှာခေါင်းစည်း (N95/N99 mask) များ တပ်ဆင်သွားလာခြင်း၊ ခန္ဓာကိုယ်အရေပြားပေါ် အမှုန်အမွှားများ တိုက်ရိုက်ကျရောက်ခြင်းမှ ကာကွယ်နိုင်ရန်အတွက် လုံခြုံသည့် အဝတ်အစားများဝတ်ဆင်၍ သွားလာခြင်း၊ လေထုညစ်ညမ်းမှုဖြစ်ပေါ်နေစဉ်အတွင်း နေအိမ်တံခါးများပိတ်၍ လေလည်ပတ်မှုရှိစေရန် အိမ်အတွင်းပိုင်းတွင် ပန်ကာများ၊ လေသန့်စက်များ ဖွင့်ထားခြင်းတို့ ဆောင်ရွက်သင့်ပါသည်။ သက်ဆိုင်ရာ ကဏ္ဍအသီးသီးမှလည်း လေထုညစ်ညမ်းမှု လျော့ပါးရေးအတွက် ကြိုတင်စီမံဆောင်ရွက်ခြင်းနှင့် လေထုညစ်ညမ်းမှု၏ဆိုးကျိုးများကို ပြည်သူများအား အသိပညာပေးခြင်း (Awareness) တို့ ဆောင်ရွက်သွားကြရမည်ဖြစ်ပါသည်။

> ❛ ပြည်သူများအနေဖြင့် လေထုညစ်ညမ်းမှု အများဆုံးဖြစ်တတ်သည့်ကာလများနှင့် အချိန်တို့ကို သိရှိထားခြင်းဖြင့် အဆိုပါကာလများတွင် လေထုညစ်ညမ်းမှု ဖြစ်စေနိုင်သည့်အပြုအမူများကို အလေးထားရှောင်ကြဉ်ခြင်း၊ တတ်နိုင်သမျှ အပြင်မထွက်ခြင်းနှင့် မဖြစ်မနေ ထွက်ရမည်ဆိုပါကလည်း နှာခေါင်းစည်း (N95/N99 mask) များ တပ်ဆင်သွားလာခြင်း၊ ခန္ဓာကိုယ်အရေပြားပေါ် အမှုန်အမွှားများ တိုက်ရိုက်ကျရောက်ခြင်းမှ ကာကွယ်နိုင်ရန်အတွက် လုံခြုံသည့် အဝတ်အစားများဝတ်ဆင်၍ သွားလာခြင်း၊ လေထုညစ်ညမ်းမှုဖြစ်ပေါ်နေစဉ်အတွင်း နေအိမ်တံခါးများပိတ်၍ လေလည်ပတ်မှုရှိစေရန် အိမ်အတွင်းပိုင်းတွင် ပန်ကာများ၊ လေသန့်စက်များ ဖွင့်ထားခြင်းတို့ ဆောင်ရွက်သင့် ❜

> ❛ ကမ္ဘာ့လူဦးရေ၏ ၆ ဒသမ ၇ သန်းခန့်သည် ပတ်ဝန်းကျင်လေထုညစ်ညမ်းမှုနှင့် အခန်းတွင်းလေထုညစ်ညမ်းမှုများကြောင့် နှစ်စဉ်အချိန်မတိုင်ခင် သေဆုံးမှုများရှိနေသည်ကို တွေ့ရှိခဲ့ရပါသည်။ ထို့အတူ ကမ္ဘာ့လူဦးရေ၏ ၉၉ ရာခိုင်နှုန်းခန့်သည် မသန့်ရှင်းသောလေကို ရှူသွင်းနေကြရကြောင်း၊ အထူးသဖြင့် ဝင်ငွေနည်းသည့်နိုင်ငံများနှင့် ဝင်ငွေအသင့်အတင့်နိုင်ငံများတွင် နေထိုင်သည့်သူများသည် လေထုညစ်ညမ်းမှုကို အများဆုံးခံစားနေရ ❜

### ပတ်ဝန်းကျင်လေထုအရည်အသွေး ကောင်းမွန်စေရန် ဆောင်ရွက်

လေထုညစ်ညမ်းမှုကြောင့် လူသားတို့၏ ကျန်းမာရေးကို ထိခိုက်စေနိုင်သကဲ့သို့ သဘာဝပတ်ဝန်းကျင်ဂေဟစနစ်ကိုပါ ထိခိုက်နိုင်ပါသည်။ သို့ဖြစ်ပါ၍ မိမိတို့၏ ပတ်ဝန်းကျင်လေထုအရည်အသွေး ကောင်းမွန်စေရန်အတွက် စက်ရုံ၊ အလုပ်ရုံများနှင့် မော်တော်ယာဉ်များသည် သက်ဆိုင်ရာဌာနများမှ ချမှတ်ထားသည့် အခိုးအငွေ့ထုတ်လွှတ်မှုဆိုင်ရာ စံချိန်စံညွှန်းများကို တိကျစွာလိုက်နာခြင်း၊ အမှိုက်/တောင်ယာများကို မီးရှို့မည့်အစား မြေဆွေးဖြစ်အောင်ပြုလုပ်ခြင်း၊ ပြန်လည်အသုံးပြုခြင်း၊ ဓာတ်ဆီ/ ဒီဇယ်/ ဓာတ်ငွေ့ အသုံးပြုခြင်းတို့ကို လျှော့ချခြင်း၊ လောင်စာဆီအသုံးပြုသည့် ကိုယ်ပိုင်ယာဉ်များ အသုံးပြုမည့်အစား အများပြည်သူသုံးယာဉ်များနှင့် Electric Vehicle (EV) ယာဉ်များကို တတ်နိုင်သမျှ အသုံးပြုခြင်း၊ နီးသည့်နေရာသို့သွားပါက လမ်းလျှောက်သွားခြင်း၊ စက်ဘီးဖြင့်သွားခြင်းနှင့် လေထုသန့်စင်စေရန် အထောက်အကူပြုသည့် သစ်ပင်များစိုက်ပျိုးခြင်းတို့ကို ဆောင်ရွက်သင့်ပါသည်။

ယနေ့ရင်ဆိုင်နေရသော လေထုညစ်ညမ်းမှုများသည် ပြည်သူတစ်ရပ်လုံး၏ ကျန်းမာပျော်ရွှင်အသက်ရှင်နေထိုင်မှုများကို ထိခိုက်စေသောကြောင့် မိမိတို့ပတ်ဝန်းကျင်မှသည် ကမ္ဘာတစ်ဝန်းလုံးတွင် ကောင်းမွန်သော လေအရည်အသွေးရရှိစေရန် နိုင်ငံသားအားလုံး တစ်ဦးတစ်ယောက်ချင်းမှအစပြု၍ ကျေးရွာ၊ ရပ်ကွက်၊ မြို့နယ်အလိုက် အားလုံးပူးပေါင်းပါဝင်ပြီး ဆောင်ရွက်မှသာလျှင် လေထုညစ်ညမ်းမှုများကို လျှော့ချနိုင်မည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ **“လေထုအရည်အသွေးကောင်းမွန်ဖို့ အားလုံးဝိုင်းဝန်းဆောင်ရွက်စို့”** ဟု တိုက်တွန်းနှိုးဆော်လိုက်ရပါသည်။ ။

# ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲနှင့် ၂၀၂၆ ခုနှစ် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး တက္ကသိုလ်ဝင်စာမေးပွဲများ ဆဋ္ဌမနေ့ ဆက်လက်ကျင်းပ တက္ကသိုလ်ဝင်စာမေးပွဲ ဆဋ္ဌမနေ့တွင် လာရောက်ဖြေဆိုသူ စုစုပေါင်း ၂၅၄၆၂၄ ဦးရှိပြီး စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး တက္ကသိုလ်ဝင်စာမေးပွဲ ဆဋ္ဌမနေ့တွင် လာရောက်ဖြေဆိုသူ ၃၃၆၄ ဦးရှိ

နေပြည်တော် မတ် ၁၇

၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲနှင့် ၂၀၂၆ ခုနှစ် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးတက္ကသိုလ်ဝင်စာမေးပွဲများကို ယနေ့နံနက်ပိုင်းတွင် နိုင်ငံခြားစာစစ်ဌာနအပါအဝင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဆက်လက်ကျင်းပသည်။

၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို ယခုနှစ်တွင် နိုင်ငံခြားစာစစ်ဌာန ၁၆ ခုနှင့် ပြည်တွင်းစာစစ်ဌာန ၈၇၁ ခု စာစစ်ဌာန စုစုပေါင်း ၈၈၇ ခု ဖွင့်လှစ်ဖြေဆိုခဲ့ရာ စာမေးပွဲဖြေဆိုရန် စာရင်းပေးသွင်းသူဦးရေ စုစုပေါင်း ၂၆၈၇၅၃ ဦးရှိပြီး စာမေးပွဲဆဋ္ဌမနေ့တွင် ဇီဝဗေဒဘာသာရပ်နှင့် ဘောဂဗေဒဘာသာရပ် လာရောက်ဖြေဆိုသူ စုစုပေါင်း ၂၅၄၆၂၄ ဦး၊ ပျက်ကွက် ၁၄၁၂၉ ဦးရှိကာ ဖြေဆိုသူ ၉၄ ဒသမ ၇၄ ရာခိုင်နှုန်းရှိသည်။

၂၀၂၆ ခုနှစ် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး တက္ကသိုလ်ဝင်စာမေးပွဲကို ပြည်တွင်းစာစစ်ဌာန စုစုပေါင်း ၅၃ ခု ဖွင့်လှစ်ဖြေဆိုခဲ့ရာ စက်မှုအတတ်ပညာ ဘာသာတွဲ၊ စိုက်ပျိုးရေး အတတ်ပညာ ဘာသာတွဲနှင့် မွေးမြူရေး အတတ်ပညာ ဘာသာတွဲများဖြေဆိုရန် စာရင်းပေးသွင်းသူဦးရေ စုစုပေါင်း ၃၃၈၆ ဦးရှိပြီး စာမေးပွဲဆဋ္ဌမနေ့တွင် စက်မှုကျောင်းသား ကျောင်းသူများက လက်သမားအတတ်ပညာနှင့် သစ်သားလုပ်ငန်း၊ စက်မှုလုပ်ငန်းသုံး လျှပ်စစ်မော်တာထိန်းချုပ်မှု၊ စက်ခုတ်စားမှုနည်းပညာဘာသာရပ်များ၊ စိုက်ပျိုးရေးကျောင်းသား ကျောင်းသူများက လူမှုရေးသိပ္ပံဘာသာရပ်နှင့် မွေးမြူရေး ကျောင်းသား ကျောင်းသူများက စားမြုံ့ပြန်သတ္တဝါ မွေးမြူထုတ်လုပ်ရေး ဘာသာရပ်တို့ကို ဖြေဆိုကြကာ လာရောက်ဖြေဆိုသူ စုစုပေါင်း ၃၃၆၄ ဦး၊ ပျက်ကွက် ၂၂ ဦးရှိပြီး ဖြေဆိုသူ ၉၉ ဒသမ ၃၅ ရာခိုင်နှုန်းရှိကြောင်း ပညာရေးဝန်ကြီးဌာနမှ သိရသည်။

သတင်းစဉ်

မြန်မာနိုင်ငံစာစစ်ဦးစီးဌာန

၂၀၂၆ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲ တိုင်းဒေသကြီး/ ပြည်နယ်အလိုက် ခရိုင်၊ မြို့နယ် စာစစ်ဌာနနှင့် ဖြေဆိုသူဦးရေစာရင်း

ဘာသာရပ်- ဇီဝဗေဒ + ဘောဂဗေဒ

နေ့စွဲ - ၁၇.၃.၂၀၂၆

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | ခရိုင် | မြို့နယ် | စာစစ်ဌာန | စာရင်းရှိ | | | ဖြေဆို | | | ပျက်ကွက် | | | ဖြေဆို ရာခိုင်နှုန်း | ပျက်ကွက် ရာခိုင်နှုန်း | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | | | |
| ၁ | ကချင် | ၅ | ၁၀ | ၂၃ | ၄၅၄၃ | ၇၆၃၇ | ၁၂၁၈၀ | ၄၂၃၅ | ၇၃၈၈ | ၁၁၆၂၃ | ၃၀၈ | ၂၄၉ | ၅၅၇ | ၉၅.၄၃% | ၄.၅၇% | |
| ၂ | ကယား | ၁ | ၁ | ၁ | ၁၉၈ | ၂၉၉ | ၄၉၇ | ၁၈၃ | ၂၈၈ | ၄၇၁ | ၁၅ | ၁၁ | ၂၆ | ၉၄.၇၇% | ၅.၂၃% | |
| ၃ | ကရင် | ၆ | ၇ | ၁၂ | ၁၂၉၁ | ၂၅၄၉ | ၃၈၄၀ | ၁၁၈၇ | ၂၄၆၉ | ၃၆၅၆ | ၁၀၄ | ၈၀ | ၁၈၄ | ၉၅.၂၁% | ၄.၇၉% | |
| ၄ | ချင်း | ၂ | ၂ | ၂ | ၃၄၉ | ၅၆၆ | ၉၁၅ | ၃၁၇ | ၅၂၁ | ၈၃၈ | ၃၂ | ၄၅ | ၇၇ | ၉၁.၅၈% | ၈.၄၂% | |
| ၅ | စစ်ကိုင်း | ၁၃ | ၂၁ | ၄၀ | ၅၂၁၀ | ၈၀၇၃ | ၁၃၂၈၃ | ၄၇၉၈ | ၇၇၀၂ | ၁၂၅၀၀ | ၄၁၂ | ၃၇၁ | ၇၈၃ | ၉၄.၁၁% | ၅.၈၉% | |
| ၆ | တနင်္သာရီ | ၄ | ၉ | ၁၇ | ၂၂၄၀ | ၄၀၈၃ | ၆၃၂၃ | ၂၁၀၂ | ၃၈၈၈ | ၅၉၉၀ | ၁၃၈ | ၁၉၅ | ၃၃၃ | ၉၄.၇၃% | ၅.၂၇% | |
| ၇ | ပဲခူး(ရှေ့) | ၃ | ၁၄ | ၄၀ | ၆၀၉၅ | ၉၃၃၀ | ၁၅၄၂၅ | ၅၆၃၁ | ၈၉၇၆ | ၁၄၆၀၇ | ၄၆၄ | ၃၅၄ | ၈၁၈ | ၉၄.၇၀% | ၅.၃၀% | |
| ၈ | ပဲခူး(နောက်) | ၃ | ၁၄ | ၄၅ | ၅၃၄၈ | ၇၂၉၃ | ၁၂၆၄၁ | ၄၈၅၆ | ၆၉၉၅ | ၁၁၈၅၁ | ၄၉၂ | ၂၉၈ | ၇၉၀ | ၉၃.၇၅% | ၆.၂၅% | |
| ၉ | မကွေး | ၇ | ၂၂ | ၅၂ | ၈၈၈၃ | ၁၃၂၀၂ | ၂၂၀၈၅ | ၈၃၄၀ | ၁၂၈၆၂ | ၂၁၂၀၂ | ၅၄၃ | ၃၄၀ | ၈၈၃ | ၉၆.၀၀% | ၄.၀၀% | |
| ၁၀ | မန္တလေး | ၁၀ | ၂၅ | ၁၀၈ | ၂၀၅၃၇ | ၂၇၀၁၂ | ၄၇၅၄၉ | ၁၉၂၄၆ | ၂၆၁၆၇ | ၄၅၄၁၃ | ၁၂၉၁ | ၈၄၅ | ၂၁၃၆ | ၉၅.၅၁% | ၄.၄၉% | |
| ၁၁ | မွန် | ၄ | ၁၀ | ၃၀ | ၃၆၇၀ | ၇၂၆၄ | ၁၀၉၃၄ | ၃၄၈၉ | ၇၀၄၄ | ၁၀၅၃၃ | ၁၈၁ | ၂၂၀ | ၄၀၁ | ၉၆.၃၃% | ၃.၆၇% | |
| ၁၂ | ရခိုင် | ၃ | ၃ | ၁၀ | ၈၅၆ | ၉၄၃ | ၁၇၉၉ | ၇၈၇ | ၈၉၉ | ၁၆၈၆ | ၆၉ | ၄၄ | ၁၁၃ | ၉၃.၇၂% | ၆.၂၈% | |
| ၁၃ | ရန်ကုန် | ၁၄ | ၄၅ | ၁၀၇ | ၂၂၂၃၀ | ၂၇၀၂၅ | ၄၉၂၅၆ | ၂၀၇၀၁ | ၂၆၀၀၁ | ၄၆၇၀၂ | ၁၅၃၀ | ၁၀၂၄ | ၂၅၅၄ | ၉၄.၈၁% | ၅.၁၉% | |
| ၁၄ | ရှမ်း(တောင်) | ၈ | ၂၀ | ၆၈ | ၅၁၅၅ | ၈၇၄၇ | ၁၃၉၀၂ | ၄၈၈၄ | ၈၄၈၆ | ၁၃၃၇၀ | ၂၇၁ | ၂၆၁ | ၅၃၂ | ၉၆.၁၇% | ၃.၈၃% | |
| ၁၅ | ရှမ်း(မြောက်) | ၄ | ၇ | ၈ | ၆၆၇ | ၁၁၁၃ | ၁၇၈၀ | ၆၃၈ | ၁၀၅၈ | ၁၆၈၆ | ၃၉ | ၅၅ | ၉၄ | ၉၄.၇၂% | ၅.၂၈% | |
| ၁၆ | ရှမ်း(ရှေ့) | ၆ | ၉ | ၁၂ | ၈၁၈ | ၁၂၆၁ | ၂၀၇၉ | ၇၅၂ | ၁၂၁၅ | ၁၉၆၇ | ၆၆ | ၄၆ | ၁၁၂ | ၉၄.၆၁% | ၅.၃၉% | |
| ၁၇ | ဧရာဝတီ | ၈ | ၂၆ | ၂၄၇ | ၁၇၃၇၇ | ၂၁၉၅၀ | ၃၉၃၂၇ | ၁၅၅၁၈ | ၂၀၉၀၂ | ၃၆၄၂၀ | ၁၈၅၉ | ၁၀၄၈ | ၂၉၀၇ | ၉၂.၆၁% | ၇.၃၉% | |
| ၁၈ | နေပြည်တော် | ၄ | ၈ | ၄၉ | ၆၇၁၅ | ၈၁၉၉ | ၁၄၉၁၄ | ၆၂၀၁ | ၇၈၈၄ | ၁၄၀၈၅ | ၅၁၄ | ၃၁၅ | ၈၂၉ | ၉၄.၄၄% | ၅.၅၆% | |
| ၁၉ | နိုင်ငံခြား | | ၁၃ | ၁၆ | ၈ | ၁၆ | ၂၄ | ၈ | ၁၆ | ၂၄ | ၀ | ၀ | ၀ | ၁၀၀.၀၀% | ၀.၀၀% | |
| | စုစုပေါင်း | ၁၀၅ | ၂၆၆ | ၈၈၇ | ၁၁၂၂၉၁ | ၁၅၆၄၆၂ | ၂၆၈၇၅၃ | ၁၀၃၈၆၃ | ၁၅၀၇၆၁ | ၂၅၄၆၂၄ | ၈၄၂၈ | ၅၇၀၁ | ၁၄၁၂၉ | ၉၄.၇၄% | ၅.၂၆% | |

မြန်မာနိုင်ငံစာစစ်ဦးစီးဌာန

၂၀၂၆ ခုနှစ်၊ စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး တက္ကသိုလ်ဝင်စာမေးပွဲ တိုင်းဒေသကြီး/ ပြည်နယ်များတွင် နေ့စဉ်ဖြေဆိုမှု အခြေပြဇယား

ဘာသာရပ် - စက်မှုအတတ်ပညာ(လက်သမားအတတ်ပညာနှင့် သစ်သားလုပ်ငန်း၊ စက်မှုလုပ်ငန်းသုံးလျှပ်စစ်မော်တာထိန်းချုပ်မှု၊ စက်ခုတ်စားမှုနည်းပညာ)+ စိုက်ပျိုးရေးအတတ်ပညာ(လူမှုရေးသိပ္ပံ)+မွေးမြူရေးအတတ်ပညာ(စားမြုံ့ပြန်သတ္တဝါမွေးမြူထုတ်လုပ်ရေး)

နေ့စွဲ - ၁၇.၃.၂၀၂၆

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | ခရိုင် | မြို့နယ် | စာစစ် ဌာန | စာရင်းရှိ | | | ဖြေဆို | | | ပျက်ကွက် | | | ဖြေဆို ရာခိုင်နှုန်း | ပျက်ကွက် ရာခိုင်နှုန်း | မှတ် ချက် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | | | |
| ၁ | ကချင် | ၂ | ၃ | ၃ | ၁၀၉ | ၉၁ | ၂၀၀ | ၁၀၉ | ၉၁ | ၂၀၀ | ၀ | ၀ | ၀ | ၁၀၀.၀၀% | ၀.၀၀% | |
| ၂ | ကယား | ၁ | ၁ | ၁ | ၁၃ | ၁၃ | ၂၆ | ၁၃ | ၁၃ | ၂၆ | ၀ | ၀ | ၀ | ၁၀၀.၀၀% | ၀.၀၀% | |
| ၃ | ကရင် | ၁ | ၁ | ၂ | ၇၀ | ၄၂ | ၁၁၂ | ၇၀ | ၄၂ | ၁၁၂ | ၀ | ၀ | ၀ | ၁၀၀.၀၀% | ၀.၀၀% | |
| ၄ | ချင်း | ၁ | ၁ | ၁ | ၁၅ | ၁၂ | ၂၇ | ၁၅ | ၁၂ | ၂၇ | ၀ | ၀ | ၀ | ၁၀၀.၀၀% | ၀.၀၀% | |
| ၅ | စစ်ကိုင်း | ၄ | ၅ | ၅ | ၁၈၆ | ၁၉၆ | ၃၈၂ | ၁၈၅ | ၁၉၂ | ၃၇၇ | ၁ | ၄ | ၅ | ၉၈.၆၉% | ၁.၃၁% | |
| ၆ | တနင်္သာရီ | ၂ | ၂ | ၂ | ၂၉ | ၉ | ၃၈ | ၂၉ | ၉ | ၃၈ | ၀ | ၀ | ၀ | ၁၀၀.၀၀% | ၀.၀၀% | |
| ၇ | ပဲခူး(ရှေ့) | ၂ | ၃ | ၃ | ၁၃၅ | ၈၁ | ၂၁၆ | ၁၃၅ | ၈၁ | ၂၁၆ | ၀ | ၀ | ၀ | ၁၀၀.၀၀% | ၀.၀၀% | |
| ၈ | ပဲခူး(နောက်) | ၂ | ၃ | ၃ | ၁၃၆ | ၈၆ | ၂၂၂ | ၁၃၄ | ၈၅ | ၂၁၉ | ၂ | ၁ | ၃ | ၉၈.၆၅% | ၁.၃၅% | |
| ၉ | မကွေး | ၄ | ၅ | ၅ | ၂၁၁ | ၁၄၀ | ၃၅၁ | ၂၀၇ | ၁၃၈ | ၃၄၅ | ၄ | ၂ | ၆ | ၉၈.၂၉% | ၁.၇၁% | |
| ၁၀ | မန္တလေး | ၄ | ၅ | ၆ | ၂၀၈ | ၁၃၁ | ၃၃၉ | ၂၀၆ | ၁၃၁ | ၃၃၇ | ၂ | ၀ | ၂ | ၉၉.၄၁% | ၀.၅၉% | |
| ၁၁ | မွန် | ၂ | ၂ | ၂ | ၃၁ | ၂၆ | ၅၇ | ၃၁ | ၂၆ | ၅၇ | ၀ | ၀ | ၀ | ၁၀၀.၀၀% | ၀.၀၀% | |
| ၁၂ | ရခိုင် | ၁ | ၁ | ၁ | ၇ | ၄ | ၁၁ | ၇ | ၄ | ၁၁ | ၀ | ၀ | ၀ | ၁၀၀.၀၀% | ၀.၀၀% | |
| ၁၃ | ရန်ကုန် | ၄ | ၄ | ၄ | ၂၄၄ | ၁၅၈ | ၄၀၂ | ၂၄၄ | ၁၅၈ | ၄၀၂ | ၀ | ၀ | ၀ | ၁၀၀.၀၀% | ၀.၀၀% | |
| ၁၄ | ရှမ်း(တောင်) | ၃ | ၃ | ၃ | ၁၇၃ | ၂၀၀ | ၃၇၃ | ၁၇၂ | ၂၀၀ | ၃၇၂ | ၁ | ၀ | ၁ | ၉၉.၇၃% | ၀.၂၇% | |
| ၁၅ | ရှမ်း(မြောက်) | ၁ | ၁ | ၁ | ၂ | ၂ | ၄ | ၂ | ၂ | ၄ | ၀ | ၀ | ၀ | ၁၀၀.၀၀% | ၀.၀၀% | |
| ၁၆ | ရှမ်း(ရှေ့) | ၁ | ၁ | ၂ | ၂၁ | ၈ | ၂၉ | ၂၁ | ၈ | ၂၉ | ၀ | ၀ | ၀ | ၁၀၀.၀၀% | ၀.၀၀% | |
| ၁၇ | ဧရာဝတီ | ၄ | ၆ | ၆ | ၂၇၂ | ၉၅ | ၃၆၇ | ၂၆၉ | ၉၃ | ၃၆၂ | ၃ | ၂ | ၅ | ၉၈.၆၄% | ၁.၃၆% | |
| ၁၈ | နေပြည်တော် | ၂ | ၃ | ၃ | ၁၄၃ | ၈၇ | ၂၃၀ | ၁၄၃ | ၈၇ | ၂၃၀ | ၀ | ၀ | ၀ | ၁၀၀.၀၀% | ၀.၀၀% | |
| | စုစုပေါင်း | ၄၁ | ၅၀ | ၅၃ | ၂၀၀၅ | ၁၃၈၁ | ၃၃၈၆ | ၁၉၉၂ | ၁၃၇၂ | ၃၃၆၄ | ၁၃ | ၉ | ၂၂ | ၉၉.၃၅% | ၀.၆၅% | |

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန် ကျောင်းသား ကျောင်းသူများ အေးချမ်းစွာစာမေးပွဲဖြေဆိုနေမှု ကြည့်ရှုအားပေး

**နေပြည်တော် မတ် ၁၇**

ပညာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန်သည် ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်၊ Naypyitaw State Academy ပါမောက္ခချုပ်၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက Naypyitaw State Academy ၌ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ပထမနှစ်၊ ဒုတိယနှစ်၊ တတိယနှစ်၊ စတုတ္ထနှစ်၊ ပဉ္စမနှစ် (ဥပဒေ)၊ ပထမနှစ်ဂုဏ်ထူးတန်း၊ ဒုတိယနှစ် ဂုဏ်ထူးတန်း၊ တတိယနှစ်ဂုဏ်ထူးတန်း၊ မဟာအရည်



အချင်းစစ်သင်တန်း၊ မဟာတန်း ပထမနှစ်နှင့် မဟာတန်းဒုတိယနှစ် သင်တန်းများ၏ ပထမပညာသင် ကာလ စာမေးပွဲများတွင် တက္ကသိုလ် ကျောင်းသား ကျောင်းသူများ အေးချမ်းစွာဖြေဆိုနေမှုများကို ကြည့်ရှုစစ်ဆေးသည်။

Naypyitaw State Academy ၏ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ပထမပညာသင်ကာလ စာမေးပွဲများကို မတ် ၁၆ ရက်မှ ၂၄ ရက်အထိ ကျင်းပလျက်ရှိပြီး ကြည့်ရှုစစ်ဆေးစဉ် ပြည်ထောင်စုဝန်ကြီးက ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်းသာစွာ ဖြေဆိုနိုင်ရေး၊ စာမေးပွဲလုပ်ငန်းများ အဆင်ပြေချောမွေ့ရေး ဖြည့်ဆည်းဆောင်ရွက်ရန် မှာကြားသည်။

**ကြည့်ရှုအားပေး**

ထို့နောက် ဇမ္ဗူသီရိမြို့နယ် အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်း စာစစ်ဌာန၌ ကျောင်းသား ကျောင်းသူများ အေးချမ်းစွာ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုနေမှုကို ကြည့်ရှုအားပေးသည်။

နေပြည်တော်ကောင်စီနယ်မြေရှိ ၂၀၂၆ ခုနှစ်တက္ကသိုလ်ဝင်စာမေးပွဲတွင် စာစစ်ဌာန စုစုပေါင်း ၄၉ ခု၌ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုရန် ကျောင်းသား ကျောင်းသူ ၁၄၉၁၄ ဦး စာရင်းပေးသွင်းကြပြီး ဆဋ္ဌမနေ့ ဇီဝဗေဒနှင့် ဘောဂဗေဒဘာသာရပ်ဖြေဆိုသူ ၁၄၀၈၅ ဦး ဝင်ရောက်ဖြေဆိုခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



ဧရာဝတီတိုင်းဒေသကြီးရှိ အခြေခံပညာကျောင်းတစ်ကျောင်း၌ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုနေသည့် ကျောင်းသား ကျောင်းသူများကို တွေ့ရစဉ်။



မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ်ရှိ အမှတ်(၈) အခြေခံပညာအထက်တန်းကျောင်း၌ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုပြီး ပြန်လည်ထွက်ခွာလာသည့် ကျောင်းသား ကျောင်းသူများကို တွေ့ရစဉ်။

# ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲနှင့် ၂၀၂၆ ခုနှစ် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးတက္ကသိုလ်ဝင်စာမေးပွဲ ဆဋ္ဌမနေ့ ဆက်လက်ဖြေဆို

**နေပြည်တော် မတ် ၁၇**

၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲနှင့် ၂၀၂၆ ခုနှစ် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး တက္ကသိုလ်ဝင်စာမေးပွဲများကို မတ် ၁၁ ရက်မှ စတင်ကျင်းပခဲ့ရာ ယနေ့စာမေးပွဲဖြေဆိုမှု ဆဋ္ဌမနေ့တွင် သက်ဆိုင်ရာ ဘာသာရပ်များဖြစ်သည့် ဇီဝဗေဒ ဘာသာရပ်၊ ဘောဂဗေဒဘာသာရပ်၊ စက်မှုအတတ်ပညာတွင် (လက်သမား အတတ်ပညာနှင့် သစ်သားလုပ်ငန်း ဘာသာရပ်၊ စက်မှုလုပ်ငန်းသုံးလျှပ်စစ်မော်တာ ထိန်းချုပ်မှုဘာသာရပ်၊ စက်ခုတ်စားမှုနည်းပညာ ဘာသာရပ်)၊ စိုက်ပျိုးရေး အတတ်ပညာတွင် (လူမှုရေးသိပ္ပံ ဘာသာရပ်)နှင့် မွေးမြူရေး အတတ်ပညာတွင် (စားမြုံ့ပြန်သတ္တဝါ မွေးမြူထုတ်လုပ်ရေးဘာသာရပ်) များကို တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ စာစစ်ဌာနများ၌ ကျောင်းသား ကျောင်းသူများက စိတ်အေးချမ်းသာစွာ ဖြေဆိုခဲ့ကြသည်။

ဦးစွာ စာမေးပွဲဖြေဆိုခြင်းမပြုမီ ဆရာ ဆရာမများက ကျောင်းသား ကျောင်းသူများအား စာမေးပွဲဖြေဆိုခွင့်ကတ်များ မှန်/မမှန် စစ်ဆေးခြင်းများနှင့် လိုအပ်သည့် စစ်ဆေးမှုများကို စာမေးပွဲစည်းမျဉ်း စည်းကမ်းများနှင့်အညီ စနစ်တကျ ဆောင်ရွက်ကြသည်။

ထိုသို့ တက္ကသိုလ်ဝင်စာမေးပွဲများဖြေဆိုကြရာတွင် ဇီဝဗေဒ ဘာသာရပ်နှင့် ဘောဂဗေဒဘာသာရပ်တို့ကို နေပြည်တော်ကောင်စီနယ်မြေအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ခရိုင်၊ မြို့နယ်၊ စာစစ်ဌာနများနှင့် နိုင်ငံခြားစာစစ်ဌာနအပါအဝင် စာစစ်ဌာန စုစုပေါင်း ၈၈၇ ခု၌ ဝင်ရောက်ဖြေဆိုသူစုစုပေါင်း ၂၅၄၆၂၄ ဦး (၉၄ ဒသမ ၇၄ ရာခိုင်နှုန်း)ဖြင့် လည်းကောင်း၊ စက်မှုအတတ်ပညာတွင် (လက်သမားအတတ်ပညာနှင့် သစ်သားလုပ်ငန်းဘာသာရပ်၊ စက်မှုလုပ်ငန်းသုံး လျှပ်စစ်မော်တာ ထိန်းချုပ်မှုဘာသာရပ်၊ စက်ခုတ်စားမှုနည်းပညာဘာသာရပ်)၊ စိုက်ပျိုးရေးအတတ်ပညာတွင် (လူမှုရေးသိပ္ပံဘာသာရပ်) နှင့် မွေးမြူရေးအတတ်ပညာတွင် (စားမြုံ့ပြန်သတ္တဝါမွေးမြူထုတ်လုပ်ရေးဘာသာရပ်) တို့ကို စာစစ်ဌာန ၅၃ ခု၌ ဖြေဆိုသူ စုစုပေါင်း ၃၃၆၄ ဦး (၉၉ ဒသမ ၃၅ ရာခိုင်နှုန်း)ဖြင့်လည်းကောင်း ဖြေဆိုခဲ့ကြကြောင်း ပညာရေးဝန်ကြီးဌာနမှ သိရှိရသည်။

ယင်းသို့ ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်းသာစွာနှင့် ဘေးအန္တရာယ်ကင်းရှင်းစွာ ဖြေဆိုနိုင်ရေးအတွက် သက်ဆိုင်ရာ လုံခြုံရေးအဖွဲ့ဝင်များ၊ ကျန်းမာရေးဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ရပ်ကွက်ကျေးရွာ အုပ်ချုပ်ရေးအဖွဲ့ဝင်များက စနစ်တကျ စောင့်ကြပ်ကြည့်ရှုပေးလျက်ရှိပြီး ကျောင်းသားကျောင်းသူများ၏ စာမေးပွဲဖြေဆိုနေမှုများကို သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ တိုင်းဒေသကြီး/ပြည်နယ် ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

၁။ ယခုဖြေဆိုနေတဲ့ တက္ကသိုလ်ဝင်တန်းစာမေးပွဲကို ကလေးတွေအနေနဲ့ အေးချမ်းစွာဖြေဆိုနိုင်ခဲ့ကြပါတယ်။ အခုလို ဖြေဆိုနိုင်ဖို့အတွက် ကလေးတွေအနေနဲ့လည်း သင်ယူထားတဲ့ လေ့ကျင့်ခန်းတွေကို ကောင်းမွန်စွာ ကျက်မှတ်လေ့ကျင့်ခဲ့ကြပါတယ်။ အခုလို စာမေးပွဲကို ကောင်းမွန်စွာ ဖြေဆိုနိုင်ဖို့အတွက် သက်ဆိုင်ရာ



ဌာနဆိုင်ရာ အဖွဲ့အစည်းများ တာဝန်ရှိကြီးကြပ်ရေးမှူး ဆရာမကြီးနှင့်တကွ လက်ထောက်ကြီးကြပ်ရေးမှူး ဆရာ ဆရာမများအနေနဲ့ ဝိုင်းဝန်းကူညီဆောင်ရွက်ခဲ့ကြပါတယ်။ ကလေးတွေဖြေဆိုဖို့အတွက် သက်ဆိုင်ရာဘာသာရပ် ဆရာ ဆရာမများဘက်ကလည်း ကလေးတွေအတွက် အချိန်ပိုတွေ ခေါ်ယူသင်ကြားပေးတာတွေ၊ မေးခွန်းဟောင်းတွေ လေ့ကျင့်ပေးတာတွေကို ဆောင်ရွက်ခဲ့ကြပါတယ်။ ကလေးတွေအနေနဲ့ လည်း အေးချမ်းစွာ ဖြေဆိုနိုင်ခဲ့ကြပါတယ်။ ဒီကျောင်းကြီးမှာ အနာဂတ်မှာ စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးကဏ္ဍတွေမှာ ထူးချွန်ထက်မြက်တဲ့ ကျောင်းသားလူငယ်တွေ ပေါ်ထွန်းလာဖို့အတွက် ဆုတောင်းမေတ္တာပို့သလိုက်ရပါတယ်။



၂။ ကလေး အပေါ်မှာတော့ မူတည်တာပေါ့။ ကလေးက အမှတ် ကောင်းလာရင်တော့ ကျွန်တော်ကတော့ ကျွန်တော့်ရည်မှန်းချက် အောင်မြင်ပြီလို့ တွက်ပါတယ်။ ကျောင်းသားတွေလည်း အများကြီး ကြိုးစားကြပါ။ G 12 စာမေးပွဲကို နှစ်ချင်းပေါက်အောင်မြင်အောင်ကြိုးစားကြပါလို့ ကျွန်တော်က ပြောချင်ပါတယ်။



၃။ Bio တွဲနဲ့ဖြေတာပါ။ ကျေနပ်အားရမှုအရှိဆုံးကတော့ သင်္ချာရယ်၊ ရူပဗေဒရယ်ကတော့ ကျေနပ်အားရမှုရှိပါတယ်။ ဖြစ်ချင်တာက ဆရာဝန်ပါ။ ဒါပေမဲ့လည်း အမှတ်စာရင်းကြည့်ပြီးမှ ရတဲ့အမှတ်ကို အောင်မြင်အောင် လုပ်ရမှာပါ။

၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲများကို မတ် ၁၁ ရက်မှ စတင်၍ ကျင်းပခဲ့ရာ ယနေ့တွင် စာမေးပွဲဖြေဆိုမှု နောက်ဆုံးရက်အဖြစ် အောင်မြင်စွာ ကျင်းပပြီးစီးခဲ့ပြီးဖြစ်ကြောင်းနှင့် ၂၀၂၆ ခုနှစ် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး တက္ကသိုလ်ဝင် စာမေးပွဲများကို မတ် ၁၈ ရက်အထိ ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

(၈၁)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုဆောင်းပါး

# ကမ္ဘာမှာ မြန်မာဆိုတဲ့ မြေပုံလေး ထာဝရ တည်မြဲနေစေဖို့ ......

## သဲဟန် (ဘန်ကောက်)

ဒဏ်ရာဒဏ်ချက်များနဲ့ ငါတို့နိုင်ငံ
မြန်မာချင်း သွေးကွဲဖို့ သွေးခွဲ ရန်စတဲ့ တိုက်ပွဲခေါ်သံ
သမိုင်းစဉ်လာ၊ ငါတို့သွေးချင်းရိုင်းပင်းချိန်
အိမ်နီးချင်း၊ ဘယ်မင်းမှ ချူ (ဂျူ) မထောင်ရဲ၊ စိန်မခေါ်ရဲ
အချင်းချင်းသွေးကွဲမှ၊ မလေးမစား၊ ကျားရဲဆွဲ
သစ္စာဖောက်လောက်ကောင်တွေ၊ အမျိုးတုံးစေရမယ်။ ။

အောက်စ်ဖို့ဒ်ဆရာတော်ကြီးက မိန့်ကြားဖူးတယ်၊ **"ခက်ခဲကြမ်းတမ်းတဲ့၊ လောကဓံမြေပြင်ဟာ စိတ်နှလုံးကောင်းရှိသူတွေအတွက် ပါရမီဖြည့်ဆည်းရာနယ်မြေပါ"**တဲ့။

ဘဝတိုက်ပွဲများအောင်နိုင်ဖို့ ပါရမီဆယ်ပါးလက်နက်များကို ဆောင်ကြပါစို့။

ပါရမီဆယ်ပါး၊ အပြားသုံးဆယ်မှာ "အင်္ဂပရိစ္စာဂ၊ ဒါနပါရမီ"ဆိုတဲ့ ကိုယ်လက်အင်္ဂါလှူဒါန်းခြင်း။ "ဇီဝိတပရိစ္စာဂ၊ ဒါနပါရမီ"ဆိုတဲ့ အသက်ကိုပေးလှူ၊ စွန့်လွှတ်လှူဒါန်းခြင်း"။

ဒါငါတို့ရဲ့စစ်သည်တွေ ဖြည့်ဆည်းနေတဲ့ ဒါနဥပပါရမီ၊ ဒါနပရမတ္ထပါရမီတွေပါ။ ရဲသော်မသေ သေသော်ငရဲမလားတဲ့။ တိုက်ပွဲကျစစ်သည်တွေ ဘာစိတ်နဲ့သေသလဲဆိုတဲ့ စိတ်ညွတ်မှုအပေါ်မှာပဲ မူတည်ပါတယ်။

ရန်သူကို တိုက်ပွဲဝင်ချိန်မှာ ကျင့်ရမယ့် ကျင့်ဝတ်တရား **"စစ်မြေပြင်တွင် ရန်သူကို နေလိုမီးလို ကျင့်ရမည်။ ပြည်သူကို ရေလို၊ လလို ....."**

တပ်မတော်ကျင့်ဝတ် ၆၀ မှာ နိုင်ငံတော်ရဲ့ အဘက်ဘက်က ရန်၊ တိုင်းတစ်ပါးရန်၊ ပြည်တွင်းရန်၊ သဘာဝဘေးရန် အန္တရာယ်အားလုံး ကာကွယ်ရန် ပါဝင်ပါတယ်။

တပ်မတော်ထဲ စဝင်ပြီဆိုကတည်းက သစ္စာလေးချက်ဆိုပြီး ဝင်လာတာ။ တစ်ခါ စစ်သားဖြစ်ဖူးရင် တစ်သက်လုံးစစ်သားပဲ။ သစ္စာလေးချက် နောက်ဆုံးစာပိုဒ်က **"ငါ့နိုင်ငံတော်၊ ငါ့နိုင်ငံသား၊ ငါ့တပ်မတော်အတွက် ငါ၏အသက်ကို စွန့်လွှတ်ရန်၊ အဓိဋ္ဌာန်ပြုပါ၏"**

မွန်မြတ်သောစစ်သား၊ ကိုယ်လက်အင်္ဂါလှူဒါန်းခြင်း၊ အသက်ကို ပေးလှူခြင်းဆိုတဲ့ ဒါနပရမတ္ထပါရမီတွေနဲ့ သစ္စာဓိဋ္ဌာန်ဆိုပြီး တပ်ထဲဝင်လာခဲ့တဲ့ ငါတို့တပ်မတော်သားတွေ ပါရမီရှင်သစ္စာဓိဋ္ဌာန် ဘယ်လောက်မွန်မြတ်သလဲ။ တပ်မတော်သည် အမျိုးသားရေးကို ဘယ်တော့မှ သစ္စာမဖောက်သလို ငါ့လူမျိုး၊ ငါ့ဘာသာ၊ ငါ့သာသနာ၊ ငါ့တပ်ဖွဲ့အတွက် ငါ၏အသက်ကိုပေးဆပ်ရန် သစ္စာပြုထားတဲ့ မင်းခယောကျ်ား၊ သားကောင်းစစ်သည်တွေ စုစည်းထားတဲ့နေရာကို မျိုးချစ်မြန်မာ့တပ်မတော်လို့ အဓိပ္ပာယ်ဖွင့်ဆိုပါတယ်။

တပ်မတော်သားတွေနဲ့ ပြည်သူတွေ တစ်သားတည်းပါ။ ပြည်သူတိုင်း တပ်မတော်သားမဟုတ်ပေမယ့် တပ်မတော်သားတိုင်းက ပြည်သူတွေပါ။ ဒါပေမဲ့ အသားထဲကလောက်တွေက ပြည်သူအမည်ခံ အရေခြုံနေကြတယ်။ သံပုံးတီးတယ်။ ထောက်ပို့လုပ်တယ်။ တပ်လှုပ်ရှားမှုမှန်သမျှ သတင်းပို့တယ်။

ဒီလောက်ကောင်တွေကို အမြစ်မဖြုတ်လို့ အားမလို၊ အားမရဖြစ်ကြရတယ်။ သူတို့ဟာ ပြည်သူအရေခြုံ၊ သစ္စာဖောက်လောက်ကောင်တွေ၊ အခုရောက်နေတာ စစ်မြေတလင်းလား၊ ရန်သူလား၊ တကယ်ဒုက္ခရောက်နေတဲ့ ပြည်သူလား၊ ခွဲမရအောင် ရောနေကြတယ်။ ဆွမ်းဆန်ထဲ ကြွက်ချေးတွေ ရောနေတယ်။

ပထွေးမျှော်နေကြတဲ့ သစ္စာဖောက်လောက်ကောင်တွေကို မသိလို့တော့ မဟုတ်နိုင်ဘူး၊ အ လို့၊ န လို့လည်းမဟုတ်ဘူး။ တပ်မတော်ဆိုတာ အမိန့်နာခံတာက အသက်ပဲ။ စစ်ပရိယာယ်တွေက ကျယ်ပြန့်တော့ ရိုးသားတဲ့ပြည်သူအစစ်တွေ နားလည်ဖို့မလွယ်လှဘူး။

**အော် စစ်သားဘဝဆိုတာ ဖယောင်းတိုင်လိုပါပဲ။ ပြည်သူ့ဘဝအလင်းရောင်ရဖို့ သူတို့ဘဝတွေကို စတေးပေးနေကြရှာတာပါလား နော်။**

**တပ်မတော်သားကောင်းကြီးတွေရဲ့ ကောက်နုတ်ချက်အချို့**

အမေရိကန်စစ်ဗိုလ်ချုပ် ဗိုလ်ချုပ်ကြီး George S.Patton, Jr. က **"တကယ်တော့ အမြင့်ဆုံးသော တာဝန်သိစိတ်ဓာတ်နဲ့ အခွင့်ထူးခံနိုင်ငံသားဆိုတာ နိုင်ငံအတွက် စစ်မှုထမ်းသူပြည်သူများကိုသာ ခေါ်တာတဲ့။ စစ်မှုထမ်းတဲ့ ပြည်သူသာလျှင် တာဝန်အသိတတ်ဆုံး၊ အခွင့်ထူးခံ လူတန်းစားလို့ ခေါ်သင့်တယ်"** တဲ့။

အမေရိကန်နိုင်ငံရဲ့ ပထမဆုံးသော သမ္မတကြီးနဲ့ အမေရိကန်တော်လှန်ရေးရဲ့ ကာကွယ်ရေးဦးစီးချုပ် George Washington က **"စည်းကမ်းဆိုတာ တပ်မတော်ရဲ့ အသက်ဝိညာဉ်"**လို့ဆိုပါတယ်။ သူ့ရဲ့စူးရှတဲ့စကား၊ အောင်မြင်တဲ့၊ လွှမ်းမိုးနိုင်တဲ့ စကားကတော့ စည်းကမ်း၊ တာဝန်ဝတ္တရား၊ ကိုယ်ကျင့်သိက္ခာ၊ စည်းလုံးညီညွတ်ရေးကို အဓိကထားဖို့၊ လုံးဝသွေးမကွဲကြဖို့နဲ့၊ ပြည်ပနှောင်ကြိုး ရှုပ်ထွေးမှုတွေ လုံးဝအဝင်မခံဖို့ သတိပေးတားမြစ်ချက်ဖြစ်ပါတယ်။ ပြည်ပအားကိုး ပုဆိန်ရိုးတွေ တိုင်းပြည်မှာ ဝင်ခွင့်မပြု၊ ချည်နှောင်မှုမရှိဖို့၊ လုံးဝရှောင်ကြဉ်ဖို့ သတိပေးချက်ပါ။

ဒုတိယကမ္ဘာစစ်မှာ ဗြိတိန်ကို အောင်မြင်စေတဲ့ခေါင်းဆောင်၊ ဝန်ကြီးချုပ် Winston Churchill က ဘာပြောသလဲဆိုတော့ **"အနိုင်ရခြင်းဟာလည်း နောက်ဆုံးပန်းတိုင်မဟုတ်၊ ရှုံးနိမ့်ခြင်းဟာလည်း ကျဆုံးခြင်းမဟုတ်၊ နိုင်သည်ဖြစ်စေ၊ ရှုံးသည်ဖြစ်စေ၊ တိုင်းပြည်အတွက် ရှေ့ဆက်ချီတက်ခြင်းကသာ အားထားယုံကြည်စိတ်ချစရာဖြစ်တယ်**လို့ဆိုပါတယ်။ **ငါတို့အားလုံး ပင်လယ်ထဲမှာ၊ သမုဒ္ဒရာထဲမှာ၊ ပင်လယ်ကမ်းခြေထဲမှာ ဆက်တိုက်ပွဲဝင်ကြမယ်၊ ဘယ်တော့မှ လက်နက်မချဘူး၊ စစ်ရဲ့ခါးသီးမှုတွေကို တိုင်းပြည်အတွက် ငါတို့အခိုင်အမာ ရင်ဆိုင်ကြမယ်"**တဲ့။

ပြင်သစ်ကျပြီးနောက် ဗြိတိန်ရဲ့တိုက်ပွဲအတွက်ပြင်ဆင်ဖို့ လူထုကို ပြောကြားခဲ့တဲ့စကားဖြစ်ပါတယ်။ သူ့ရဲ့စကားတွေဟာ ဒုတိယကမ္ဘာစစ်ရဲ့ အမှောင်ဆုံး၊ အနက်ရှိုင်းဆုံးအချိန်မှာ နိုင်ငံတော်အတွက် ဖြေရှင်းမယ်၊ နှိမ်နင်းမယ်၊ နိုင်ရမယ်ဆိုတဲ့ သန္နိဋ္ဌာန်ချ ဦးဆောင်မှုဖြစ်ပါတယ်။

ဗိုလ်ချုပ်ကြီး Norman Schwarzkopf ကတော့ **"တိုင်းပြည်ငြိမ်းချမ်းနေတုန်း ချွေးများများထွက် လေ့ကျင့်လေ၊ စစ်မြေပြင်မှာ သွေးထွက်နည်းလေဖြစ်မှာပဲ"**တဲ့။ ချွေးထွက်များရင် သွေးထွက်နည်းမယ်ဆိုတာ ဓားကို အမြဲတမ်းထက်နေအောင် သွေးနေရမယ်၊ လေ့ကျင့်နေရမယ်၊ နည်းပညာသစ်တွေ၊ လက်နက်အသစ်အဆန်းတွေ၊ ကမ္ဘာနဲ့ ရင်ပေါင်တန်းအောင် အမြဲတမ်းမွမ်းမံသင်တန်းတွေတက်နေ၊ သင်ယူနေရမှာပါ။ မြန်မာနိုင်ငံခြားရေးမူဝါဒ၊ ဘက်မလိုက်ကြားနေပေါ်လစီကို စစ်ရေးမူဝါဒမှာပါ ကမ္ဘာ့အင်အားကြီးအုပ်စုကြီး သုံးခု၊ Multipolar ခေတ်မှာ စစ်သံတမန်နည်းနဲ့ စစ်ပညာတွေ အမြင့်ဆုံး ရင်ပေါင်တန်းလိုက်နိုင်ရင်တော့ မြန်မာအတွက် အကောင်းဆုံးဖြစ်လာနိုင်ပါတယ်။

၁၉၅၃ ခုနှစ်မှာ ငြိမ်းချမ်းရေးနိုဘယ်ဆုရရှိခဲ့တဲ့ ဗိုလ်ချုပ်ကြီး George Marshall ဟာ ဒုတိယကမ္ဘာစစ်ရဲ့ဆိုးကျိုး၊ ဖျက်ဆီးဆုံးရှုံးခံရတဲ့ အနောက်ဥရောပ ၁၆ နိုင်ငံ ပြန်လည်တည်ဆောက်ရေး Marshal Plan ခေါ် ERP ဥရောပပြန်လည်နာလန်ထူထောင်ရေးစီမံချက် စတင်ရေးဆွဲအကောင်အထည်ဖော်နိုင်ခဲ့လို့ နိုဘယ်ဆုရရှိသူတစ်ဦးဖြစ်ပါတယ်။ နောက်ပိုင်း နိုင်ငံခြားရေးနဲ့ ကာကွယ်ရေးဝန်ကြီးတာဝန် ထမ်းဆောင်ခဲ့ပါတယ်။ သူ့ရဲ့ပန်းတိုင်ကတော့ ခေတ်မီတိုးတက်အစွမ်းထက်သော တပ်မတော်၊ တည်ငြိမ်အေးချမ်းမှုထိန်းသိမ်းရေးဟာ သူ့ရဲ့ပန်းတိုင်ဖြစ်ပါတယ်။ သူက **"စစ်သားတွေရဲ့ နှလုံးသား၊ စစ်သားတွေရဲ့ စိတ်ဓာတ်၊ စစ်သားတွေရဲ့ စိတ်ဝိညာဉ်ဟာ တိုင်းပြည်ရဲ့ အရာအားလုံးဖြစ်ပါတယ်။ ယောကျ်ားတစ်ယောက်ဟာ စစ်သားမဖြစ်ဖူးသေးသရွေ့ သူဟာ ယောကျ်ားကောင်းတစ်ယောက်လို့ မခေါ်နိုင်သေးပါဘူး"**တဲ့။

ဒီမှာ သတိချပ်စရာကတော့ အမေရိကန်မှာရော၊ ဗြိတိန်မှာရော၊ စင်ကာပူမှာရော အမျိုးသားတိုင်း စစ်မှုထမ်းရပါတယ်။ တစ်သက်လုံး စစ်မှုထမ်းစရာမလိုပါဘူး။ စစ်မှုထမ်း သတ်မှတ်သက်တမ်းပြည့်ရင် အရပ်သား၊ နိုင်ငံသားတာဝန် ပြန်ထမ်းဆောင်နိုင်ပါတယ်။ ဒါကို မြန်မာနိုင်ငံက အမျိုးသားတွေ စစ်မှုထမ်းရမှာ ဘာကြောက်နေကြတာလဲ။ ယောကျ်ားကောင်းတစ်ယောက်ဖြစ်ဖို့ စစ်မှုထမ်းဖို့ ပုန်းရှောင်၊ ပြည်ပထွက်ပြေးနေကြတာ အတော်လေးပဲ၊ ... မပြောချင်တော့ပါဘူး။

စာမျက်နှာ ၁၁ သို့ ❑



(၇၈)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနား ကျင်းပစဉ်။

❝ ဗိုလ်ချုပ်ကြီး Norman Schwarzkopf ကတော့ "တိုင်းပြည်ငြိမ်းချမ်းနေတုန်း ချွေးများများထွက် လေ့ကျင့်လေ၊ စစ်မြေပြင်မှာ သွေးထွက်နည်းလေဖြစ်မှာပဲ"တဲ့။ ချွေးထွက်များရင် သွေးထွက်နည်းမယ်ဆိုတာ ဓားကို အမြဲတမ်းထက်နေအောင် သွေးနေရမယ်၊ လေ့ကျင့်နေရမယ်၊ နည်းပညာသစ်တွေ၊ လက်နက်အသစ်အဆန်းတွေ၊ ကမ္ဘာနဲ့ ရင်ပေါင်တန်းအောင် အမြဲတမ်းမွမ်းမံသင်တန်းတွေတက်နေ၊ သင်ယူနေရမှာပါ။ မြန်မာနိုင်ငံခြားရေးမူဝါဒ၊ ဘက်မလိုက်ကြားနေပေါ်လစီကို စစ်ရေးမူဝါဒမှာပါ ကမ္ဘာ့အင်အားကြီးအုပ်စုကြီးသုံးခု၊ Multipolar ခေတ်မှာ စစ်သံတမန်နည်းနဲ့ စစ်ပညာတွေ အမြင့်ဆုံး ရင်ပေါင်တန်းလိုက်နိုင်ရင်တော့ မြန်မာအတွက် အကောင်းဆုံးဖြစ်လာနိုင် ❞

# ကာဇက်စတန်နိုင်ငံ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲလေ့လာရေးအစီအစဉ်သို့ သွားရောက်လေ့လာခဲ့သည့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ကိုယ်စားလှယ်အဖွဲ့ ပြန်လည်ရောက်ရှိ



**နေပြည်တော် မတ် ၁၇**
ကာဇက်စတန်နိုင်ငံ ဗဟိုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ၏ ဖိတ်ကြားချက်အရ ၂၀၂၆ ခုနှစ် မတ် ၁၅ ရက်တွင် ကျင်းပပြုလုပ်ခဲ့သည့် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ လေ့လာရေးအစီအစဉ်သို့ သွားရောက်လေ့လာခဲ့သည့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးသန်းထွတ်သိန်းနှင့် ဦးခင်မောင်ကြီးတို့သည် ယနေ့ညပိုင်းတွင် ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိကြသည်။

လေ့လာရေး ခရီးစဉ်အတွင်း ကိုယ်စားလှယ်အဖွဲ့သည် မတ် ၁၄ ရက်တွင် ဗဟိုဆန္ဒခံယူပွဲကော်မရှင် (The Central Referendum Commission of the Republic of Kazakhstan – CRCRK) ၌ ကျင်းပပြုလုပ်သော ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပခြင်းဆိုင်ရာ ရှင်းလင်းပွဲ အခမ်းအနားသို့ တက်ရောက်ခြင်း၊ မတ် ၁၅ ရက်တွင် မဲရုံများစတင်ဖွင့်လှစ်မှု အခြေအနေနှင့် မဲဆန္ဒရှင်ပြည်သူများ၏ မဲပေးမှုလုပ်ငန်းစဉ်များကို လေ့လာခြင်း၊ မဲရုံပိတ်ခြင်းနှင့် မဲရေတွက်မှု လုပ်ငန်းစဉ်များကို လေ့လာစောင့်ကြည့်ခြင်းတို့ကို ဆောင်ရွက်ကြပြီး မတ် ၁၆ ရက်တွင် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ၏ ကနဦးရလဒ်များ ထုတ်ပြန်ခြင်းဆိုင်ရာ ရှင်းလင်းပွဲအခမ်းအနားသို့ တက်ရောက်လေ့လာခဲ့ကြသည်။

ထို့ပြင် လေ့လာရေးခရီးစဉ်သို့ တက်ရောက်လာသည့် နိုင်ငံတကာ ရွေးကောက်ပွဲကော်မရှင်၊ အဖွဲ့အစည်း အသီးသီးတို့မှ တာဝန်ရှိသူများနှင့် တွေ့ဆုံပြီး ရွေးကောက်ပွဲဆိုင်ရာ အတွေ့အကြုံများကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

❏ စာမျက်နှာ ၁၀ မှ

ဗိုလ်ချုပ်ကြီး Doglas MacArthurn ကတော့ တခြားလူအများငြိမ်းချမ်းရေးအတွက် ဆုတောင်းနေချိန်မှာ စစ်သားတွေဟာ စစ်ရဲ့ ခါးသီးသောဒဏ်ရာတွေ၊ အနာရွတ်တွေ၊ အနက်ဆုံးသောနာကျင်မှုတွေ ခါးစည်းတာဝန် ထမ်းဆောင်နေကြရပါတယ်တဲ့။

သမ္မတကြီး John F Kennedy ကတော့ **“တိုင်းပြည်ကို အန္တရာယ်မှလွတ်အောင် အလွန့်အလွန် စိတ်အားထက်သန်စွာ ကာကွယ်နိုင်ခွင့်ဆိုတာ စစ်မှုထမ်းနိုင်မှသာ ဒီလုပ်ပိုင်ခွင့်ရနိုင်မှာပါ။ စစ်မှုမထမ်းသရွေ့ နိုင်ငံတော်ကို ကာကွယ်ဖို့ တခြားဘာမှမရှိနိုင်ပါဘူး”**တဲ့။

မှတ်သားစရာတွေပါပဲ။ စစ်ရေးဆိုင်ရာ စာရေးဆရာမကြီး Claudia Pemberton ကတော့ စစ်သားမရှိတဲ့ အမေရိကန်နိုင်ငံဟာ နတ်သမီးမရှိတဲ့နတ်ဘုရားနဲ့ အတူတူပါပဲတဲ့။ အိမ်သူရှိတဲ့ တို့စစ်သားတွေလည်း ရှေ့တန်းကနေ အိမ်သူနတ်သမီးလေးတွေကို လွမ်းနေရှာကြမှာပါပဲ။

**အိမ်အလွမ်းစစ်သားလေးတွေရဲ့ နှလုံးသား ပွဲတင်သံ**

အိမ်အလွမ်းစစ်သားလေးတွေရဲ့ နှလုံးသားပွဲတင်သံတွေကို သူတို့ရေးသားတဲ့ အွန်လိုင်းက စာစုတွေထဲကနေဖတ်မိပြီး ကြိုက်နှစ်သက်လို့ ထုတ်နုတ်ရေးပြချင်ပါတယ်။ အဲဒါတွေကတော့ .........

“စစ်ဟာနိဋ္ဌိတံ၊ စစ်ကိုမုန်းတယ်၊ စစ်က ဘယ်သူ့ကိုမှ ကောင်းကျိုးမပေးဘူး။ စစ်ကိုမုန်းလို့ စစ်တိုက်နေကြတာပါ။ သားတို့ ရန်သူကိုမုန်းလို့၊ မုန်းစွဲနဲ့ သတ်ဖြတ်နေကြတာမဟုတ်ပါဘူး။ သားတို့ ရန်သူအပေါ် အာဃာတ အမုန်းတရားမရှိပါဘူး အမေ။

“သားတို့မှာ မိဘတွေရှိတယ်။ မိအုပ်ဖအုပ်၊ စည်းနဲ့ကမ်းနဲ့ ကြီးပြင်းလာကြတာပါ။ ပြည်သူသည် အမိ၊ ပြည်သူသည် အဖ၊ တပ်မတော်သည်လည်း ပြည်သူပဲမို့ တပ်မတော်သည် အမိ၊ တပ်မတော်သည် အဖပါ။ စစ်ပန်းလာတဲ့အခါ ဒဏ်ရာတွေပြင်းထန်လာတဲ့အခါ မိဘရဲ့ထွေးပွေ့မှု၊ ကြင်နာမှုကို တမ်းတမိတာတော့ အမှန်ပါပဲ အမေရယ်။ တပ်မတော်အကြီးအကဲတွေရဲ့ နွေးနွေးထွေးထွေး အားပေးမှုကြောင့် အားတက်ရပါတယ် အမေ အမေ။

“သာမန်အညတရ စစ်သားလေးပေမယ့် စစ်ပွဲအောင်နိုင်တဲ့ စစ်သူကြီးရဲ့ ကြွားဝံ့သောအပြုံးလိုပဲ ရှေ့တန်းမှာ မုန်တိုင်းကြားမှာ အမိုးအကာမရှိတဲ့၊ အိပ်လိုက်ရင်း၊ လှဲလိုက်ရင်း ကျောအောက်မှာ ပုရွက်ဆိတ်အုံနဲ့ ကျွတ်တွေ ဘယ်လိုဆင်းရဲပဲ ကြုံတွေ့ရပါစေ၊ ကြုံလာတဲ့ ကံဆိုးမိုးမှောင်အားလုံးကို ခံနိုင်ရည်ရှိရှိ ပွေ့ဖက်လက်ခံနေကြတာကတော့ ရှေ့တန်းမှာ သားတို့နဲ့အတူရှိနေကြတဲ့ စစ်သည်တွေပါပဲ။ အမေစိတ်မပူပါနဲ့၊ အမေ့သားက စစ်သားလေ။

“စစ်သားမလုပ်ဖူးသေးသရွေ့၊ ရှေ့တန်းမှာ စစ်မြေပြင်အတွေ့အကြုံမရှိသေးသရွေ့ ယောကျာ်းကောင်း မှတ်ကျောက်တင်လို့ မရဘူးလို့ သားတော့ထင်တယ်။ ဒါကြောင့် နိုင်ငံသားတိုင်း တိုင်းပြည်အတွက် အနည်းဆုံး နှစ်နှစ် စစ်မှုထမ်းရမယ်ဆိုတဲ့ဥပဒေကို သားတော့ ကြိုဆိုတယ်။ ဒါမှ စစ်သားဘဝ ကိုယ်ချင်းစာတတ်ကြမှာလေ။

“လွမ်းတယ်အမေ။ မျှော်နေပေမယ့် ဘယ်တော့မှ အဝင် Call ဖုန်းဝင်လာတော့မှာ မဟုတ်တော့တဲ့ အဖေ၊ တိုက်ပွဲကျသွားတဲ့ အဖေ့ရဲ့ အငွေ့အသက်လေးတွေ မမေ့ပါရစေနဲ့။ ရှေ့တန်းမှာ အလောင်းပြန်မရခဲ့တဲ့ အဖေ့ကို ရင်ထဲကနေ ဖက်တွယ်ထားပါရစေ။ တမ်းတပါရစေ။ အဖေ့သား၊ အဖေ့သွေးမို့ ဒဏ်ရာရလည်း မတ်မတ်ရပ်၊ ရင်ကော့ထားပါတယ်။ ကိုယ်ထူမှ ကိုယ်ထ၊ ကိုယ်လဲကျလို့မဖြစ်တဲ့ အခြေအနေမို့ ကိုယ့်အတွက် မနက်ဖြန်ဆိုတာ ရှိနေသေးသရွေ့ ဆက်လက်တိုက်ပွဲဝင်ရမှာပဲ။ မနက်ဖြန်ဆိုတာ သားအတွက် မရှိတော့ရင်လည်း စိတ်မပူပါနဲ့အမေ။ အမေ့သားဟာ တိုင်းပြည်အတွက် အသက်ကိုပေးလှူသွားတဲ့ သူရဲကောင်း၊ သူရဘွဲ့ထိုက်တန်တဲ့ အုတ်ဂူဖြူဖြူလေး၊ အမေအလွမ်းပြေသွားကြည့်ဖို့ ကံကောင်းရင် ရှိလာနိုင်ပါသေးတယ်အမေ။

**❄ စစ်သားတွေဟာ စစ်ကိုမုန်းတယ်။ ရန်သူကို မမုန်းဘူး။ အာဃာတမထားဘူး။ မုန်းစွဲမရှိဘူး။ စစ်သားအားလုံးဟာ လူသားအားလုံးထက်ပိုတဲ့ ငြိမ်းချမ်းရေးကို အလိုရှိတယ်။ ကမ္ဘာ့လူသားအားလုံးကို ငြိမ်းချမ်းစေချင်တဲ့စေတနာမျိုး စစ်သားတွေထက် ဘယ်သူ့မှာမှ ပိုရှိနိုင်မယ်မထင်ဘူး။ စစ်ရဲ့အနက်ရှိုင်းဆုံးသောဒဏ်ရာတွေ၊ နှလုံးသားဒဏ်ရာ၊ ကာယိကဒဏ်ရာ၊ အဆင်းရဲဆုံးဒုက္ခတွေကို ဘယ်သူမှ စစ်သားတွေထက် ပိုခံရမယ်မထင်ပါဘူး။**

**❄ တကယ်စစ်မှန်တဲ့ စစ်သားစစ်စစ်တွေဟာ သူ့ရှေ့ကရန်သူကို မုန်းလို့တိုက်နေတာမဟုတ်ဘူး။ သူ့နောက်မှာရှိတဲ့ မိဘပြည်သူကိုချစ်လို့၊ တိုင်းပြည်ကိုချစ်လို့၊ မိမိရေမြေ၊ အချုပ်အခြာ၊ အမျိုးဘာသာ၊ သာသနာ၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းကိုချစ်လို့ တိုက်နေကြတာ။ ကမ္ဘာမှာ မြန်မာပြည်ဆိုတဲ့ မြေပုံလေး ပျောက်မသွားအောင် တိုက်နေကြတာ၊ ကာကွယ်နေကြတာပါ။**

အမေ့သားက စစ်သားလေ။ သားအဆင်ပြေပါတယ် အမေ။ အဆင်ပြေနေပါတယ်လို့ ပြောနိုင်သေးသရွေ့ သားအသက်ရှင်နေသေးလို့ပါ။

“မြေကြီးနဲ့ ကောင်းကင်ကို မြင်နေရသေးသရွေ့ သားတို့ရဲ့ အောင်ပွဲကို ပြီးဆုံးအောင်တိုက်ယူမှာပါ။ စစ်ကိုမုန်းလွန်းလို့ အဆုံးထိ တိုက်ပွဲဝင်သွားမှာပါ။ အမေ့သားက စစ်သားလေ။

“စစ်သားတွေလောက် မစွန့်လွှတ်နိုင်ရင်နေ၊ စစ်သားတွေကိုတော့ မစော်ကားပါနဲ့။ စစ်သားတစ်ယောက်ရဲ့ဘဝကို နားလည်မပေးနိုင်ရင်လည်း စစ်သားရဲ့ချစ်သူမလုပ်နဲ့။ ကိုယ်ပိုင်ဆိုင်တဲ့ ကိုယ့်ဘဝ၊ ကိုယ့်အချိန်၊ ကိုယ့်ချစ်သူ လွတ်လပ်မှုအားလုံးကိုထားခဲ့ပြီး စစ်ထဲဝင်တာ မျက်ရည်ချူတာလည်းမဟုတ်ဘူး။ ငြီးငွေ့တာလည်း မဟုတ်ဘူး။ စစ်သားတစ်ယောက်ရဲ့ မြေပြင်အခြေအနေကို ကိုယ်ချင်းစာတတ်ကြပါစေ။

**ဗုဒ္ဓ၏ စစ်သည်များ**

“စစ်သားတွေဟာ စစ်ကိုမုန်းတယ်။ ရန်သူကို မမုန်းဘူး။ အာဃာတမထားဘူး။ မုန်းစွဲမရှိဘူး။ စစ်သားအားလုံးဟာ လူသားအားလုံးထက်ပိုတဲ့ ငြိမ်းချမ်းရေးကိုအလိုရှိတယ်။ ကမ္ဘာ့လူသားအားလုံးကို ငြိမ်းချမ်းစေချင်တဲ့စေတနာမျိုး စစ်သားတွေထက် ဘယ်သူ့မှာမှ ပိုရှိနိုင်မယ်မထင်ဘူး။ စစ်ရဲ့အနက်ရှိုင်းဆုံးသော ဒဏ်ရာတွေ၊ နှလုံးသားဒဏ်ရာ၊ ကာယိကဒဏ်ရာ၊ အဆင်းရဲဆုံးဒုက္ခတွေကို ဘယ်သူမှ စစ်သားတွေထက် ပိုခံရမယ်မထင်ပါဘူး။

“တကယ်စစ်မှန်တဲ့ စစ်သားစစ်စစ်တွေဟာ သူ့ရှေ့ကရန်သူကို မုန်းလို့တိုက်နေတာမဟုတ်ဘူး။ သူ့နောက်မှာရှိတဲ့ မိဘပြည်သူကို ချစ်လို့၊ တိုင်းပြည်ကိုချစ်လို့၊ မိမိရေမြေ၊ အချုပ်အခြာ၊ အမျိုးဘာသာ၊ သာသနာ၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းကိုချစ်လို့ တိုက်နေကြတာ။ ကမ္ဘာမှာ မြန်မာပြည်ဆိုတဲ့ မြေပုံလေး ပျောက်မသွားအောင် တိုက်နေကြတာ၊ ကာကွယ်နေကြတာပါ။

“သေမင်းနဲ့စစ်ခင်း၊ ပစ်ကွင်းထဲရောက်ပါစေ ငါမသေမချင်း၊ ငါ့စခန်းမစီးနဲ့၊ ကျည်ကုန်ရင် လှံစွပ်၊ အသက်ကိုမမှုလို့ ရင်ကော့လို့ဆီးတား၊ ငါစစ်သား။

“အတ္တတစ်ဖက်၊ အစွဲကပ်၍၊ အတွေးယူမှား၊ အစွန်းရောက်ကာ၊ တုတ်ခါးလေးမြား၊ သေနတ်ကိုင်စွဲ၊ ထိုစစ်ပွဲတွေ၊ ရပ်စဲလိုကြောင်း၊ ဆုတွေတောင်း၍၊ ငြိမ်းချမ်းစေချင်ပြီ၊ မြန်မာပြည်။

“စစ်ထွက်ယောကျာ်း၊ ပြည်သူ့အားနဲ့၊ ငါတို့ခွန်အား သစ္စာတရား၊ ပေါင်းစုကာထား၊ ယှဉ်ဝံ့မည်လား၊ မျိုးချစ်ငါတို့တပ်မတော်သား” တဲ့။

စစ်သားစစ်သည်တော်တို့ရဲ့ နှလုံးသားဟစ်ကြွေးသံတွေကို တစ်ဆင့်မျှဝေ ဦးညွှတ်အလေးပြု ဂုဏ်ယူဝင့်ကြွားချင်လို့ ထည့်ရေးမိတာကို ခွင့်ပြုချက်တောင်းလိုပါတယ်။

ကဗျာဆရာ အဘကျော်ထွဋ်ခေါင်ရဲ့ စာတချို့ကို ပြန်လည်အမှတ်ရမိပါတယ်။ “နိုင်ငံတော်အတွက် အသက်ပေးလှူသွားတဲ့ လူတန်းစားက သက်သက်၊ လွှတ်တော်ထဲဝင် နိုင်ငံအုပ်ချုပ်ရေးမှာ ပါချင်တဲ့ နိုင်ငံရေးသမားက သက်သက်၊ နိုင်ငံပြင်ပကနေ ပြည်ဖျက်နေတဲ့ လေစစ်သည် မီဒီယာများက သက်သက်၊ အခွင့်အရေးသမား သစ္စာဖောက်လောက်ကောင်များက ပြည်ပမှာဇိမ်ခံရင်း အမိမြေကို ပျက်သုဉ်းအောင် စော်ကားနေသူများက သက်သက်၊ သတ္တုချကြည့်ရင် “အမိမြေကိုကျူးကျော်၊ နိုင်ငံကိုစော်ကားတိုင်း တစ်ပါးသွား၊ ငွေလှူတာ စားနေတဲ့ကြေးစား၊ သူစိမ်းဘက်ယိမ်းတဲ့ ငပိန်းများရဲ့ လှုံ့ဆော်မှုရလဒ် ပြည်တွင်းစစ်ပွဲ” ဘယ်တော့မှ ပြီးနိုင်မလဲ။ Generation Z ဆိုတာတွေ ကိုယ့်ယဉ်ကျေးမှု၊ အမျိုးဘာသာ သာသနာကို မထီမဲ့မြင်ပြုစော်ကားနေကြပြီ။

စစ်သားကင်းမဲ့သွားရင်၊ တပ်မတော်မရှိတော့ရင်၊ ရတနာသုံးပါး၊ စေတီပုထိုး၊ ဗုဒ္ဓဓာတ်တော်၊ မွေတော်၊ ဆံတော်တွေ ဌာပနာထားတဲ့ ရှေးဟောင်းအမွေအနှစ်တွေကို ဘယ်သူကာကွယ်မှာလဲ။ တပ်မတော်မရှိတဲ့နေ့ ဒါတွေအားလုံး ဆိတ်သုဉ်းမယ့်နေ့၊ တိုင်းရင်းသားမျိုးစု ၁၃၅ ခုနဲ့ စုဖွဲ့တည်နေတဲ့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဟာ ဆိုဗီယက်ယူနီယံကနေ ယူဂိုဆလားဗီးယားနိုင်ငံတို့လို အစိတ်စိတ်အမြွှာမြွှာ ပြိုကွဲမယ့်နေ့။

ကျဆုံးသွားခဲ့သော စစ်သည်များ၊ ကိုယ်လက်အင်္ဂါ ပေးလှူခဲ့သော စစ်သည်များ၊ လက်ရှိ ရှေ့တန်း၊ နောက်တန်း စွမ်းစွမ်းတမံ ဆောင်ရွက်နေကြသော စစ်သည်တော်များအားလုံးကို နှလုံးသားအတွင်းကြေ ဒဏ်ရာများနဲ့ ဦးညွှတ်အလေးပြုလိုက်ပါတယ်။

စစ်သည်များအားလုံးကို **“ခက်ခဲ၊ ကြမ်းတမ်းတဲ့ လောကစံ မြေပြင်ဟာ စိတ်ကောင်းနှလုံးကောင်းရှိသူများအတွက် ပါရမီဖြည့်ရာနယ်မြေပါ”**ဆိုတဲ့ အောက်စ်ဖို့ဒ်ဆရာတော်ကြီးရဲ့ မိန့်ကြားချက်ကို မမေ့ကြ၊ နှလုံးသွင်းကြရင်ဖြင့် ဗုဒ္ဓရဲ့ စစ်သည်များအားလုံး အတွက် **“ရဲသော်မသေ၊ သေသော်ငရဲမလား”** ပဲ။ ဒါနဥပပါရမီရှင်များ ဖြစ်နိုင်ကြစေဖို့ စိတ်ညွှတ်၊ အလေးပြုဆုတောင်းပေးလိုက်ပါတယ်။ ။

# မြန်မာ-ထိုင်း နယ်နိမိတ်ဖြတ်ကျော် မီးခိုးမြူငွေ့လေထုညစ်ညမ်းမှုတားဆီးကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဖြေရှင်းဆောင်ရွက်ရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ





နေပြည်တော် မတ် ၁၇

မြန်မာ-ထိုင်း နယ်နိမိတ်ဖြတ်ကျော် မီးခိုးမြူငွေ့ လေထုညစ်ညမ်းမှုတားဆီး ကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဖြေရှင်းဆောင်ရွက်ရေးကော်မတီ(၁/၂၀၂၆) လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းတွင် ကာကွယ်ရေးဝန်ကြီးဌာန အစည်း အဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ မြန်မာ-ထိုင်း နယ်နိမိတ်ဖြတ်ကျော် မီးခိုးမြူငွေ့ လေထုညစ်ညမ်းမှု တားဆီး ကာကွယ်ရေးဆိုင်ရာ ပူးပေါင်း ဖြေရှင်းဆောင်ရွက်ရေး ကော်မတီ ဥက္ကဋ္ဌ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်မျိုးသန့်၊ ဒုတိယဥက္ကဋ္ဌ(၁) နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဖြိုးသန့်၊ ဒုတိယဥက္ကဋ္ဌ(၂) သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းသူ၊ ကော်မတီဝင်များနှင့် သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ဦးစွာ မြန်မာ-ထိုင်း နယ်နိမိတ်ဖြတ်ကျော် မီးခိုးမြူငွေ့ လေထုညစ်ညမ်းမှု တားဆီးကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဖြေရှင်းဆောင်ရွက်ရေး ကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်မျိုးသန့်က ကော်မတီဖွဲ့စည်းပြီးချိန်မှစတင်၍ လုပ်ငန်းများ ထိရောက်အောင်မြင်ရန်အတွက် အထူးသဖြင့် မြန်မာ-ထိုင်း နယ်နိမိတ်ဖြတ်ကျော် မီးခိုးမြူငွေ့ လျှော့ချနိုင်ရေးအတွက် လုပ်ငန်းစဉ်များချမှတ်နိုင်ရန် ယခုကဲ့သို့ အစည်းအဝေးများ ကျင်းပခဲ့ရာ အစည်းအဝေး ငါးကြိမ် ဆောင်ရွက်ခဲ့ပြီးဖြစ်ကြောင်း၊ ကော်မတီအစည်းအဝေးကို တစ်နှစ်လျှင်သုံးကြိမ် ကျင်းပနိုင်ရေး လျာထားဆောင်ရွက်လျက်ရှိပြီး ယနေ့ပြုလုပ်ရသည့် အစည်းအဝေးသည် နှစ်စဉ် မီးခိုးမြူငွေ့ မြင့်တက်လေ့ရှိသည့် မတ်လ၊ ဧပြီလနှင့် မေလတို့အတွက် Fire Hotspot လျှော့ချနိုင်ရေး လုပ်ဆောင်ရမည့်လုပ်ငန်းစဉ်များကို လုပ်ဆောင်နိုင်ရန်ဖြစ်ကြောင်း။

Fire Hotspot ဖြစ်ပေါ်မှုသည် ရာသီဥတုပူပြင်းခြောက်သွေ့သည့်နှစ်များတွင် ပိုမိုဖြစ်ပေါ်လေ့ရှိပြီး နှစ်စဉ်ဇန်နဝါရီလမှ မေလအတွင်း မီးခိုးမြူငွေ့ ညစ်ညမ်းမှုများ ဖြစ်ပေါ်လေ့ရှိပြီး နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ လေထုညစ်ညမ်းမှုသည် နယ်နိမိတ်ချင်းထိစပ်နေသည့် နိုင်ငံများအကြား မကြာခဏကြုံတွေ့ရလေ့ရှိသဖြင့် ပွင့်လင်းရာသီမရောက်မီ ထိန်းချုပ်လျှော့ချရေးလုပ်ငန်းစဉ်များကိုအလေးထားပြီး ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊

Fire Hotspot လျှော့ချရေးနှင့် နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ ညစ်ညမ်းမှု ထိန်းချုပ်ရေးအတွက် သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် Fire Hotspot ဖြစ်ပေါ်မှု အရေအတွက်၊ သိပ်သည်းဆ ပေါ်မူတည်၍ ဦးစားပေးဒေသများ သတ်မှတ်ပြီး ရွှေ့ပြောင်း တောင်ယာစိုက်ပျိုးခြင်းအစား ကုန်းမြင့်လယ်ယာစိုက်ပျိုးခြင်း၊ စိုက်ပျိုးရေးစွန့်ပစ်ပစ္စည်းများမှ မြေဩဇာပြုလုပ်ခြင်း၊ သစ်တောအတွင်း မီးမဆင်မခြင် အသုံးပြုမှုကိုတားဆီးခြင်း၊ ဒေသခံပြည်သူများအား အသိပညာပေးခြင်း၊ Fire Hotspot ဖြစ်ပေါ်မှုအခြေအနေကို စောင့်ကြည့်လေ့လာခြင်း၊ ဝန်းကျင်လေထုအရည်အသွေးတိုင်းတာခြင်း၊ မီးခိုးမြူငွေ့ညစ်ညမ်းမှု ဖြစ်ပေါ်လာပါက ဆောင်ရွက်ရမည့်အစီအမံများ ချမှတ်ခြင်း၊ ဇာတ်တိုက်လေ့ကျင့်ခြင်း စသည့်လုပ်ငန်းစဉ်များကို စဉ်ဆက်မပြတ်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

၂၀၂၅ ခုနှစ်အတွင်း မြေပြင်ကွင်းဆင်း စစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ရာ အဓိကမီးလောင်မှုဖြစ်ပေါ်ရသည့် အကြောင်းရင်းများအနေဖြင့် အများစုမှာ တောမီးလောင်ကျွမ်းမှု၊ တောင်ယာခုတ်ထွင်ရှင်းလင်းရန် မီးရှို့မှုနှင့် လယ်ယာထွက်ကုန်ပစ္စည်းများ မီးရှို့မှုတို့ကြောင့်ဖြစ်သဖြင့် မြေပြင်ကွင်းဆင်းစစ်ဆေးခြင်း လုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သွားရန်ဖြစ်ကြောင်း၊ အဆိုပါဒေသများတွင် မီးလောင်ကျွမ်းမှုထပ်မံဖြစ်ပေါ်မှုမရှိစေရေးအတွက် တောင်ယာမီးရှို့ခြင်း၊ ရိုးပြတ်များမီးရှို့ခြင်းနှင့် တောမီးရှို့ခြင်းများ ဆောင်ရွက်ခြင်း မပြုစေရေး ကြိုတင်အသိပညာပေးဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ Fire Hotspot လျှော့ချနိုင်ရေးနှင့် စပ်လျဉ်း၍ ၂၀၂၆ ခုနှစ်အတွက် ရည်မှန်းထားသည့်အတိုင်း လျှော့ချနိုင်ရေးတို့ကို အလေးထား ဆောင်ရွက်သွားရန် လိုအပ်ကြောင်း။

ဇန်နဝါရီလမှ မေလအထိ ရိုးပြတ်များမီးရှို့ခြင်း၊ ရွှေ့ပြောင်းတောင်ယာစိုက်ပျိုးခြင်း၊ သစ်တောအတွင်း မီးမဆင်မခြင် အသုံးပြုခြင်းတို့ကို ထိန်းချုပ်ခြင်းနှင့် အသိပညာပေး လုပ်ငန်းများကို ကျေးလက်ဒေသများတွင် အလေးထားဆောင်ရွက်နိုင်ရေးနှင့် Fire Hotspot ကွင်းဆင်းစစ်ဆေးတွေ့ရှိခဲ့သည့် ဒေသများတွင် တောင်ယာမီးမရှို့ရေးနှင့် ရိုးပြတ်များ မီးမရှို့ရေးတို့ကို ကြိုတင်အသိပေး ဆောင်ရွက်နိုင်ရေးကိစ္စနှင့် မြေပြင်ကွင်းဆင်းစစ်ဆေးရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သွားရန် ဖြစ်ကြောင်း။

ဒေသအလိုက် Fire Hotspot စောင့်ကြည့်ခြင်းနှင့် လေထုအရည်အသွေးတိုင်းတာခြင်းများလည်း ပုံမှန်ပြုလုပ်၍ သက်ဆိုင်ရာဌာနများအကြား ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခြင်း များလည်း ဆက်လက် ပြုလုပ်သွားရန်လိုကြောင်း၊ တက်ရောက်လာသည့် ကော်မတီဝင်များအနေဖြင့် ပြီးခဲ့သည့် ညှိနှိုင်းအစည်းအဝေးများတွင် ဆွေးနွေးခဲ့မှုများအရ ပေးပို့လာသည့် လစဉ်လုပ်ငန်းဆောင်ရွက်မှု အချက်အလက်များအပြင် Fire Hotspot ဖြစ်ပေါ်မှု လျှော့ချရေးနှင့် မီးခိုးမြူငွေ့ ညစ်ညမ်းမှု ထိန်းချုပ်ရေးလုပ်ငန်းများကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် အောင်မြင်စွာ ဆောင်ရွက်နိုင်မည့် နည်းလမ်းများကို ဝိုင်းဝန်းအကြံပြုဆွေးနွေးပေးစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ကော်မတီဒုတိယဥက္ကဋ္ဌ(၁) နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဖြိုးသန့်က ယခင်အစည်းအဝေး ဆုံးဖြတ်ချက်များတွင် ပါဝင်သည့် အသိပညာပေး လုပ်ငန်းများကို နယ်စပ်ရေးရာဝန်ကြီးဌာန အနေဖြင့် ဆောင်ရွက်လျက်ရှိကြောင်း၊ နယ်စပ်ရေးရာဝန်ကြီးဌာနအောက်ရှိ ရုံးဌာနများ၊ ဖွံ့ဖြိုးရေးတက္ကသိုလ်တစ်ခု၊ ဒီဂရီကောလိပ် နှစ်ခုနှင့် ကျောင်းအားလုံးပေါင်း ၁၀၀ ကျော်တို့တွင် နယ်နိမိတ်ဖြတ်ကျော် မီးခိုးမြူငွေ့ လေထုညစ်ညမ်းမှု တားဆီး ကာကွယ်ရေးဆိုင်ရာ အသိပညာပေး လုပ်ငန်းများကို ဖော်ဆောင်ပေးလျက် ရှိသည့် ထိုင်းနိုင်ငံက ပေးပို့သည့် အသိပညာပေးဗီဒီယိုဖိုင်ကို ပြသခြင်းဖြင့် အသိပညာပေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြောင်း ရှင်းလင်းပြောကြားသည်။

ယင်းနောက် ကော်မတီဒုတိယဥက္ကဋ္ဌ(၂) သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းသူက တောမီးရှို့သည့်ပြဿနာ၊ မီးခိုးမြူငွေ့လေထုညစ်ညမ်းမှုပြဿနာသည် မိမိတို့ဒေသတွင်း အင်မတန်အရေးကြီးသည့် ပတ်ဝန်းကျင်ဆိုင်ရာ စိန်ခေါ်မှုတစ်ခု ဖြစ်လာပါကြောင်း၊ ASMC Website မှ ရရှိသည့် အချက်အလက်များအရ ပြီးခဲ့သည့်နှစ်များအတွင်း မတ်လနှင့် ဧပြီလတို့တွင် မြန်မာနိုင်ငံ အရှေ့ပိုင်းနှင့် ထိုင်းနိုင်ငံမြောက်ပိုင်းဒေသများ၌ Hotspot အများဆုံး ဖြစ်ပေါ်လျက်ရှိသည်ကိုတွေ့ရသည့်အတွက် လျှော့ချနိုင်ရန် အထူးအလေးထား ဆောင်ရွက်လျက်ရှိပြီး နိုင်ငံဖြတ်ကျော် မီးခိုးငွေ့ပြဿနာကို ထိရောက်စွာ ဖြေရှင်းနိုင်ရန် အားလုံးဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးကြရန် ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ကော်မတီအတွင်းရေးမှူးက မြန်မာ-ထိုင်း နယ်နိမိတ်ဖြတ်ကျော် မီးခိုးမြူငွေ့ လေထုညစ်ညမ်းမှု တားဆီး ကာကွယ်ရေးဆိုင်ရာ ပူးပေါင်း ဖြေရှင်းဆောင်ရွက်ရေး ကော်မတီ၏ ယခင်အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှု၊ တိုင်းဒေသကြီး၊ ပြည်နယ်များအလိုက် Fire Hotspot ဖြစ်ပွားမှုနှင့်ပတ်သက်၍ စစ်တမ်းကောက်ယူထားရှိမှု၊ ဆောင်ရွက်ဆဲ မြန်မာနိုင်ငံအတွင်း Fire Hotspot လျှော့ချရေးနှင့် နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ညစ်ညမ်းမှု ထိန်းသိမ်းရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ ဆက်လက် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် ကော်မတီဝင်များနှင့် ကိုယ်စားလှယ်များက မြန်မာ-ထိုင်း နယ်နိမိတ်ဖြတ်ကျော် မီးခိုးမြူငွေ့လေထုညစ်ညမ်းမှု တားဆီး ကာကွယ်ရေးဆိုင်ရာ ပူးပေါင်း ဖြေရှင်းဆောင်ရွက်ရေးကော်မတီ၏လုပ်ငန်း များနှင့်ပတ်သက်သည့် လုပ်ငန်းတာဝန်များ အကောင်အထည်ဖော်ဆောင်ရွက်မှု အခြေအနေများကို သက်ဆိုင်ရာကဏ္ဍအလိုက် ဝိုင်းဝန်းအကြံပြုဆွေးနွေးတင်ပြကြရာ ကော်မတီဥက္ကဋ္ဌ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။ **သတင်းစဉ်**

# ၂၀၂၅ ခုနှစ်အတွင်း ဆောင်ရွက်ခဲ့သော ကာကွယ်ဆေးထိုးနှံတိုက်ကျွေးရေးလုပ်ငန်းစဉ်များ၊ ကာကွယ်ဆေးဖြင့် ကာကွယ်၍ရသောရောဂါများ စောင့်ကြပ်ကြည့်ရှုခြင်းနှင့် ရောဂါကာကွယ်ထိန်းချုပ်ရေးဗဟိုအဆင့် နှစ်ပတ်လည်လုပ်ငန်းဆန်းစစ်ဆွေးနွေးပွဲ ကျင်းပ



နေပြည်တော် မတ် ၁၇

၂၀၂၅ ခုနှစ်အတွင်း ဆောင်ရွက်ခဲ့သော ကာကွယ်ဆေးထိုးနှံတိုက်ကျွေးရေးလုပ်ငန်းစဉ်များ၊ ကာကွယ်ဆေးဖြင့် ကာကွယ်၍ရသောရောဂါများ စောင့်ကြပ်ကြည့်ရှုခြင်းနှင့် ရောဂါကာကွယ်ထိန်းချုပ်ရေးဗဟိုအဆင့် နှစ်ပတ်လည်လုပ်ငန်းဆန်းစစ်ဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့တွင် နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာန၌ ကျင်းပသည်။

ဦးစွာ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ပါမောက္ခ ဒေါက်တာအေးထွန်းက အမှာစကား ပြောကြားရာတွင် ၂၀၂၅ ခုနှစ်အတွင်း ဆောင်ရွက်ခဲ့သော ပုံမှန်ကာကွယ်ဆေးထိုးလုပ်ငန်းများ၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု၊ ကာကွယ်ဆေးလွှမ်းခြုံမှုအခြေအနေနှင့် ကူးစက်ရောဂါတိုက်ဖျက်ရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်မှုအားသာချက်၊ အားနည်းချက်နှင့် ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များအတွက် သုံးသပ်ဆွေးနွေးခြင်းများ ဆောင်ရွက်နိုင်ရန် ကျင်းပခြင်းဖြစ်ကြောင်း ပြောကြားသည်။

အစည်းအဝေးသို့ ညွှန်ကြားရေးမှူးချုပ်များ၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ကုသရေးဦးစီးဌာနနှင့် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီး/ ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးများ၊ ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးများ၊ တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်း ဆောင်ရွက်လျက်ရှိသော လက်ထောက်ညွှန်ကြားရေးမှူးများနှင့် အဖွဲ့ခေါင်းဆောင်ဆရာဝန်များ၊ EPI တာဝန်ခံများ၊ အအေးလမ်းကြောင်းတာဝန်ခံများ၊ WHO၊ UNICEF နှင့် CHAI အဖွဲ့တို့မှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြပြီး ဗဟိုအဆင့် နှစ်ပတ်လည်လုပ်ငန်းဆန်းစစ်ဆွေးနွေးပွဲကို မတ် ၁၇ ရက်မှ ၁၉ ရက်အထိ သုံးရက်တာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# သီရိလင်္ကာ၌ အများပြည်သူဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများအား သီတင်းပတ်တစ်ပတ်လျှင် တစ်ရက်ပိတ်ရန်သတ်မှတ်

**ကိုလံဘို မတ် ၁၇**

သီရိလင်္ကာနိုင်ငံ၌ နိုင်ငံအတွင်း လောင်စာဆီသုံးစွဲမှုစီမံခန့်ခွဲရေးအတွက် အများပြည်သူဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများတွင် တာဝန်ထမ်းဆောင်နေသည့် ဝန်ထမ်းများအား အပတ်စဉ် ဗုဒ္ဓဟူးနေ့များကို ရုံးပိတ်ရက်များအဖြစ် သတ်မှတ်မည်ဖြစ်ကြောင်း သိရသည်။

မတ် ၁၈ရက်မှစတင်၍ အကျုံးဝင်မည်ဖြစ်သည်။

အစိုးရကျောင်းများ၊ တက္ကသိုလ်များနှင့် တရားရုံးများကို အပတ်စဉ် ဗုဒ္ဓဟူးနေ့တိုင်း ပိတ်ထားမည်ဖြစ်ကြောင်းနှင့် ၎င်းသတ်မှတ်ချက်သည် မရှိမဖြစ်လုပ်ငန်းများဖြစ်သည့် ကျန်းမာရေး၊ ဆိပ်ကမ်း၊ ရေဖြန့်ဖြူးရေးနှင့် အကောက်ခွန်လုပ်ငန်းများအတွက် အကျုံးမဝင်ကြောင်း အရေးကြီးလုပ်ငန်း စီမံခန့်ခွဲရေးဆိုင်ရာ အဖွဲ့အစည်းကော်မရှင်နာချုပ် ပရာဗတ် ချန်ဒရာကီယာက ပြောကြားသည်။

**အချိန်မရွေးဆင့်ခေါ်ခွင့်ရှိ**

တာဝန်ရှိသူများအနေဖြင့် လုပ်ငန်းလိုအပ်ချက်ရှိပါက သီတင်းပတ်အတွင်းရှိ ကျန်ရုံးဖွင့်ရက်များတွင် ဝန်ထမ်းများကို အချိန်မရွေး တာဝန်ထမ်းဆောင်ရန် ဆင့်ခေါ်ခွင့်ရှိကြောင်း ၎င်းကပြောကြားသည်။

အစိုးရဌာနများတွင် ကျင်းပရန်ရှိသည့် အခမ်းအနားများကို နောက်ထပ် အမိန့်တစ်စုံတစ်ရာ ထပ်မံရရှိသည့်အချိန်အထိ ဆိုင်းငံ့ထားရန်နှင့် ပုဂ္ဂလိကလုပ်ငန်းများကိုလည်း အလားတူအစီအမံများ ဆောင်ရွက်ရန် အစိုးရကညွှန်ကြားခဲ့သည်။



ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – စိုးသူရ

# ပါကစ္စတန်တပ်ဖွဲ့များ၏ လေကြောင်းတိုက်ခိုက်မှုအတွင်း အာဖဂန်နစ္စတန်နိုင်ငံရှိ ဆေးရုံတစ်ရုံပျက်စီး

**ကဘူး မတ် ၁၇**

ပါကစ္စတန်တပ်ဖွဲ့များ၏ မတ် ၁၆ ရက်ည လေကြောင်းတိုက်ခိုက်မှုအတွင်း အာဖဂန်နစ္စတန်နိုင်ငံ မြို့တော်ကဘူးရှိ မူးယစ်ဆေးစွဲကုသရေးဆေးရုံတစ်ရုံထိမှန်ခဲ့ကာ အနည်းဆုံး ၄၀၀ သေဆုံးပြီး ၂၅၀ ထိခိုက်ဒဏ်ရာ ရရှိခဲ့ကြောင်း အာဖဂန် တာဝန်ရှိသူတစ်ဦးက မတ် ၁၇ရက်တွင် ပြောကြားသည်။



မတ် ၁၆ ရက် ဒေသစံတော်ချိန် ည ၉ နာရီတွင် လေကြောင်းမှ တိုက်ခိုက်ခဲ့ရာတွင် ကဘူးရှိ အိုမစ် မူးယစ်ဆေးစွဲကုသရေးဆေးရုံ ထိခိုက်ခဲ့ကြောင်း လူမှုမီဒီယာအိက်စ်တွင် အာဖဂန်နစ္စတန်အစိုးရ ပြောရေးဆိုခွင့်ရှိသူ ဟမ်ဒူလာဖီထရက်က ပြောကြားသည်။ ၎င်းတိုက်ခိုက်မှုအတွင်း ဆေးရုံထိခိုက်ပျက်စီးခဲ့ပြီး သေဆုံးသူအရေအတွက် မြင့်တက်လာနိုင်ကြောင်း ၎င်းက ပြောကြားသည်။ မိမိတို့အနေဖြင့် အာဖဂန်နစ္စတန်နိုင်ငံအတွင်းရှိ စစ်ရေးပစ်မှတ်များနှင့် အကြမ်းဖက်သမားများ ခိုအောင်းရာနေရာများကိုသာ တိုက်ခိုက်ခြင်းဖြစ်ကြောင်း ပါကစ္စတန် တာဝန်ရှိသူများက ပြောကြားသည်။

ပါကစ္စတန်တပ်ဖွဲ့များအနေဖြင့် ကဘူးနှင့် နန်ဂဟာပြည်နယ်ရှိ ပါကစ္စတန်များကို တိုက်ခိုက်ရန် လက်နက် သိုလှောင်ထားသည့် နေရာများကိုသာ တိုက်ခိုက်ခြင်း ဖြစ်ကြောင်း ပါကစ္စတန်နိုင်ငံ ပြန်ကြားရေး ဝန်ကြီးဌာနက ပြောကြားသည်။

ပြီးခဲ့သည့်လအတွင်းမှ စတင်၍ နှစ်ဖက်ကြား နယ်စပ်ဒေသတွင် တိုက်ခိုက်မှုများဖြစ်ခဲ့ရာ သေဆုံးမှုများနှင့် ထိခိုက်ဒဏ်ရာရရှိမှုများ ရှိခဲ့ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

ကိုးကား – ဆင်ဟွာ

ဘာသာပြန် – စိုးသူရ

# ဘရူနိုင်း၌ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး မြှင့်တင်ဆောင်ရွက်

**ဘန်ဒါဆရီဘီဂါဝမ် မတ် ၁၇**

ဘရူနိုင်းအစိုးရသည် နိုင်ငံအတွင်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကို မြှင့်တင်ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

နိုင်ငံအတွင်း သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအတွက် ဘရူနိုင်းမြစ်အတွင်းရှိ အမှိုက်များကို ဖယ်ရှားရေးနှင့် ရေအရည်အသွေး မြှင့်တင်ရေးအပြင် အများပြည်သူဆိုင်ရာနေရာများတွင် စည်းကမ်းမဲ့ အမှိုက်စွန့်ပစ်မှုမရှိစေရေးအတွက် စီစီတီဗွီကင်မရာများဖြင့် စောင့်ကြည့်ဆောင်ရွက်မည်ဖြစ်ကြောင်း ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီး ဟာဂျီမိုဟာမက်ဂျူအန်ဒါရာရှစ်က ပြောကြားသည်။ ထို့ပြင် လေထုအရည်အသွေး ကောင်းစေရေးအတွက် လေထုအရည်အသွေး စစ်ဆေးရေးကိရိယာများကို တပ်ဆင်ဆောင်ရွက်မည်ဖြစ်သည်။

နိုင်ငံအတွင်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် စွန့်ပစ်ပစ္စည်းပြန်လည်သုံးစွဲရေးနှင့် အမှိုက်မှ လျှပ်စစ်ထုတ်ယူရေးအစီအမံများကို ဆောင်ရွက်နေကြောင်း သိရသည်။

ကမ္ဘာ့နိုင်ငံများတွင် ရာသီဥတုပြောင်းလဲမှု တိုက်ဖျက်ရေးအတွက် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကို ဆောင်ရွက်နေရာ အောင်မြင်မှုများရရှိနေပြီး နိုင်ငံအသီးသီး၏ ဂေဟစနစ်များ ထိန်းသိမ်းရာတွင် အထောက်အကူပြုကြောင်း သိရသည်။

ကိုးကား – ဆင်ဟွာ

ဘာသာပြန် – စိုးသူရ

# လာအိုနိုင်ငံ၌ သဘာဝဘေးကာကွယ်ရေးမဟာဗျူဟာချမှတ်

**ဗီယင်ကျန်း မတ် ၁၇**

လာအိုနိုင်ငံတွင် ၂၀၂၆မှ ၂၀၃၀ အထိသက်တမ်းရှိသည့် သဘာဝဘေးကာကွယ်ရေး မဟာဗျူဟာကို ချမှတ်ခဲ့ပြီး နိုင်ငံအတွင်းဖြစ်ခဲ့သည့် သဘာဝဘေးများဆိုင်ရာ ပြန်လည်ထူထောင်ရေးဆိုင်ရာအခြေအနေများကို လာအိုနိုင်ငံ သဘာဝဘေးစီမံခန့်ခွဲရေး ကော်မတီအစည်းအဝေးတွင် ပြန်လည်သုံးသပ်ခဲ့ကြောင်း သိရသည်။

နိုင်ငံအတွင်း သဘာဝဘေးဆိုင်ရာ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို မြှင့်တင်ဆောင်ရွက်ရန်၊ သဘာဝဘေးစောင့်ကြည့်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးအပါအဝင် သဘာဝဘေးဒဏ်သင့်လူမှု အသိုင်းအဝိုင်းများကို မြှင့်တင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ယခုအစည်းအဝေးကို ကျင်းပခြင်းဖြစ်သည်။ မြို့တော်ဗီယင်ကျန်းတွင် ကျင်းပသည့် ၎င်းအစည်းအဝေးအား ဒုတိယဝန်ကြီးချုပ် ချန်ဆမုံချန်ယာလတ်က သဘာပတိအဖြစ် ဆောင်ရွက်ခဲ့ကြောင်း လာအိုနယူးစ်အေဂျင်စီ၏ မတ် ၁၇ ရက် ထုတ်ပြန်ချက်အရ သိရသည်။ နိုင်ငံအတွင်း ရာသီဥတုပြောင်းလဲမှုများနှင့် လူသားများ၏ ဆောင်ရွက်ချက်များကြောင့် မုန်တိုင်းများ၊ ရေကြီးရေလျှံခြင်း၊ မြေပြိုခြင်းများဖြစ်ခဲ့ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။ ၂၀၂၂ ခုနှစ်မှ ၂၀၂၅ ခုနှစ်အတွင်း သဘာဝဘေး ၃၇၆ ကြိမ် ဖြစ်ခဲ့ပြီး ဒေသခံတစ်သန်းကျော် ထိခိုက်ခံစားခဲ့ရကာ နိုင်ငံအတွင်းရှိ စိုက်ပျိုးရေးနှင့် အခြေခံအဆောက်အအုံကဏ္ဍများ ထိခိုက်မှုရှိခဲ့ကြောင်း သိရသည်။ နိုင်ငံမြောက်ပိုင်း ပြည်နယ်များဖြစ်သည့် ဟွာဖန်၊ လောင်နမ်သာ၊ ဇယာဘူရီနှင့် လမ်ပရာဘန်တို့တွင် ၂၀၂၄ ခုနှစ်နှင့် ၂၀၂၅ ခုနှစ်များတွင် ရေကြီးရေလျှံခြင်းများ ဖြစ်ခဲ့ကြောင်း သိရသည်။

အစိုးရသည် သဘာဝဘေးဆိုင်ရာ အရေးပေါ်အခြေအနေများကြုံတွေ့ရသည့် အခြေအနေများတွင် အလျင်အမြန်တုံ့ပြန်ဆောင်ရွက်ရေး၊ အခြေခံအဆောက်အအုံ ပြန်လည်ထူထောင်ရေးနှင့် ရေရှည်ပြန်လည်ထူထောင်ရေး စီမံကိန်းရေးဆွဲခြင်းတို့ကို ဦးစားပေးဆောင်ရွက်နေပြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာ ပြန်လည်ထူထောင်ရေး စီမံကိန်းများကို အမျိုးသားရင်းနှီးမြှုပ်နှံမှုအစီအစဉ်တွင် ပေါင်းစပ်ထည့်သွင်းရန် သတ်မှတ်ထားကြောင်း သိရသည်။

ကိုးကား – ဆင်ဟွာ

ဘာသာပြန် – စိုးသူရ

# လာအိုနိုင်ငံ၌ လောင်စာဆီဈေးနှုန်းများတည်ငြိမ်ရေး ဆောင်ရွက်

**ဗီယင်ကျန်း မတ် ၁၇**

လာအိုနိုင်ငံ၌ လောင်စာဆီဈေးနှုန်းများ တည်ငြိမ်ရေးအတွက် လောင်စာဆီဆိုင်ရာအခွန်များကို လျှော့ချရေး အစီအစဉ်နှင့် လောင်စာဆီဈေးနှုန်း ကျဆင်းရေးလုပ်ငန်းဆိုင်ရာ အထောက်အကူပြုရန်ပုံငွေများ သတ်မှတ်မည့်အစီအစဉ်များကို အစိုးရက အတည်ပြုခဲ့ကြောင်း သိရသည်။



ကမ္ဘာလုံးဆိုင်ရာ လောင်စာဆီဈေးကွက် မတည်ငြိမ်မှုနှင့် ဈေးနှုန်းများ မြင့်တက်ခြင်းအပေါ် လောင်စာဆီသုံးစွဲသူများအတွက် ကုန်ကျစရိတ်များလျှော့ချရန် ရည်ရွယ်ဆောင်ရွက်ခြင်း ဖြစ်သည်။ မတ် ၁၆ ရက်တွင် ကျင်းပခဲ့သည့် လောင်စာဆီနှင့်စပ်လျဉ်းသည့် ကိစ္စရပ်များဆိုင်ရာ ညှိနှိုင်းအစည်းအဝေးတွင် ယခုဆုံးဖြတ်ချက်များကို အတည်ပြုခဲ့ကြောင်း လာအိုအမျိုးသားရေဒီယိုက မတ် ၁၇ ရက်တွင် ပြောကြားသည်။

၎င်းအစည်းအဝေးတွင် ပြည်တွင်းသို့ လောင်စာဆီတင်သွင်းသူများနှင့် ဖြန့်ဖြူးသူများက လောင်စာဆီဖြန့်ဖြူးရေးကွင်းဆက်များ တည်ငြိမ်ရေးအတွက် ဆောင်ရွက်မည်ဖြစ်ကြောင်း ကတိကဝတ်ကို အတည်ပြုခဲ့သည်။ ထို့ပြင် နိုင်ငံအတွင်းရှိ ကျေးလက်ဒေသများအထိ လောင်စာဆီရရှိရေးအတွက် လောင်စာဆီဖြန့်ဖြူးရေးလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်မည်ဖြစ်ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – စိုးသူရ

# ကင်ညာနိုင်ငံ ရေကြီးရေလျှံမှုအတွင်း သေဆုံးသူ ၇၁ ဦး ရှိလာ

**နိုင်ရိုဘီ မတ် ၁၇**

ကင်ညာနိုင်ငံတွင် မကြာသေးမီကဖြစ်ပွားခဲ့သည့် ရေကြီးရေလျှံမှုအတွင်း သေဆုံးသူဦးရေသည် ၇၁ ဦးအထိ မြင့်တက်လာကြောင်း ရဲတပ်ဖွဲ့က မတ် ၁၇ ရက်တွင် အတည်ပြုပြောကြားခဲ့သည်။

သေဆုံးသူများ၏ ထက်ဝက်ကျော်သည် ကင်ညာနိုင်ငံ၏ မြို့တော် နိုင်ရိုဘီမှဖြစ်ပြီး ရေနုတ်မြောင်းများ ရေစီးရေလာညံ့ဖျင်းခြင်း၊ မြစ်များ ရေလျှံခြင်းနှင့် အဆောက်အအုံဆိုင်ရာ ကြံ့ခိုင်မှုအားနည်းခြင်းတို့ကြောင့် အခြေအနေကို ပိုမိုဆိုးရွားစေခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားခဲ့သည်။

မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် နိုင်ငံ၏ဒေသအတော်များများတွင် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်စေခဲ့ပြီး လမ်းများ ပိတ်ဆို့ခြင်းနှင့် လူမှုစီးပွားဘဝများ ထိခိုက်ခြင်းတို့ဖြစ်ခဲ့သည်။

ကိုးကား – ဆင်ဟွာ

ဘာသာပြန် – စိုးသူရ







# ကယားပြည်နယ်ဝန်ကြီးချုပ် ကယားပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ လွှတ်တော်အကြိုမိတ်ဆက်ခြင်းအခမ်းအနား တက်ရောက်

လွိုင်ကော်  မတ်  ၁၇

ကယားပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များ လွှတ်တော်အကြို မိတ်ဆက်ခြင်းအခမ်းအနားကို ယနေ့တွင် ကယားပြည်နယ်လွှတ်တော်ရုံးရေးရာ ကော်မတီများ ခန်းမဆောင်၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးစိန်ဦး၊ ပြည်နယ်ဝန်ကြီးများ၊ ကယားပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ ကယားပြည်နယ်လွှတ်တော်အစည်းအဝေးများ ကျင်းပရေးဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီများ၊ ပြည်နယ်လွှတ်တော်ရုံး ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။



ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က တတိယအကြိမ် ကယားပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး အောင်မြင်စွာကျင်းပနိုင်ရေးအတွက် အဆောက်အအုံများ ပြုပြင်မွမ်းမံရေး၊ ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေး၊ လုံခြုံရေး၊ ကျန်းမာရေးဆိုင်ရာများကို ဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီများ ဖွဲ့စည်း၍ ကြိုတင်ပြင်ဆင်ဆောင်ရွက်ခဲ့ကြောင်း၊ ကိုယ်စားလှယ်များ တည်းခိုနေထိုင်ရေး၊ စားသောက်ရေး အဆင်ပြေချောမွေ့စေရေးအတွက်လည်း အကောင်းဆုံးစီမံထားရှိကြောင်း၊ လွှတ်တော်အစည်းအဝေးများ ကျင်းပချိန်တွင် လွှတ်တော်ကိုယ်စားလှယ်များ စိတ်အေးချမ်းသာစွာ တက်ရောက်နိုင်ရေး၊ လိုအပ်ချက်မရှိစေရေး ပြင်ဆင်ဆောင်ရွက်ထားရှိပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက တစ်ဦးချင်း မိတ်ဆက်ကြသည်။

ယင်းနောက် တတိယအကြိမ် ကယားပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး အောင်မြင်စွာကျင်းပနိုင်ရေးအတွက် သဘာပတိတင်မြှောက်ခြင်း၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ တင်မြှောက်ခြင်း၊ ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌတင်မြှောက်ခြင်းကို လွှတ်တော်ရုံးဝန်ထမ်းများဖြင့် Role Play သရုပ်ပြဆောင်ရွက်ထားသည့် Video Clip ကို ပြသသည်။

ဆက်လက်၍ ကယားပြည်နယ်လွှတ်တော်အကြောင်း သိကောင်းစရာများနှင့် လွှတ်တော်အစည်းအဝေးနှင့် စပ်လျဉ်းသည့်အချက်များကို ပြည်နယ်လွှတ်တော်ရုံး ဒုတိယညွှန်ကြားရေးမှူးချုပ်ကလည်းကောင်း၊ ဥပဒေအကြောင်း သိကောင်းစရာများနှင့် ပတ်သက်၍ ပြည်နယ်ဥပဒေအရာရှိ ဦးကျော်မင်းနိုင်က လည်းကောင်း၊ ပြည်နယ်ဘဏ္ဍာငွေဆိုင်ရာများနှင့်ပတ်သက်၍ ပြည်နယ်ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနမှ ညွှန်ကြားရေးမှူးက လည်းကောင်း ရှင်းလင်းတင်ပြကြရာ ရွေးချယ်ခံပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက သိရှိလိုသည်များကို ပြန်လည်မေးမြန်းဆွေးနွေးကြသည်။

ပြည်နယ်(ပြန်/ဆက်)



# တိုင်းရင်းသားဘာသာစာပေသင်ကြားရေး အထောက်အကူပြုနှင့် တိုင်းရင်းသားစာပေသင် ဆရာ ဆရာမများ မွမ်းမံသင်တန်းဖွင့်လှစ်

ရန်ကုန်  မတ်  ၁၇

တိုင်းရင်းသားဘာသာ စာပေသင်ကြားရေး အထောက်အကူပြုနှင့် တိုင်းရင်းသားစာပေသင် ဆရာ ဆရာမများ မွမ်းမံသင်တန်းဖွင့်ပွဲကို ယနေ့ နံနက်ပိုင်းတွင် ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ (ရန်ကုန်)၌ ကျင်းပသည်။

ဦးစွာ ရန်ကုန်တိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောဂျက်ကော့ထူးက အမှာစကားပြောကြားပြီး တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာန ညွှန်ကြားရေးမှူး ဦးပြေဟိန်းနိုင်က သင်တန်းဖွင့်လှစ်ရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ တိုက်ကြီးရှမ်းစာပေနှင့် ယဉ်ကျေးမှုကော်မတီဥက္ကဋ္ဌ ဦးစိုင်းကျော်ထူးက ကျေးဇူးတင်စကားပြောကြားပြီး ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ(ရန်ကုန်)က ယဉ်ကျေးမှုအကဖြင့် လည်းကောင်း၊ မှော်ဘီမြို့နယ် ကရင်ရိုးရာ ဝါးထောက်အကဖြင့်လည်းကောင်း၊ တိုက်ကြီးရှမ်းစာပေနှင့် ယဉ်ကျေးမှုကော်မတီက ရှမ်းအကဖြင့်လည်းကောင်း၊ မှော်ဘီမြို့နယ် ကျီးပင်ဆိပ်ကျေးရွာက ကရင်ရိုးရာဒုံးအကဖြင့်လည်းကောင်း ဖျော်ဖြေတင်ဆက်ကြသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီးက ဖျော်ဖြေတင်ဆက်ခဲ့ကြသည့် အကအဖွဲ့များအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

အောင်မြင့်(ပြန်/ဆက်)

# မင်္ဂလာဒုံမြို့နယ်၌ "လူငယ်နှင့်စာရိတ္တ"ခေါင်းစဉ်ဖြင့် အသိပညာပေး (Talk Show) ပြုလုပ်

ရန်ကုန်  မတ်  ၁၇

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အနေဖြင့် လူငယ်များ၏ ဗလငါးတန်ဖွံ့ဖြိုးလာစေရန် ရည်ရွယ်၍ "လူငယ်နှင့် စာရိတ္တ" ခေါင်းစဉ်ဖြင့် အသိပညာပေး (Talk Show)ကို ယနေ့မွန်းလွဲပိုင်းက လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပသည်။




အဆိုပါ ဆွေးနွေးပွဲတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးသိန်းထွန်းအောင်က အသိပညာပေးဆွေးနွေးပွဲ ပြုလုပ်ရခြင်းနှင့် ပတ်သက်၍ "အစိုးရနှင့် ပြည်သူကြား ပေါင်းကူးတံတားသဖွယ်" မီဒီယာနှင့် ပြည်သူ့ဆက်ဆံရေး နည်းလမ်းအသွယ်သွယ်ဖြင့် ဆောင်ရွက်ပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စာရေးဆရာမ ပေါက်ပေါက်က "လူငယ်နှင့် စာရိတ္တ" ခေါင်းစဉ်ဖြင့် အသိပညာပေး(Talk Show)ကို ဆွေးနွေးရာတွင် စာရိတ္တ၏အဓိပ္ပာယ်၊ စာရိတ္တကောင်းသူဖြစ်ရန် လိုအပ်သည့် အချက်အလက်များ၊ စာရိတ္တကောင်းမွန်ခြင်းကြောင့် ရရှိနိုင်သော အကျိုးကျေးဇူးများ၊ လူငယ်နှင့် စာရိတ္တဟူသည့်အပေါ် ဆရာမ၏ အကြံပြုချက်များကို ရှင်းလင်း ဆွေးနွေးခဲ့ကြောင်း သိရသည်။

မင်းသိန်းထွန်း

**ညအချိန် အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ်ချွေတာသင့်ပါသည်**

# (၈၁)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မကွေးမြို့၌ ဆားရွှေကင်း ဝန်ထမ်းအိမ်ရာအပ်နှင်းပွဲ ကျင်းပ



မကွေး မတ် ၁၇

မတ် ၂၇ ရက်တွင် ကျရောက်မည့် (၈၁)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနက တည်ဆောက်ပြီးစီးခဲ့သည့် ဆားရွှေကင်း ဝန်ထမ်းအိမ်ရာအပ်နှင်းပွဲကို ယနေ့နံနက်ပိုင်းတွင် မကွေးမြို့ ဆားရွှေကင်းရပ်ကွက်ရှိ အဆိုပါအိမ်ရာဝင်း၌ ကျင်းပရာ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင်၊ နယ်မြေခံတပ်နယ်မှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက နိုင်ငံ့ဝန်ထမ်းအငှားအိမ်ရာ ရှစ်ခန်းတွဲ၊ ငါးထပ် ဆားရွှေကင်းဝန်ထမ်းအိမ်ရာကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က မိမိတို့အစိုးရအဖွဲ့ စတင်တာဝန်ယူခဲ့သည့် အချိန်မှစ၍ ယနေ့အချိန်အထိ နိုင်ငံ့ဝန်ထမ်းများနှင့် အများပြည်သူတို့ နေထိုင်မှုအဆင့်အတန်း မြင့်မားတိုးတက်စေပြီး လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနက ဝန်ထမ်းအိမ်ရာနှင့် ပြည်သူများအတွက် တန်ဖိုးနည်း၊ တန်ဖိုးလတ်နှင့် တန်ဖိုးမြင့်အရောင်းအိမ်ရာများ အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ယခုတည်ဆောက်ပြီးသော အိမ်ရာများ ရေရှည်တည်တံ့ခိုင်မြဲစေရန် နေထိုင်သူ နိုင်ငံ့ဝန်ထမ်းများက ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ပေးရန်နှင့် မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့က တိုင်းဒေသကြီးအတွင်းရှိ အခြားမြို့နယ်များတွင်လည်း မြေနေရာများရှာဖွေဖော်ထုတ်ကာ နေထိုင်ရေးအခက်အခဲရှိသော နိုင်ငံ့ဝန်ထမ်းများသာမက ပြည်သူများအတွက်ပါ ထည့်သွင်းစဉ်းစားပြီး သင့်တော်ကောင်းမွန်သော အိမ်ရာများကို စဉ်ဆက်မပြတ်ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ထမ်းအိမ်ရာကော်မတီဥက္ကဋ္ဌ လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက အမှာစကားပြောကြားကာ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးက ရှစ်ခန်းတွဲ ငါးထပ်ဝန်ထမ်းအိမ်ရာတည်ဆောက်ရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အိမ်ရာတည်ဆောက်ခဲ့သော ကုမ္ပဏီမန်နေဂျင်း ဒါရိုက်တာက တိုင်းဒေသကြီး ညွှန်ကြားရေးမှူးထံ အဆောက်အအုံပြီးစီးကြောင်း မှတ်တမ်းစာအုပ်ကို လွှဲပြောင်းပေးအပ်ပြီး မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးက အိမ်ခန်းနေထိုင်ခွင့်ရရှိသူ ကိုယ်စားလှယ်တစ်ဦးထံ အိမ်ခန်းသော့ပေးအပ်ကာ အိမ်ခန်းနေထိုင်ခွင့်ရရှိသူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

အခမ်းအနားအပြီးတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် အခန်းဖွဲ့စည်းပုံများ၊ ရေ၊ မီးနှင့်ပတ်ဝန်းကျင်သန့်ရှင်းသာယာရေး ဆောင်ရွက်ထားမှုများကို လှည့်လည်ကြည့်ရှုခဲ့ကြောင်း သိရသည်။

မောင်ခိုင်မင်း(ပြန်/ဆက်)

# ရန်ကုန်တိုင်းဒေသကြီးအတွင်း၌ စားသုံးဆီကို G3G Application ဖြင့် ဝယ်ယူနိုင်

ရန်ကုန် မတ် ၁၇

ပြည်တွင်း ထုတ်ကုန်များကို အွန်လိုင်းမှ ဝယ်ယူရောင်းချနိုင်အောင် ပြုလုပ်ထားသည့် G3G Application ကို အသုံးပြုပြီး ရန်ကုန်တိုင်းဒေသကြီး အတွင်း၌ စားသုံးဆီများကို Door–to–Door စနစ်ဖြင့် အလွယ်တကူ ဝယ်ယူနိုင်ပြီဖြစ်သည်။



ကျင်းပ

အဆိုပါ G3G Application ဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များသို့ စားသုံးဆီ တရားဝင်ဖြန့်ဖြူးရေးနှင့်ပတ်သက်သည့်မိတ်ဆက်ပွဲကို ယမန်နေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ မင်းရဲကျော်စွာလမ်းရှိ UMFCCI မင်္ဂလာခန်းမ၌ ကျင်းပသည်။

ဦးစွာစားသုံးသူရေးရာဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး ဒုတိယတိုင်းဦးစီးမှူး ဦးတင်မိုးအောင်၊ မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးမောင်မောင်ဇော်နှင့် Golden Gate Global Myanmar Pte., Ltd. (G3G Application) မှ CEO ဒေါ်အိအိချောစုတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးမောင်မောင်ဇော်က အမှာစကား ပြောကြားပြီး G3G Application ၏ Head Of IT ဦးစွမ်းထက်အောင်က G3G Application အကြောင်း ရှင်းလင်းတင်ပြသည်။

G3G Application ကို နိုင်ငံသားစိစစ်ရေးကတ်ပြား ကိုင်ဆောင်ထားသူ မည်သူမဆို အသုံးပြုနိုင်ပြီး ဒစ်ဂျစ်တယ်နည်းပညာကို အသုံးပြု၍ မြန်မာ MSME ထုတ်ကုန်များကို Local နှင့် Global အသုံးပြုသူများနှင့် ချိတ်ဆက်ပေးခြင်းဖြင့် စီးပွားရေးတိုးတက်မှုကို အားပေးမြှင့်တင်ရန် တီထွင်ထုတ်လုပ်ထားခြင်းဖြစ်ကြောင်း သိရသည်။

ကျော်ဆန်းမြင့်(ပြန်/ဆက်)



# ရန်ကုန်တိုင်းဒေသကြီးအတွင်း မြို့နယ်များရှိ သမဝါယမအသင်းများနှင့် အများပြည်သူသို့ ကြက်သွန်နီများ ဖြန့်ဖြူးရောင်းချ

ရန်ကုန် မတ် ၁၇

ရန်ကုန်တိုင်းဒေသကြီးအတွင်း သမဝါယမကုန်သွယ်မှုကဏ္ဍ သမဝါယမအရောင်းဆိုင်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်၍ စဉ်ဆက်မပြတ်လုပ်ငန်းများ လည်ပတ်နိုင်စေရန် စားသုံးသူအသင်းသားများနှင့် ပြည်သူများသို့ အခြေခံစားကုန်များ ဈေးနှုန်းသက်သာစွာ ဖြန့်ဖြူးရောင်းချနိုင်စေရန် ရည်ရွယ်၍ မတ် ၁၆ ရက်က ရန်ကုန်တိုင်းဒေသကြီး သမဝါယမဦးစီးဌာန၏ ပေါင်းစပ်ညှိနှိုင်းချက်အရ မတ်လအတွင်း မကွေးတိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်နှင့် ချိတ်ဆက်၍ မကွေးတိုင်းဒေသကြီး ဆိပ်ဖြူဒေသမှထွက်ရှိသော ကြက်သွန်နီ ပိဿာ ၂၀၀၀၀ ကို ရန်ကုန်တိုင်းဒေသကြီးအတွင်း သမဝါယမအသင်းများနှင့် အများပြည်သူသို့ ပြင်ပပေါက်ဈေးထက်သက်သာသောဈေးနှုန်းဖြင့်ဖြန့်ဖြူးရောင်းချပေးခဲ့ကြောင်း သိရသည်။

ဗလ

# ရန်ကင်းမြို့နယ်၌ စားသောက်ဆိုင်ဝန်ဆောင်မှုသင်တန်းဖွင့်

ရန်ကုန် မတ် ၁၇

ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ် အလုပ်သမားညွှန်ကြားမှုဦးစီးဌာန ကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်းကျောင်း(ရန်ကင်း)တွင် ရန်ကုန်တိုင်းဒေသကြီး ကလေးအလုပ်သမားပပျောက်ရေးကော်မတီ၏ ဦးဆောင်ကြီးကြပ်မှုဖြင့် စားသောက်ဆိုင်ဝန်ဆောင်မှုလုပ်ငန်း သင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက ကျင်းပသည်။

ဦးစွာ အလုပ်သမားညွှန်ကြားမှုဦးစီးဌာန(ရန်ကုန်တိုင်းဒေသကြီးရုံး)မှ ညွှန်ကြားရေးမှူး ဦးစိုးနိုင်က အမှာစကားပြောကြားသည်။

အဆိုပါသင်တန်းကို မတ် ၁၇ ရက်မှ ဧပြီ ၉ ရက်အထိ ဖွင့်လှစ်ပေးမည်ဖြစ်ပြီး သင်တန်းသား သင်တန်းသူ ၃၅ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

လှလှထွေး(ပြန်/ဆက်)



## သက်ရှိကမ္ဘာရှင်သန်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့



# ကံမမြို့နယ်အတွင်း မီးဘေးကြိုတင်ကာကွယ်ရေး နှိုးဆော်သတိပေးခြင်းများဆောင်ရွက်

ကံမ မတ် ၁၇

သရက်ခရိုင် မီးသတ်ဦးစီးဌာနမှူး၏ အနီးကပ်လမ်းညွှန်မှုဖြင့် ယနေ့တွင် ကံမမြို့ပေါ်ရပ်ကွက်များအတွင်းရှိ လူနေအိမ်များအတွင်း တရားမဝင်လောင်စာဆီများသိုလှောင်ခြင်း၊ ရောင်းချခြင်း၊ သယ်ယူရွှေ့ပြောင်းခြင်းများ မပြုလုပ်ရန်နှင့် လျှပ်စစ်မီးသွယ်တန်းအသုံးပြုခြင်းမှ မီးဘေးအန္တရာယ်မဖြစ်ပွားစေရေးအတွက် တစ်အိမ်တက်ဆင်း လိုက်လံစစ်ဆေး နှိုးဆော်သတိပေးခြင်းများကို ကံမမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခေတ္တမြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်လွင်ဦး၊ ကံမမြို့နယ်မီးသတ်ဦးစီးဌာန မြို့နယ်မီးသတ်ဦးစီးမှူး ဦးရဲညွှန့်၊ စည်ပင်အမှုဆောင်အရာရှိ ဦးမြင့်လှိုင်၊ မြို့နယ်လျှပ်စစ်မန်နေဂျာ ဦးထွန်းလွင်၊ မြို့နယ်လမ်းဦးစီးဌာနမှ ဒေါ်ဖူးငုံသင်းတို့နှင့်အတူ မီးဘေးသတိမူရေး နှိုးဆော်သတိပေးခြင်းများ ဆောင်ရွက်ကြသည်။

ထို့ပြင် ရေးဦးမီးငြိမ်းသတ်ရေးပစ္စည်းကိရိယာများဖြစ်သည့် မီးချိတ်၊ မီးကပ်၊ သဲ၊ ရေ၊ လှေကား၊ မီးသတ်ဆေးဘူးများ အသင့်ချိတ်ဆွဲထားရှိရန်၊ လောင်စာအမှိုက်များ စုပုံထားရှိခြင်း၊ အမှိုက်မီးရှို့ခြင်းများ မပြုလုပ်ရန်၊ လူအစောင့်မရှိဘဲ မီးဖိုမီးသုံးစွဲခြင်း မပြုလုပ်ရန်၊ လျှပ်စစ်ဝိုင်ယာကြိုးများ စနစ်တကျသွယ်တန်းအသုံးပြုရန်စသည့် မီးဘေးသတိမူရေးဆိုင်ရာ အကြံပြုချက်များကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ကောင်းစစ်နိုင်

# ၂၀၂၆ ခုနှစ် မတ်လ ၁၆ ရက်နေ့တွင် ရန်ကုန်မြို့၏ ဝန်းကျင်လေထုအရည်အသွေး လေ့လာဆန်းစစ်ခြင်းနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက်

ရန်ကုန်တိုင်းဒေသကြီး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနအနေဖြင့် ရန်ကုန်မြို့အတွင်း အောက်ဖော်ပြပါ တိုင်းတာမှတ်(၃)နေရာတွင် Ambient Air Quality Monitoring Station with Mobile Car–(AQMS Mobile Car)၊ Compact Air Quality Monitoring Station– (AQM 65) စက်များကိုအသုံးပြု၍ Particulate Matter 2.5 (PM2.5)၊ Particulate Matter 10 (PM10)၊ Sulphur Dioxide ($SO_2$)၊ Nitrogen Dioxide ($NO_2$)၊ Ozone ($O_3$) နှင့် Carbon Monoxide (CO) စသည့် အဓိက Parameter (၆)မျိုးကို ၂၄ နာရီ ပုံမှန်တိုင်းတာပြီး လေ့လာဆန်းစစ်လျက်ရှိပါသည်။

| စဉ် | ရန်ကုန်တိုင်းဒေသကြီး အတွင်း ဝန်းကျင်လေထု အရည်အသွေး တိုင်းတာသည့်နေရာ | တိုင်းတာသည့် Parameter များ | | | | | |
|---|---|---|---|---|---|---|---|
| | | ၂.၅ မိုက်ခရွန် အရွယ်ရှိသော အမှုန် အမွှားများ | ၁၀ မိုက်ခရွန် အရွယ်ရှိသော အမှုန် အမွှားများ | ဆာလဖာ ဒိုင် အောက် ဆိုဒ် | နိုက်ထရို ဂျင် ဒိုင် အောက် ဆိုဒ် | အို ဇုန်း | ကာဗွန်မို နောက် ဆိုဒ် |
| ၁ | ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့ | ကောင်းမွန် | | | | | |
| ၂ | အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်းဗဟိုဌာန၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့ | ကောင်းမွန် | | | | | |
| ၃ | ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့ | ကောင်းမွန် | | | | | |

လေထုအရည်အသွေးညွှန်းကိန်း (Air Quality Index – AQI)

| | |
|---|---|
| 0–50 | လေထုအရည်အသွေးကောင်းမွန်သောအဆင့် |
| 51–100 | လက်ခံနိုင်သော လေထုအရည်အသွေးရှိသည့်အဆင့် |
| 101–150 | ခံနိုင်ရည်နည်းပါးသောသူများအတွက်သာ ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 151–200 | ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 201–300 | ကျန်းမာရေးကို အလွန်ထိခိုက်စေနိုင်သောအဆင့် |
| 301–500 | ကျန်းမာရေးအတွက် ဘေးအန္တရာယ်ရှိသောအဆင့် |

လေထုအပူချိန်၊ လေတိုက်နှုန်း၊ လေတိုက်ခတ်ရာလမ်းကြောင်း၊ စိုထိုင်းမှု၊ မိုးရွာသွန်းမှု အခြေအနေ၊ မော်တော်ယာဉ်အသုံးပြုမှုအခြေအနေ၊ ပူပြင်းခြောက်သွေ့မှုကြောင့် ဖုန်မှုန့်ပျံ့လွင့်မှု၊ စက်ရုံများမှ ထုတ်လွှတ်အခိုးအငွေ့များ ထုတ်လွှတ်မှုအခြေအနေနှင့် ဝန်းကျင်လေထုအရည်အသွေး တိုင်းတာသည့်နေရာ အနီးဝန်းကျင်အခြေအနေတို့အပေါ်မူတည်၍ တိုင်းတာရရှိသည့် ဝန်းကျင်လေထုအရည်အသွေးရလဒ်များသည် ပြောင်းလဲမှုရှိနိုင်ပါကြောင်း သုံးသပ်ရရှိပါသည်။

**ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန**

❍ ကျောဖုံးမှ
မြန်မာပြည်အထက်ပိုင်း၊ အောက်ပိုင်းနှင့် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်သည့် နယ်စပ်ဒေသများသို့ တင်ပို့ပြီး လက်ရှိတွင် ငါးအစာစရိတ် မြင့်မားလာမှုနှင့် နွေရာသီမရောက်မီ ငါးကန်အပြိုင်ဖော်မှုတို့ကြောင့် ဧရာဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့မှ ဝင်ရောက်သော ရေချိုထွက်ကုန်များ ရွှေပိတောက်ငါးဈေးသို့ အဆက်မပြတ်ဝင်ရောက်လျက်ရှိကာ စက်သုံးဆီကဏ္ဍ၊ လမ်းပန်းဆက်သွယ်ရေးနှင့် ပြည်ပပို့ကုန်ကဏ္ဍတို့၌ အခက်အခဲများရှိနေသည်။

ထိုသို့ ရေချိုထွက်ကုန်များ နေ့စဉ်ဝင်ရောက်မှုကြောင့် ရွှေပိတောက်ငါးဈေးအတွင်း လက်ကားဒိုင်များက ပြည်ပပို့ကုန်အဖြစ် အအေးခန်းစက်ရုံများသို့လည်းကောင်း၊ နိုင်ငံတစ်ဝန်းသို့ လည်းကောင်း၊ ရန်ကုန်မြို့ရှိ မြို့နယ်ဈေးများသို့လည်းကောင်း ဖြန့်ချိတင်ပို့လေ့ရှိပြီး ယခုအခါ ပြည်ပပို့ကုန်မှာကြားမှုရပ်နားထားခြင်း၊ နိုင်ငံတစ်ဝန်း ရေချိုထွက်ကုန်တင်ပို့မှု လျော့နည်းလာခြင်းနှင့် မြို့နယ်များရှိ ဈေးများ၌ ရေချိုထွက်ကုန်စားသုံးမှု ကျဆင်းလာခြင်းတို့ကြောင့် ရောင်းလိုအားနှင့် ဝယ်လိုအား မမျှတမှုကို ကြုံတွေ့လာရခြင်းဖြစ်သည်။

“ဒီလထဲမှာ ငါးဈေးကို နေ့စဉ်ငါးအဝင်များတယ်။ တစ်နေ့ကို ကားအစီးရာကျော်ဝင်နေတာ။ ကုန်အဝင်များပြီး အရောင်းအဝယ်အေးတယ်လို့ပြောရမှာပါ။ ဘာကြောင့်လဲဆိုတော့ ဒီလအတွင်းမှာ ပြည်ပပို့ကုန်မရှိဘူး။ ပြည်တွင်းကိုဖြန့်ဖြူးရာမှာလည်း ရောင်းလိုအားထက် ဝယ်လိုအားနည်းနေတော့ ဈေးကွက်ထိန်းလို့ မရဘူးဖြစ်နေတယ်။ အဓိက ပြည်တွင်းစားသုံးမှုထက် ရောင်းလိုအားက ပိုများနေတယ်လို့ ပြောရမှာပါ။ ကုန်ဈေးနှုန်းကြောင့် ငါးစားသုံးမှု လျော့နည်းလာချိန်မှာ ငါးအဝင်များနေတာကြောင့် ဝယ်လိုအားနဲ့ရောင်းလိုအား မမျှဘူးဖြစ်နေတာ။ ဒီနှစ်မှာ ငါးအဝင်ပိုများလာတာက အစာဈေးမြင့်တက်နေပြီး ငွေရှိပေမယ့် ဖွဲနု/ပဲဖတ်ဝယ်ဖို့ ကုန်ကြမ်းရှားလာတာကြောင့် ဆက်ပြီး မမွေးချင်လို့ ရတဲ့ဈေးနဲ့ကန်ဖော်တာ၊ ပြီးတော့ ဧပြီလအပူဒဏ်ကြောင့် ငါးသေဆုံးမှုမရှိအောင် ဒီလထဲမှာ ကန်ဖော်ပြီးရောင်းကြတဲ့အတွက် ငါးဈေးကို ရေထွက်ကုန်တွေအဆက်မပြတ်ဝင်နေတာပါ။ ငါးဈေးကွက်ကျဉ်းလာတဲ့အပေါ် တွန်းပြီးရောင်းနေရတဲ့သဘောရှိတယ်။ ဆက်မွေးလို့ အဆင်မပြေတဲ့သူတွေ ကန်တွေရှင်းပြီး ဖော်တာများတဲ့အတွက် ရွှေပိတောက်ငါးဈေးကို ရေထွက်ကုန် အဆက်မပြတ်ဝင်နေပြီး နောက်ပိုင်း ငါးအဝင်ပါးသွားမယ်၊ ငါးဈေးမြင့်တက်နိုင်တဲ့သဘောရှိပါတယ်”ဟု ရွှေပိတောက် ငါးဈေးမှ ဈေးသာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးအေးကိုက ပြောသည်။

ရွှေပိတောက်ငါးဈေးသို့ ရေချိုထွက်ကုန် တစ်ရက်လျှင် ကုန်ချိန်သုံးသိန်းခွဲကျော်ဝင်ရောက်လျက်ရှိပြီး ငါးမြစ်ချင်း၊ ငါးကြင်း၊ ငါးတန်၊ ငါးမုတ်၊ ငါးခေါင်းပွ၊ ငါးရံ့၊ ငါးခူ၊ ငါးကျည်း၊ ကကတစ် အပါအဝင် ရေချိုငါးအမယ် ၃၀ ကျော် ဝင်ရောက်လျက်ရှိသည်။ ဝင်ရောက်လာသော ငါးများကို ပြည်တွင်းဈေးကွက်အတွင်း ရသမျှဈေးဖြင့် ဖြန့်ချိလျက်ရှိပြီး ပြည်ပပို့ကုန်အရွယ်အစားမွေးမြူမှု လျော့နည်းလာခြင်း၊ ပြည်ပပို့ကုန်ရပ်နားထားခြင်း၊ အစာစရိတ်ကြောင့် မွေးမြူမှုရပ်နားလာခြင်း၊ အရွယ်မတိုင်မီငါးများ ဈေးကွက်သို့အဆက်မပြတ် ဝင်ရောက်နေခြင်းနှင့် အစာဈေးမြင့်တက်မှုကြောင့် မွေးမြူမှုကျဆင်းလာခြင်းတို့သည် နှစ်ကုန်ပိုင်းနှင့် လာမည့်နှစ်ဆန်းပိုင်းတို့၌ ရေချိုထွက်ကုန်ထုတ်လုပ်မှု ကျဆင်းသွားနိုင်ကြောင်း မွေးမြူရေးတောင်သူများက ခန့်မှန်းထားသည်။

**သတင်း–ဥသ၊ ဓာတ်ပုံ–ကိုလွင်**



## မင်းဘူးမြို့၌ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး လက်တွေ့သရုပ်ပြ

**မင်းဘူး မတ် ၁၇**

မကွေးတိုင်းဒေသကြီး မင်းဘူးမြို့၌ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး လက်တွေ့သရုပ်ပြလေ့ကျင့်ပညာပေးခြင်း လုပ်ငန်းများကို ယမန်နေ့က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံး၌ ဆောင်ရွက်သည်။

**အသိပညာပေးဆောင်ရွက်**

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ အမှုဆောင်အရာရှိ ဦးနေမန်းနှင့် ခရိုင်မီးသတ်ဦးစီးမှူး ဦးထွန်းထွန်းတို့ဦးဆောင်၍ ခရိုင်နှင့်မြို့နယ်မီးသတ်ဦးစီးဌာနမှ သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များက မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံးတွင် ပွင့်လင်းရာသီ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများနှင့်ပတ်သက်ပြီး အသိပညာပေးဆောင်ရွက်ခြင်း၊ ဌာနဆိုင်ရာရုံး၊ အဆောက်အအုံများအတွင်း မီးဘေးလုံခြုံရေးစစ်ဆေးခြင်းများဆောင်ရွက်ပြီး ဝန်ထမ်းများအနေဖြင့် ရုံးတက်၊ ရုံးဆင်းချိန်၌ လျှပ်စစ်မီးများကို သတိပြုသုံးစွဲရေး အကြံပြုဆွေးနွေး မှာကြားသည်။

**မောင်မောင်(မင်းဘူး)**

## အားလုံးကို ကျော်ဖြတ်ကြမယ် ရုပ်သံဇာတ်လမ်းတွဲ ရန်ကုန်မြို့ သုဝဏ္ဏအားကစားရုံ(၁)၌ ဆက်လက်ရိုက်ကူးလျက်ရှိ

**နေပြည်တော် မတ် ၁၇**

မြန်မာ–ကိုရီးယား ချစ်ကြည်ရေးနှင့် ယဉ်ကျေးမှုဖလှယ်ရေး အစီအစဉ်အဖြစ် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် ကိုရီးယားနိုင်ငံ KK Media Co.,Ltd တို့ ပူးပေါင်း၍ “အားလုံးကို ကျော်ဖြတ်ကြမယ်” (All Pass) လူငယ်ဒရာမာ ရုပ်သံဇာတ်လမ်းတွဲကို မတ် ၁၇ ရက်တွင် ရန်ကုန်မြို့ သုဝဏ္ဏအားကစားရုံ(၁)တွင် ရိုက်ကူးရေး ဆက်လက် ဆောင်ရွက်လျက်ရှိသည်။ နာမည်ကျော် ကိုရီးယားဒါရိုက်တာ–ရှင်ကီဝန်း ဦးဆောင်၍ ကိုရီးယား သရုပ်ဆောင် ၁၃ ဦး၊ မြန်မာသရုပ်ဆောင် ၁၁ ဦးတို့ဖြင့် ရန်ကုန်မြို့ရှိ အထင်ကရနေရာများတွင် ဖေဖော်ဝါရီ ၂၆ ရက်မှ မတ်လကုန်အထိ ရိုက်ကူးရေး ဆောင်ရွက်လျက်ရှိရာ ရန်ကုန်မြို့



နိုင်ငံခြားဘာသာ တက္ကသိုလ်နှင့် သထုံလမ်းရှိ နိုင်ငံခြားဘာသာ တက္ကသိုလ် အဆောက်အအုံတို့တွင်လည်း ရိုက်ကူးခဲ့ပြီးဖြစ်သည်။

**ထုတ်လွှင့်ပြသ**

အဆိုပါ ရုပ်သံဇာတ်လမ်းတွဲကို မြန်မာ–ကိုရီးယား နှစ်နိုင်ငံ သံတမန်ဆက်ဆံရေး နှစ်(၅၀) ပြည့်ကာလကို ဂုဏ်ပြုသောအားဖြင့် မြန်မာ–ကိုရီးယား နှစ်နိုင်ငံ ယဉ်ကျေးမှုဖလှယ်နိုင်ရန်၊ လူငယ်များ အတွေးအခေါ်မှန်ကန်ပြီး ဘဝအောင်မြင်ရေးအတွက် အရည်အချင်း တိုးမြင့်လာစေရန်နှင့် စိတ်ခွန်အားပေးနိုင်ရန် ရည်ရွယ်ချက်တို့ဖြင့် ရိုက်ကူးခြင်းဖြစ်ပြီး မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် ကိုရီးယားနိုင်ငံ IHQ Channel တို့တွင် ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

❖ အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။
❖ အွန်လိုင်းလောင်းကစား ကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

## MNL ချန်ပီယံဆုအတွက် အဆုံးအဖြတ် မိနစ် ၉၀

၂၀၂၅-၂၀၂၆ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပြီးဆုံးတော့မည်ဖြစ်ပြီး နောက်ဆုံးပွဲစဉ်နှင့်အတူ ချန်ပီယံဆုအဆုံးအဖြတ်ပွဲကို မတ် ၁၈ ရက် ညနေ ၃ နာရီခွဲတွင် တစ်ချိန်တည်းကျင်းပမည်ဖြစ်ပြီး ချန်ပီယံဆုကို ရှမ်းယူနိုက်တက်အသင်း ထပ်မံရယူနိုင်မလား၊ ရန်ကုန်ယူနိုက်တက်အသင်း တစ်ကျော့ပြန်ဗိုလ်စွဲမလား အဖြေထုတ်ပေးမည်ဖြစ်သည်။

ချန်ပီယံဆုအတွက် တစ်မှတ်အကွာဖြစ်နေသည့် လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်းနှင့် ရန်ကုန်ယူနိုက်တက်အသင်းတို့ အပြိုင်ဖြစ်နေပြီး ရှမ်းယူနိုက်တက်အသင်းက ၅၅ မှတ်၊ ရန်ကုန်ယူနိုက်တက်အသင်းက ၅၄ မှတ်ရရှိထားသည်။ တစ်မှတ်အသာရထားသည့် ရှမ်းယူနိုက်တက်အသင်းသည် ချန်ပီယံအိပ်မက်ကို ကိုယ်တိုင်အကောင်အထည်ဖော်ခွင့်ရှိနေပြီး အနိုင်ကစားရုံဖြင့် ချန်ပီယံဖြစ်မည်ဖြစ်ပြီး ရန်ကုန်ယူနိုက်တက်အသင်းမှာမူ အနိုင်ရရန်အပြင် ရှမ်းယူနိုက်တက်အသင်း ခြေချော်မှသာ မျှော်လင့်နိုင်မည်ဖြစ်သည်။

နောက်ဆုံးပွဲအဖြစ် တောင်ကြီးကွင်း၌ ရှမ်းယူနိုက်တက်အသင်းနှင့် ဟံသာဝတီယူနိုက်တက်အသင်း၊ YUSC ကွင်း၌ ရန်ကုန်ယူနိုက်တက်အသင်းနှင့် ဒဂုံစတားယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ရှမ်းယူနိုက်တက်အသင်းသည် ယခုရာသီတွင် ထပ်မံဗိုလ်စွဲပါက စံချိန်တင်အောင်မြင်မှုများ ထပ်မံရယူနိုင်မည်ဖြစ်ပြီး အအောင်မြင်ဆုံးဂုဏ်ပုဒ်၊ ရာပြည့်ရှုံးပွဲမရှိစံချိန်၊ တစ်ရာသီလုံးရှုံးပွဲမရှိစံချိန်များပိုင်ဆိုင်မည်ဖြစ်သည်။ နိုင်ပွဲရယူပြီး ချန်ပီယံဆုရယူနိုင်ပါက ပွဲ ၁၀၀ ပြည့်ရာပြည့်ရှုံးပွဲမရှိစံချိန်နှင့်အတူ သမိုင်းတွင်မည့် အောင်မြင်မှုတစ်ခု ထပ်မံရယူနိုင်မည်ဖြစ်သည်။ ထို့ပြင် စံချိန်တင်အောင်မြင်မှုများစွာပိုင်ဆိုင်ခွင့်ရမည်ဖြစ်ပြီး MNL အမှတ်ပေးချန်ပီယံဆုကို အကြိမ်အများဆုံးအဖြစ် ခုနစ်ကြိမ်မြောက်နှင့် ခြောက်ရာသီဆက်တိုက်ရရှိမည်ဖြစ်သည်။ ရှမ်းပြည်နယ်ဂုဏ်ဆောင် ရှမ်းယူနိုက်တက်အသင်းသည် လက်ရှိ MNL ဘောလုံးသမိုင်းတွင် အအောင်မြင်ဆုံးအသင်းအဖြစ်ရပ်တည်နေပြီး ယခုရာသီတွင်သာ ထပ်မံဗိုလ်စွဲပါက သမိုင်းသစ် ထပ်မံရေးထိုးနိုင်မည်ဖြစ်သည်။ ထို့ပြင် ယခုရာသီတွင် တစ်ရာသီလုံး ရှုံးပွဲမရှိပါက တစ်ရာသီလုံးရှုံးပွဲမရှိစံချိန်ဖြင့် အမှတ်ပေးချန်ပီယံဆုကို ငါးကြိမ်မြောက်နှင့် နောက်ဆုံးလေးရာသီဆက်တိုက်ရယူနိုင်မည့် စံချိန်သစ်လည်း ထပ်မံပိုင်ဆိုင်မည်ဖြစ်သည်။ ရန်ကုန်ယူနိုက်တက်အသင်းမှာမူ ချန်ပီယံဆုမျှော်လင့်ချက်အတွက် နောက်ဆုံးပွဲတွင်အနိုင်ရရန် လိုအပ်သလို ရှမ်းယူနိုက်တက်အသင်း ခြေချော်မှသာ မျှော်လင့်နိုင်မည်ဖြစ်သည်။

ရန်ကုန်ယူနိုက်တက် အသင်းသည် ၂၀၁၈ ရာသီတွင် MNL အမှတ်ပေးချန်ပီယံဆုရယူပြီးနောက် နောက်ဆုံးငါးရာသီ ဆက်တိုက် ချန်ပီယံဆုနှင့် ဝေးကွာလျက်ရှိသည်။ ယခင်က MNL ပြိုင်ပွဲ၏ အအောင်မြင်ဆုံးဂုဏ်ပုဒ်ကို ပိုင်ဆိုင်ခဲ့ဖူးသည့် ရန်ကုန်ယူနိုက်တက်အသင်းသည် ပြီးခဲ့သည့်ရာသီတွင် ရှမ်းယူနိုက်တက်အသင်းအား အအောင်မြင်ဆုံးဂုဏ်ပုဒ်ကို လွှဲပြောင်းပေးခဲ့ရခြင်းဖြစ်သည်။ ရန်ကုန်ယူနိုက်တက်အသင်းသည် ချန်ပီယံမျှော်လင့်ချက်အတွက် ရှမ်းယူနိုက်တက်အသင်းထက် အခွင့်အရေးနည်းသော်လည်း ချန်ပီယံအိပ်မက်ရှင်သန်နေသေးရာ ၂၀၂၅-၂၀၂၆ ရာသီ MNL အမှတ်ပေးချန်ပီယံအသင်းကို မည်သည့်အသင်း ဆွတ်ခူးမလဲဆိုတာ မတ် ၁၈ ရက်တွင် အဖြေထွက်ပေါ်မည်ဖြစ်သည်။

**သတင်း-ရှိုင်းထက်ဇော်**

## ကျေးဇူးတင်လွှာ

၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲနှင့် ၂၀၂၆ ခုနှစ် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး တက္ကသိုလ်ဝင်စာမေးပွဲများကို (၁၁-၃-၂၀၂၆) ရက်နေ့မှ (၁၈-၃-၂၀၂၆)ရက်နေ့အထိ မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ စာစစ်ဌာနများ၌ အောင်မြင်စွာ ကျင်းပပြုလုပ်ခဲ့ရာ စာမေးပွဲမတိုင်မီနှင့် စာမေးပွဲကာလတစ်လျှောက်လုံး အဆင်ပြေချောမွေ့စွာ ပြီးမြောက်စေရန် ဝိုင်းဝန်းကူညီပံ့ပိုးပေးခဲ့ကြသည့် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ကာကွယ်ရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာန၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာနစသည့် ဝန်ကြီးဌာနအသီးသီးတို့မှ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးမှ အစိုးရအဖွဲ့ဝန်ကြီးချုပ်များနှင့် ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ၊ တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဆရာဝန်များ၊ သူနာပြုများ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ပရဟိတအဖွဲ့သားများ၊ တက္ကသိုလ်အသီးသီးမှ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်နှင့် ဆရာ ဆရာမများ၊ ပညာရေးဒီဂရီကောလိပ်များမှ ကျောင်းအုပ်ကြီးများ၊ ဒုတိယကျောင်းအုပ်ကြီးများ၊ ဆရာ ဆရာမများ၊ အခြေခံပညာဦးစီးဌာနမှ တိုင်းဒေသကြီး/ပြည်နယ် ပညာရေးမှူးများ၊ ခရိုင်ပညာရေးမှူးများ၊ မြို့နယ်ပညာရေးမှူးများ၊ ကျောင်းအုပ်ကြီးများ၊ ဆရာ ဆရာမများနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ ကျောင်းသား၊ ကျောင်းသူများ၊ ကျောင်းသားမိဘများ၊ ရပ်မိရပ်ဖများနှင့် အခြားကျေးဇူးတင်ထိုက်သူများအားလုံးကို ပညာရေးဝန်ကြီးဌာနမှ လှိုက်လှဲစွာ ဂုဏ်ပြုကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

**ပညာရေးဝန်ကြီးဌာန**

## အောင်လံမြို့နယ်၌ မီးဘေးအန္တရာယ် မဖြစ်ပေါ်စေရေးဆောင်ရွက်

**အောင်လံ မတ် ၁၇**



မကွေးတိုင်းဒေသကြီး အောင်လံမြို့နယ်တွင် လျှပ်စစ်မီးပေါ့ဆမှုကြောင့် မီးဘေးအန္တရာယ်မဖြစ်ပေါ်စေရေး ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို မြို့နယ်အဆင့်ဌာနဆိုင်ရာများပူးပေါင်း၍ မြို့ပေါ်နှင့် ကျေးရွာအုပ်စုအတွင်း လူနေထူထပ်သည့်ရပ်ကွက်များ၊ ကျေးရွာလူနေအိမ်များကို ဦးစားပေးစစ်ဆေး ဆောင်ရွက်ခြင်းကို ယနေ့နံနက်ပိုင်းတွင် ကွင်းဆင်းစစ်ဆေးဆောင်ရွက်သည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးလှရွှေ၊ အဖွဲ့ဝင်(၁) ဗိုလ်မှူးဖြိုးဝေဇော်၊ အဖွဲ့ဝင်(၂)ဦးတင်ထွန်းတာ၊မြို့နယ်မီးသတ်ဦးစီးမှူး ဦးထက်ဇော်မင်းနှင့် သန္ဓေ/အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်၊ လမ်းဦးစီးဌာန၊ လျှပ်စစ်ဌာနဝန်ထမ်းများနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများက မီးဘေးလုံခြုံရေးလုပ်ငန်းများ စစ်ဆေးဆောင်ရွက်ရာတွင် စနစ်တကျ အောင်မြင်မှုရှိစေရန်အတွက် ကွင်းဆင်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ကိုခန့်**

## မကွေးမြို့၌ မီးဘေးလုံခြုံရေးအသိပညာပေးခြင်းနှင့် မီးငြိမ်းသတ်မှုလက်တွေ့သရုပ်ပြသခြင်း ဆောင်ရွက်

**မကွေး မတ် ၁၇**



မကွေးတိုင်းဒေသကြီး မကွေးမြို့နယ် နွားကူးကျေးရွာ ကောင်းမွန်မုန့်စက်ရုံ၌ မီးဘေးလုံခြုံရေး အသိပညာပေးခြင်းနှင့် မီးငြိမ်းသတ်မှုလက်တွေ့ သရုပ်ပြသခြင်းကို ယမန်နေ့ မွန်းလွဲပိုင်းက ဆောင်ရွက်ခဲ့ရာ မကွေးခရိုင်မီးသတ်ဦးစီးမှူး ဦးသန့်စင်က မီးဘေးလုံခြုံရေးနှင့်စပ်လျဉ်း၍ မီးလောင်မှုဖြစ်ပွားစေသော အကြောင်းရင်းများ၊ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အကြောင်းများကို ရှင်းလင်းပြောကြားသည်။

**ရှင်းလင်းပြောကြား**

ထို့နောက် မကွေးခရိုင် မီးသတ်ဦးစီးမှူးဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင်များက ရှေးဦးမီးငြိမ်းသတ်ရေးပစ္စည်းဖြစ်သော မီးသတ်ဆေးဘူးကို နည်းစနစ်မှန်ကန်စွာ ကိုင်တွယ် အသုံးပြုတတ်စေရေးအတွက် ရှင်းလင်းပြောကြားခြင်း၊ မီးငြိမ်းသတ်မှု လက်တွေ့သရုပ်ပြခြင်းများကို ဇာတ်တိုက်လေ့ကျင့်ပြသပေးရာ ကောင်းမွန်မုန့်စက်ရုံဝန်ထမ်းများက အတူတကွပါဝင်ဆောင်ရွက်ခဲ့ကြသည်။

**ခရိုင်(ပြန်/ဆက်)**

❂ MNL မှ

နှစ်သင်းစလုံး ပထမပိုင်းတွင် အပြန်အလှန်သွင်းဂိုးများ သွင်းယူနိုင်သော်လည်း ဒုတိယပိုင်းတွင် ဂိုးထပ်သွင်းယူနိုင်ခြင်းမရှိခဲ့ပေ။ မဟာယူနိုက်တက်အသင်းအတွက် ဂိုးများကို ၁၈၊ ၄၅+၂ မိနစ်တွင် ပက်ထရစ်က သွင်းယူပြီး ဧရာဝတီယူနိုက်တက်အသင်းအတွက် ချေပဂိုးကို ၂၇ မိနစ်တွင် သီဟာက သွင်းယူခဲ့သည်။

သန်လျင်သီဟဒီပကွင်း၌ ကျင်းပသည့်ပွဲတွင် သစ္စာအားမာန်အသင်းက ရာမညယူနိုက်တက်အသင်းကို ငါးဂိုးပြတ်အနိုင်ရခဲ့သည်။ သစ္စာအားမာန်အသင်းသည် တန်းဆင်းသွားရပြီဖြစ်သည့် ဇယားအောက်ဆုံးမှ ရာမညယူနိုက်တက်အသင်းကို ဂိုးပြတ်သွင်းပြီး ဂိုးပြတ်နိုင်ပွဲဖြင့် ရာသီပိတ်သိမ်းခဲ့သည်။ သစ္စာအားမာန်အသင်းအတွက် အနိုင်ဂိုးများကို ၁၁၊ ၂၀ မိနစ်တွင် ပြည့်စုံအောင်၊ ၂၄၊ ၉၀+၃ မိနစ်တွင် ရှိုင်းဝဏ္ဏအောင်၊ မိနစ် ၅၀ တွင် မြတ်ဘုန်းခန့်တို့က သွင်းယူခဲ့သည်။

ပွဲစဉ် (၂၂) နောက်ဆုံးနေ့ကို မတ် ၁၈ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး တောင်ကြီးကွင်း၌ ရှမ်းယူနိုက်တက်အသင်းနှင့် ဟံသာဝတီယူနိုက်တက်အသင်း၊ YUSC ကွင်း၌ ရန်ကုန်ယူနိုက်တက်အသင်းနှင့် ဒဂုံစတားယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**သတင်း - ကိုညီလေး**

**ဓာတ်ပုံ - MNL**

## အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်ရှား

**နေပြည်တော် မတ် ၁၇**

ယနေ့မွန်းလွဲ ၁ နာရီ ၈ မိနစ် ၄၆ စက္ကန့်တွင် တမူးမြေငလျင်စခန်းမှ မြောက်ဘက် ၅၄ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံ ပြည်ပ (Myanmar–India Border Region)၊ မြောက်လတ္တီတွဒ် ၂၅ ဒသမ ၀၁ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒသမ ၂၇ ဒီဂရီ၊ အနက် ၂၈ ကီလိုမီတာကို ဗဟိုပြု၍ အင်အားရစ်(ခ်)တာစကေး ၄ ဒသမ ၁ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။

**မိုး/ဇလ**

ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍
အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ကြပါစို့




## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

